# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၂၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၉-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့အစည်းအဝေးသို့ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေဦး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၃ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းကိုဦး ခွင့် ၁ ရက်၊

(၆) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၇) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၉) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်နှင့်

(၁၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အခြေခံဆရာဆရာမများ သင်ကြားမှုစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ဦးစွာ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ ဖြစ်ပါတယ်။ အခြေခံပညာ ဆရာဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရေးနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ပညာရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ အခြေခံပညာကဏ္ဍမှာ ပညာရည်မြင့်မားရေးအတွက် အဖက်ဖက်မှမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရုပ်ပိုင်းဆိုင်ရာများအနေနဲ့ဖြင့် အတော်အသင့်ပြည့်စုံကောင်းမွန်လာပြီဖြစ်ပါတယ်။ သို့သော်လည်း စိတ်ပိုင်းဘဝဖြစ်တဲ့ ကျောင်းသားများရဲ့ အရည်အသွေးပြည့်မီရေးဟာ များစွာလိုအပ်နေပါတယ်ဆိုတာကိုလည်း တွေ့ရှိနေရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနည်းပါးသေးတဲ့ တိုင်းရင်းသားများရဲ့ဒေသများမှာ အကြောင်းအမျိုးမျိုးကြောင့် ပိုပြီးတော့မှ အားနည်းနေပါတယ်။ အရည်အသွေးရှိတဲ့ သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးတဲ့နေရာမှာ သင်ကြားရေးကို အဓိကတာဝန်ယူရတဲ့ ဆရာဆရာမများရဲ့ အရည်အသွေးပြည့်မီရေးဟာလည်း အရေးပါတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ဆရာဆရာမများဟာ သတ်မှတ်အရည်အချင်း ပြည့်စုံရမယ့်အပြင် ဝါသနာ၊ စေတနာနှင့်အတူ ပြောင်းလဲလာတဲ့ခေတ်အခြေအနေနှင့်အညီ အတွေးအခေါ်ခံယူချက်များလည်း ပြောင်းလဲရန်လိုအပ်မှာဖြစ်ပါတယ်။ အရည်အချင်းဆိုတဲ့နေရာမှာလည်း စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ သို့မှသာ သင်ကြားမှုစွမ်းရည် အစဉ်မြင့်မားနေမှာဖြစ်ပါတယ်။ ပညာရေးဌာနအနေနဲ့ ဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ပေးခြင်းကိုလည်း ပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုပြုလုပ်ပေးခြင်းအားဖြင့် ဆရာ ဆရာမများရဲ့ အရည်အသွေးဟာ ပိုမိုပြည့်ဝလာပြီး လူသစ်စိတ်သစ်နဲ့ မိမိရဲ့အလုပ်အပေါ် မြတ်နိုးဂုဏ်ယူစိတ်များကိန်းအောင်းလာပြီး ပညာရေးအတွက်လည်း ကြီးမားတဲ့ခွန်အားတစ်ရပ်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီပညာရေးဌာနကပြုလုပ်နေတဲ့ ဆွေးနွေးပွဲများ၊ ဉာဏ်သစ်လောင်းသင်တန်းများ၊ ဘာသာရပ်မွမ်းမံသင်တန်းများနှင့် မူလတန်းအဆင့် CCA သင်တန်း စသည်တို့ ပြုလုပ်နေတဲ့အခါမှာ တချို့ဥပမာဆိုလို့ရှိရင် အလယ်တန်းအဆင့်မှာဆိုလို့ရှိရင် နည်းနည်း တချို့သင်တန်းမရတဲ့ ဆရာဆရာမတွေရှိပါတယ်။ ကျွန်မအနေနဲ့ ဖြစ်စေချင်တာကတော့ အခြေခံပညာထက်၊ လယ်၊ မူ အဆင့်အားလုံးမှာ

ဘာသာရပ်အားလုံး လွှမ်းခြုံမှုရှိဖို့လိုအပ်မယ်လို့ထင်ပါတယ်။ သို့ပါ၍ အခြေခံပညာ ဆရာဆရာမများ သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဖွဲ့ အစည်းဝင်များ၊ ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်နန်းနွံရဲ့ အခြေခံပညာ ဆရာဆရာမများ သင်ကြားမှုစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများကို အတန်းစုံ၊ ဘာသာစုံ၊ နှစ်စဉ် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ပညာရေး မြှင့်တင်မှုအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အခါမှာ ကျွန်တော်တို့ အခြေခံတြိဂံမှာပါတဲ့ ကျွန်တော်တို့ ကျောင်းသားမိဘဆရာများမှာ ဆရာရဲ့အရည်အသွေးနဲ့ပတ်သက်ပြီး စပ်လျဉ်းပြီးမေးတဲ့ မေးခွန်းဖြစ်တဲ့အတွက် မေးခွန်းမေးမြန်းတဲ့ကိုယ်စားလှယ်ကြီးကိုလည်း ပဏာမဦးစွာ ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အခြေခံပညာ ကဏ္ဍမှာ ဆရာဆရာမများရဲ့ သင်ကြားမှုအရည်အသွေးမြင့်မားရေးအတွက် ၂၀၁၂-၂၀၁၅ ခုနှစ် အတွင်းမှာ မူလတန်းအဆင့် ဆရာဆရာမတိုင်း ကလေးဗဟိုပြု ချဉ်းကပ်မှုသင်ယူမှုဆိုင်ရာ သင်ကြား နည်းစနစ်များကို တတ်မြောက်စေရန် ဒီနေရာမှာတော့ နည်းနည်းအင်္ဂလိပ်လို သုံးခွင့်ပြုပါခင်ဗျား။ (Child Centred Approach-CCA) လို့အတိုကောက် နောက်ပိုင်းမှာ ကျွန်တော် သုံးနှုန်းတင်ပြပါမယ်။ သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပါတယ်။ အဲ့ဒီသင်တန်းတွေကို ဘယ်လိုဖွင့်လှစ်ပေးသလဲဆိုရင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်ဆိုပြီး သတ်မှတ်ပြီးတော့ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ မြို့နယ်ပေါင်း ၉၃ မြို့နယ်မှာလည်း

ကောင်း၊ ၂၀၁၃ ခုနှစ်မှာ ၈၅ မြို့နယ်မှာလည်းကောင်း၊ ၂၀၁၄ ခုနှစ်မှာ ၇၂ မြို့နယ်မှာလည်းကောင်း ဖွင့်လှစ်သင်ကြား ပို့ချနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မြို့နယ် ၈၀ နဲ့ အဆိုပါနည်းစနစ်သင်ကြားမှု အားနည်းတဲ့မြို့နယ် ၃၀ စုစုပေါင်း မြို့နယ် ၁၁၀ မှာ ဘာသာရပ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဖွင့်လှစ်သင်ကြားပြီးတဲ့အခါမှာလည်း ပြန်လည်ပြီးတော့၊ စိစစ်ပြီးတော့ အားနည်းချက်၊ အားသာချက်များကို ပြန်လည်စိစစ်ပြီးတော့ ပြုပြင်ပို့ချနေတာတွေလည်း ရှိပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်ကနေပြီး မေလ ၂၃ ရက်နေ့အထိ အခြေခံဦးစီးဌာနများအလိုက် နေ့စားလပေး မူလတန်းပြဆရာ ဆရာမများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းများကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အသစ်ဝင်ရောက်လာတဲ့ ဆရာ ဆရာမများအတွက် သင်တန်းပေးခြင်းကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပထမပိုင်းမှာ တင်ပြခဲ့တာကတော့ ကျွန်တော်တို့ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဆရာ ဆရာမများကို ဒါ သင်တန်းပေးတဲ့အနေအထားများ တင်ပြလိုခြင်းဖြစ်ပါတယ်လို့ ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုပါတယ်။ အဲ့ဒီတော့ စတင်ဝင်ရောက်လာတဲ့ မူလတန်းဆရာဆရာမတွေကို ကျွန်တော်တို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီး၊ မြို့နယ် ၁၈၈ မြို့နယ်မှာ ဘွဲ့ရခန့်ထားတဲ့ ၂၉၆၁၇ ဦးခန့်ကို ကျွန်တော်တို့ ဆရာအတတ်ပညာအခြေခံရရှိအောင် သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း တင်ပြလိုပါတယ်။ အဲ့ဒီအပြင် ပညာရေးကောလိပ်များမှာ အလယ်တန်းပြနှင့် မူလတန်းပြဆရာဆရာမများ သင်ကြားရေးမွမ်းမံသင်တန်းများကို ၂၀၀၇ ခုနှစ်မှာစတင်ပြီးတော့ ဖွင့်လှစ်ပေးခဲ့ရာမှာ အလယ်တန်းပြ ၂၄၀၂၄ ဦးနှင့် မူလတန်းပြဆရာ ၄၃၀၈၇ ဦးတို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါကြောင်း တင်ပြလိုပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ မူလတန်းပြဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားရေးအတွက် အခု ကျွန်တော်တို့ British Council နဲ့လည်း နားလည်မှုစာချွန်လွှာရေးထိုးပြီး နှစ်နှစ်ကြာ ဒီပညာရေးကောလိပ်များမှာ သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာစွမ်းရည်မြင့်မားရေးတင်မကဘဲနဲ့ သင်ရိုးညွှန်းတမ်း ဒါမှမဟုတ်ရင် သင်ရိုးမာတိကာစသည်ဖြင့် ဒါတွေကိုလည်း အကြံပြုပြီးတော့ ဆွေးနွေးသွားကြမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒါအပြင် အခြေခံပညာအထက်တန်းအဆင့်မှာတော့ ဒီ ၂၀၀၈ ခုနှစ်မှာစပြီးတော့ ကျွန်တော်တို့ ဘာသာရပ်ကျောင်းသုံးစာအုပ်များနှင့်အညီ ကျွန်တော်တို့ ဉာဏ်သစ်လောင်းသင်တန်းများကို တက္ကသိုလ်၊ ဒီဂရီကောလိပ် ၂၇ ခုမှာ ဖွင့်လှစ်ခဲ့ပြီးတော့ မြို့နယ်အလိုက် ဆင့်ပွားသင်တန်းများဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်၊ ဇဟို

အဆင့်နည်းပြသင်တန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ဆရာဆရာမပေါင်း ၁၃၀၆၆၂ ဦး တက်ရောက်ခဲ့ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ဆင့်ပွားသင်တန်းတွေဖြစ်ပါတယ်။

အဲ့ဒါအပြင် ရန်ကုန်ပညာရေးတက္ကသိုလ်မှာကြီးမှူးပြီးတော့ အခြေခံပညာမူလတန်းပြဆရာဆရာမများရဲ့ သင်ကြားမှုအရည်အသွေးမြင့်မားစေရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အခြေခံသိပ္ပံနှင့် လူမှုရေးဘာသာရပ်များဆိုင်ရာ နည်းပြသင်တန်းများကို ၂၀၁၄ ခုနှစ် မေလမှာ အခြေခံပညာဦးစီးဌာနများမှ မဟာပညာရေးဘွဲ့ရ ၃၁၅ ဦးနှင့် ပညာရေးကောလိပ်များမှ ဆရာဆရာမ ၁၀၅ ဦး စုစုပေါင်း ၄၂၀ ဦးတို့အား နည်းပြသင်တန်းဖွင့်လှစ်ပေးခဲ့ပါတယ်။ သူတို့ကနေပြီးတော့ ဆက်လက်ပြီးတော့ ဆင့်ပွားသင်တန်းများကို ကျွန်တော်တို့ ယခုနှစ် အောက်တိုဘာလမှာ ဆက်လက်ဖွင့်လှစ်သင်ကြားသွားမှာဖြစ်ပါတယ်။ ဒီလိုသင်တန်းများကို ဖွင့်လှစ်ရာမှာလည်း သင်ကြားသင်ယူမှုမထိခိုက်စေတဲ့ ကျောင်းပိတ်ရက်များမှာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာဆရာဆရာမများ သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်းများကို အတန်းစုံ၊ ဘာသာစုံ နှစ်စဉ် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ပညာရေးကောလိပ်များရဲ့ ဝင်ဆံ့အင်အားများကို တိုးချဲ့ပြီးတော့ အဆင့်မြှင့်ကာ လုပ်ငန်းခွင်ဆရာအတတ်သင်ပညာများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပလျက် ဆရာအတတ်သင်ပညာဖွံ့ဖြိုးမယ့် အစီအစဉ်များကို စဉ်ဆက်မပြတ်တိုးချဲ့လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ ကျွန်မ နည်းနည်း ဆက်စပ်မေးခွန်းလေးတစ်ခု မေးချင်ပါတယ်။ ဘာလဲဆိုတော့ ဒီသင်တန်းတွေကို ဖွင့်ပေးတဲ့အခါမှာ ဆရာဆရာမများဟာ တချို့က ရွာကနေပြီးတော့မှ မြို့နယ်အဆင့်ကို လာတက်ရတယ်။ တချို့က မြို့နယ်ကနေပြီးတော့မှ ပြည်နယ်/တိုင်းအဆင့်စသည်ဖြင့် သင်တန်းသွားတက်ရတဲ့အခါမှာ သူတို့ရဲ့ သွားလာရေး၊ နေထိုင်စားသောက်ရေးတချို့အခက်အခဲဖြစ်တာရှိပါတယ်။ အဲ့ဒါတွေကို သူတို့အဆင်ပြေစွာတက်ရောက်နိုင်ရေးအတွက် လိုအပ်တဲ့ဘတ်ဂျက်များကို ပြည့်ပြည့်စုံစုံချထားပေးဖို့အစီအစဉ်ရှိ/မရှိဆိုတာကို မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ယခု ကိုယ်စားလှယ်တော်ကြီးရဲ့ ဆက်စပ်မေးခွန်းကို ရှင်းလင်းဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ဒီကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ဟာလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း သိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီသင်တန်းများဖွင့်လှစ်ရာမှာ အဆင်ပြေချောမွေ့စေနိုင်ဖို့ အတတ်နိုင်ဆုံး ပံ့ပိုးကူညီဖို့အတွက် သက်ဆိုင်ရာအဆင့်ဆင့်တင်ပြပြီး ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်မှ မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်အကျိုးအတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအား ရည်ရွယ်ချက်ထားကာ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လူငယ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးနေတဲ့ ပညာရေးကဏ္ဍဟာ အဓိကအရေးကြီးသောအခန်းကဏ္ဍကြီးမှ ပါဝင်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍကြီးမှ မွေးထုတ်ပေးလိုက်သောအသိပညာရှင်၊ အတတ်ပညာရှင်များနဲ့ နိုင်ငံတော်ကြီးကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှ မွေးထုတ်ပေးလိုက်သောအသိပညာရှင်၊ အတတ်ပညာရှင်များရဲ့ စိတ်ဓာတ်နဲ့ အတွေးအခေါ်များ မှန်ကန်ရေးဟာလည်း အလွန်အရေးကြီးလှပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ ၃၃ မှာ နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်လို့ အတိအလင်းဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အဓိကအကောင်အထည်ဖော်ဆောင်ရွက်ကြမယ့် လူငယ်များရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးပုံတို့အား လူငယ်များသိရှိနားလည်သဘောပေါက်ရန် အထူးလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတာကတော့ မေးခွန်း(၁) လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုသည့် အနက်အဓိပ္ပာယ်အား ကျယ်ကျယ်ပြန့်ပြန့်ရှင်းရှင်းလင်းလင်း သိရှိလိုပါတယ်။ မေးခွန်း(၂) လူငယ်များမျိုးချစ်စိတ်ပပျောက်ပါကနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များအား သိရှိလိုပါတယ်။ မေးခွန်း(၃) လူငယ်များအတွေးအခေါ်မှန်ကန်ရေးဆိုသည့် အနက်အဓိပ္ပာယ်အားကျယ်ကျယ်ပြန့်ပြန့် ရှင်းရှင်းလင်းလင်းသိရှိလိုပါတယ်။ မေးခွန်း(၄) လူငယ်များ၏အတွေးအခေါ်များမမှန်ကန်ပါက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များအား သိရှိလိုပါတယ်။ မေးခွန်း(၅) ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အနက်အဓိပ္ပာယ်အား ကျယ်ကျယ်ပြန့်ပြန့်ရှင်းရှင်းလင်းလင်း သိရှိလိုပါတယ်။ မေးခွန်း(၆) လူငယ်များဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးများမရှိပါကနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက်ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်များအားသိရှိလိုပါတယ်။ မေးခွန်း(၇) လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ဆောင်ရွက်နေသည်တို့ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနမှ မေးခွန်းကိုလိုအပ်သလောက်သာဖြေကြားဖို့ ဖြစ်ပါတယ်။ အဓိပ္ပာယ်တွေဖွင့်ဆိုမယ်ဆိုရင် ဒီနေ့မေးခွန်းအချိန်နဲ့ ဘယ်လိုမှလုံလောက်မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ပညာရေးဝန်ကြီးဌာနကပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဦးအောင်မြင့်ရဲ့

လူငယ်များရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနဲ့ ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်း(၁) မျိုးချစ် စိတ်ဓာတ်ဆိုတာတော့ တိုင်းပြည်နဲ့ လူမျိုးကိုချစ်ခင်သောစိတ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲ့တော့ မေးခွန်း(၂)ကို ဆက်ပြီးပြောရမယ်ဆိုရင် မျိုးချစ်စိတ်ဓာတ်ကင်းမဲ့ရင် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းမရှိတော့ပါဘူးလို့ ရှင်းလင်းဖြေကြားလိုပါတယ်။ နောက်မေးခွန်း(၃) အနေနဲ့ အတွေးအခေါ်မှန်ကန်ရေးဆိုတာအကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်စွမ်းရှိပြီး မှန်ကန်စွာတွေးခေါ်နိုင်မှုကို ဆိုလိုပါတယ်။ လူတစ်ဦးတစ်ယောက်အတွက် အတွေးအခေါ်မှန်ကန်ရေး ဟာ အဓိကကျတဲ့အချက်ဖြစ်သလို လူတစ်ဦးတစ်ယောက်ကနေပြီး လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း တစ်ခုလုံးလည်းအကောင်းအဆိုး၊ အမှားအမှန်အဆုံးအဖြတ်ပေးနိုင်သွားမှာ ဖြစ်ပါတယ်။ မေးခွန်း(၄) အနေနဲ့ကတော့ လူငယ်များဟာအနာဂတ်ရဲ့ နိုင်ငံ့ခေါင်းဆောင်များဖြစ်ပါတယ်။ အတွေးအခေါ်မှန်ကန် ရေးဟာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးပါတယ်။ မှားယွင်းသော အတွေးအခေါ်အယူအဆဖြင့် ပြုမူမိသောလုပ်ဆောင်ချက်တစ်ရပ်ဟာတိုင်းပြည်နဲ့ လူမျိုးအတွက် ထိခိုက်နစ်နာစေတဲ့ ရလဒ်များဖြစ်ပေါ်စေနိုင်တဲ့အတွက် လူငယ်များရဲ့ အတွေးအခေါ်မှန်ကန်ရေးဟာ အလွန်ပင်အရေးကြီးလှပါတယ်။

မေးခွန်း(၅)ကိုဖြေရမယ်ဆိုရင် ဗလငါးတန်ဆိုတာ ကာယဗလကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှု၊ ဉာဏဗလဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ စာရိတ္တဗလကိုယ်ကျင့်တရားကောင်းမွန်မှု၊ မိတ္တဗလပေါင်းသင်း ဆက်ဆံရေးကောင်းမွန်မှု၊ ဘောဂဗလဒီနေရာမှာတော့ ကျွန်တော်တို့က ပစ္စည်းဥစ္စာကြွယ်ဝမှုလို့ ပြောတာနဲ့စာရင်တော့ Knowledge Base ဒီခေတ်ဖြစ်တဲ့အတွက် ဒါပညာရေးတတ်မြောက်မှုလို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြလိုပါတယ်။ မေးခွန်း(၆) အနေနဲ့ကတော့ ဗလငါးတန်မပြည့်စုံရင် ဘာတွေဖြစ်မလဲဆိုရင် ကျွန်တော်တို့ တွေးခေါ်မြော်မြင်နိုင်မှုမရှိခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အကျင့် စာရိတ္တပျက်ပြားခြင်း၊ မိတ်ကောင်းဆွေကောင်းကင်းမဲ့ခြင်းတို့ ဖြစ်လာပါမယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်ရဲ့အနာဂတ်ဟာ လူငယ်များရဲ့လက်မှာရှိနေတာဖြစ်တဲ့အတွက် လူငယ်များရဲ့ ဗလငါးတန်

ဖွံ့ဖြိုးမှုချို့တဲ့ပါက တိုင်းပြည်မှာလည်း အဖက်ဖက်ကအားနည်းယိုယွင်းလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ မေးခွန်းပထမပိုင်းဖြစ်ပါတယ်ခင်ဗျား။

ဒုတိယပိုင်းအနေနဲ့တော့ လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနဲ့ ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်မှာဆောင်ရွက်နေတဲ့အခြေအနေများကို ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အဲတော့ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ လူငယ်များမျိုးချစ်စိတ်ဓာတ်ပိုမိုရှင်သန်ထက်မြက်ရေး၊ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများတို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ ထိန်းသိမ်းနိုင်စေဖို့အတွက် တိုင်းရင်းသားရုပ်သံလိုင်းကို တိုင်းရင်းသားဘာသာ ၁၅ ဘာသာနဲ့ တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်ပေးရခြင်းဟာလည်း တိုင်းရင်းသားလူမျိုးများနဲ့ ဒါအားလုံးဟာမိမိတို့ရဲ့ ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းစဉ်လာတွေကို တစ်နိုင်ငံလုံးကိုသိရှိပြန့်နှံ့အောင် ဆောင်ရွက်နိုင်သကဲ့သို့ မိမိယဉ်ကျေးမှု၊ မိမိလူမျိုးတို့အပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်မျိုးပေါ်ပေါက်လာပါတယ်။ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးခြင်းနဲ့ အဲ့ဒီအစီအစဉ်ဟာလည်းပဲ ကျွန်တော်တို့ ဒီမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ ဒ့ါအပြင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးသီချင်းများကိုလည်း နေ့စဉ်အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ခုနက လူငယ်လူရွယ်များ အသိပညာမြင့်မားတိုးတက်လာပြီးတော့ ခုနကဗလငါးတန်ပြည့်ဝဖို့အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အဲ့တော့ လူငယ်များအတွက် စာပေရေချမ်းစင်များမှာ ပညာရပ် ၁၂ မျိုးနဲ့ ပတ်သက်တဲ့ဟာတွေကို လူစည်ကားရာနေရာများမှာ စင်များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီသတင်းစာများမှာလည်း ခေတ်စနစ်နှင့်အညီ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါပြုပြင်ပြောင်းလဲပြီး လူငယ်များအတွေးအခေါ် ရင့်ကျက်တည်ငြိမ်မှုရှိစေရေးအတွက် ဝါရင့်ဆောင်းပါးပညာရှင်များရဲ့ ပညာပေးဆောင်းပါးများ၊ သတင်းအတွေးအခေါ်မှန်ကန်စေရေးကဏ္ဍနှင့် အလေးပေးဖော်ပြလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

အဲ့ဒီအပြင် ကျောင်းသင်ခန်းစာများမှာလည်း သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများရေးဆွဲပြီး တွဲဖက်သင်ရိုးဝင်များအဖြစ် ပြည်ထောင်စုစိတ်ဓာတ်၊ လူ့အခွင့်အလမ်း၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိစသောဘာသာရပ်များကိုမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်

တန်းအဆင့် စသည်ဖြင့် တိုးချဲ့သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ကျောင်းသားလူငယ်များဟာ မိမိကိုယ်ကိုထိန်းကျောင်းနိုင်မှု၊ သူတစ်ပါးအားခေါင်းဆောင်နိုင်မှုစတဲ့ အလေ့အကျင့်ကောင်းများရရှိစေဖို့ အတွက် ကျောင်းကောင်စီများဖွဲ့စည်းပေးခြင်း၊ ကင်းထောက်များဖွဲ့စည်းပေးခြင်း၊ လူရည်ချွန်များ မွေးထုတ်ပေးခြင်းများကို အလေးပေးပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့တော့ လူငယ်ထုအတွင်းမှာ အကျင့်စာရိတ္တတွေ ထိခိုက်နိမ့်ကျမှုမဖြစ်ပေါ်စေရေးအတွက် အားကစားများ ကိုလည်း စိတ်ပါဝင်စားမှုရှိရေး၊ ကျန်းမာကြံ့ခိုင်စေရေးနဲ့ မျိုးဆက်သစ်နိုင်ငံ့ အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီအားကစားသင်တန်းများကို အခြေခံနှင့် အဆင့်မြင့်သင်တန်း များအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ နောက်တစ်ခါကအားကစားနှင့် ပညာပေါင်းစပ် ပြီးတော့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကိုရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့်တောင်ကြီး မြို့များမှာဖွင့်လှစ်ပြီးတော့ ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ နေပြည်တော်မှာလည်း အားကစား တက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့ နိုင်ငံတော် အစိုးရအနေနဲ့ ယနေ့ လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်များမှန်ကန် စေရေးနဲ့ဗလငါးတန်တိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လူငယ်တို့ရဲ့လုပ်နိုင်တဲ့စွမ်းအားများကို အသိအမှတ်ပြုပေးရုံသာမက အသိအမှတ်ပြု ပေးဖို့လည်းလိုပါတယ်ခင်ဗျား။ ၎င်းတို့နဲ့ သက်ဆိုင်တဲ့အခွင့်အရေး၊ အခွင့်အလမ်းများကိုရရှိစေရန် အဖက်ဖက်မှပံ့ပိုးကူညီခြင်း၊ ကမ္ဘာလုံးဆိုင်ရာ၊ နယ်ပယ်ဒေသဆိုင်ရာလူငယ်များ တွေ့ဆုံပွဲများ၊ ညီလာခံများကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**တက္ကသိုလ်ကျောင်းများရှိ လက်တွေ့ခန်းများ၌ သိပ္ပံပစ္စည်းများ ဝယ်ယူရန် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေ အနေကို သိလိုခြင်းနှင့် သိပ္ပံကျောင်းသားများအား လက်တွေ့စာမေးပွဲများစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ Credit သတ်မှတ်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပညာ

ရေးမြှင့်တင်မှုကဏ္ဍ အထူးသဖြင့် သိပ္ပံပညာကဏ္ဍနှင့် ဆက်စပ်တဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းကတော့ ယခုနိုင်ငံတော်အစိုးရလက်ထက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် (၁) တက္ကသိုလ်များရှိ သိပ္ပံဘာသာရပ်ဌာနများတွင် လက်တွေ့ခန်းများကို အဆင့်မြှင့်တိုးချဲ့တည်ထောင်ထားရှိမှု စံချိန်မီလက်တွေ့ခန်းသုံးသိပ္ပံပစ္စည်းများ (Standard Laboratory Apparatus) ပြည့်စုံအောင်ဖြည့်ဆည်းပေးထားမှုများနှင့် ထိုသို့ဖြည့်ဆည်းပေးရေးအတွက် တက္ကသိုလ်အလိုက် သိပ္ပံပစ္စည်းများဝယ်ယူဖြည့်ဆည်းရန် ဘတ်ဂျက်ခွဲဝေသုံးစွဲထားမှုအခြေအနေကို သိရှိလိုပါတယ်။ (၂) တက္ကသိုလ်တိုင်းတွင် သိပ္ပံကျောင်းသားတိုင်း လက်တွေ့စမ်းသပ်မှုများ(Lab. Experiments)များကို ကိုယ်တိုင်သိပ္ပံပစ္စည်းများ ကိုင်တွယ်အသုံးပြုပြီး လက်တွေ့(Practical) လုပ်ဆောင်နေခြင်းရှိ/မရှိ၊ လက်တွေ့စာမေးပွဲများ (Practical Examinations) များကို ကျောင်းသားတစ်ဦးချင်းအလိုက်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ Credit သတ်မှတ်ခြင်းရှိ/မရှိတို့ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ခေတ် မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးကို အပြုသဘောဝေဖန်ဆန်းစစ်ကြသူများက ပညာအရည်အသွေး အထူးသဖြင့် သိပ္ပံပညာရပ်များမှာ နိမ့်ကျနေကြောင်း သုံးသပ်ကြပါတယ်။ အများစုသုံးသပ်ချက်ကတော့ တက္ကသိုလ်များမှာ လက်တွေ့ခန်းများ(Laboratories) ပြည့်စုံစွာမရှိခြင်း၊ လက်တွေ့ခန်းသုံးပစ္စည်းများ မပြည့်စုံခြင်း၊ အဆင့်မမီခြင်းတို့ကြောင့်။ ထို့အပြင် ကျောင်းသားများလက်တွေ့စမ်းသပ်မှု (Practical Experiments) များကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ခွင့်မရရှိတာကြောင့် သိပ္ပံလက်တွေ့အတွေ့အကြုံများ (Practical Experiences) မရရှိတော့တာဆိုတဲ့ သုံးသပ်ချက်ပဲဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် Instrumental handling, Scientific Analysis, Data Analysis, Data Interpretation စတဲ့ နည်းစနစ်များကိုလည်းမတတ်ကြတော့လို့သုံးသပ်ပါတယ်။ ဒီ့အပြင် လက်ရှိကျင့်သုံးနေတဲ့ သင်ကြားမှုပုံစံနည်းစနစ်ခေတ်မမီတော့တဲ့အတွက်ကြောင့် Analytical reasoning, critical thinking, creative outlook စသည့်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှု အားနည်းရသည်လို့လည်း အကဲဖြတ်ကြပါတယ်။ ဒါကြောင့် တက္ကသိုလ်ဘွဲ့ရအများစုဟာ ပညာအခြေပြု (Knowledge-Base) လုပ်ငန်းတွေမှာ နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန် အရည်အသွေးမပြည့်မီတော့တာပဲလို့ သုံးသပ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်များရဲ့ အဓိကတာဝန်ဟာ ထိရောက်တဲ့သင်ကြားရေးနှင့် ပြုပြင်ရေး (Teaching, Learning and research) တို့ကို နည်းစနစ်မှန်ကန်စွာဆောင်ရွက်ခြင်းဖြင့်

ကျောင်းသားအများကို ပညာအခြေပြုစွမ်းဆောင်မှု (Knowledge-Base Capacity) ပြည့်မီအောင် လေ့ကျင့်သင်ကြားဖြည့်ဆည်းပေးဖို့၊ တတ်ဖို့အတွက် တက္ကသိုလ်များမှာ ပညာရပ်ဆိုင်ရာလုပ်ကိုင်ခွင့် (Academic Automony) ရှိရပါမယ်။ ဒီအရည်အချင်းပြည့်မီတဲ့ဆရာများနှင့် သုတေသနပညာရှင်အစုအဖွဲ့များ ပြည့်စုံစွာရှိရပါမယ်။ စာသင်ခန်းများ၊ စာကြည့်တိုက်များ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ(Science Laboratories)၊ ခေတ်မီသိပ္ပံပစ္စည်းများ(Modern Scientific Equipments) ပြည့်စုံဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်အစိုးရက တာဝန်ရှိသည့်အားလျော်စွာ တက္ကသိုလ်များပညာရည်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ သိပ္ပံပညာရေးကဏ္ဍလုပ်ငန်းတွေအပေါ် အကဲဖြတ်ဆောင်ရွက်ရမယ့် ဆောင်ရွက်မှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကျောင်းသားမိဘပြည်သူအပေါင်းက လေ့လာပြီး ပညာရေးတိုးတက်မှုကို ဝေဖန်သုံးသပ်အကဲဖြတ်ဆောင်ရွက်နိုင်ဖို့အတွက် အခုဖော်ပြပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ရဲ့ တက္ကသိုလ်ကျောင်းများရှိ လက်တွေ့ခန်းများ၌ သိပ္ပံပစ္စည်းများဝယ်ယူရန် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေအနေကို သိရှိလိုခြင်းနှင့် သိပ္ပံကျောင်းသားများအား လက်တွေ့စာမေးပွဲစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ Credit သတ်မှတ်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ တက္ကသိုလ်များမှာ ပညာအရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၊ သက်မွေးဝမ်းကျောင်းပညာရပ်များအတွက်ပါ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်များမှာ အရည်အချင်း

ပြည့်မီတဲ့ဆရာများနှင့် သုတေသနများ ပေါ်ထွန်းလာစေရန်အတွက် ရန်ကုန်တက္ကသိုလ်မှာ (Universitie's Research Centre, URC), (Asian Research Centre, ARC)၊ ပုသိမ်တက္ကသိုလ်မှာ (Biotechnology Research Centre) မကျီးအဏ္ဏဝါသိပ္ပံစခန်း၊ မော်လမြိုင်တက္ကသိုလ်မှာ စက်စဲအဏ္ဏဝါသိပ္ပံစခန်း၊ ဘွဲ့လွန်အသုံးချ ဘူမိဗေဒဌာနများစသည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားရှိပြီးလက်တွေ့စမ်းသပ်မှုသုတေသနများကို ဆောင်ရွက်လျက်ရှိတဲ့အပြင် မန္တလေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်နှင့် တောင်ကြီးတက္ကသိုလ်ကျောင်းများမှာလည်း သိပ္ပံသုတေသနကျောင်းဆောင်များဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ သုတေသနဓါတ်ခွဲခန်းသုံးပစ္စည်းများကို သိပ္ပံလက်တွေ့ခန်းများမှာ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ e-Library, Online Library များကို Open Society Foundation ကဲ့သို့သော အဖွဲ့အစည်းများရဲ့ အကူအညီများဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များမှာ စတင်အသုံးပြုလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့ အခြားတက္ကသိုလ်များမှာလည်း တိုးချဲ့အသုံးပြုနိုင်ရန်လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်မီသင်ကြားနည်းစနစ်များ အသုံးပြုသင်ကြားနိုင်ရေး၊ ပညာအခြေပြု စွမ်းဆောင်ရည်ပြည့်မီရေးအတွက် တက္ကသိုလ်များမှ ဆရာဆရာမများအား ပညာသင်စေလွှတ်ခြင်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ထိုဆရာဆရာမများမှတစ်ဆင့် ပြန်လည်ပြန့်ပွားအောင်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြုအရည်အသွေးများ ပြည့်စုံရေးအတွက် ASEAN University Network Quality Assurance(AUN-QA)စနစ် ကဲ့သို့သော အရည်အသွေးအာမခံမှုစနစ်များကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်များမှာ သိပ္ပံပညာရပ်ကဏ္ဍတစ်ခုကို အဆင့်မြင့်တင်နိုင်ရန် တက္ကသိုလ်တစ်ခုချင်းအလိုက်၊ ဘာသာရပ်အလိုက် သိပ္ပံလက်တွေ့ခန်းများမှာစံချိန်မီ လက်တွေ့ခန်းသုံးသိပ္ပံပစ္စည်းများပြည့်စုံအောင်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စက်ဖွဲ့စည်းပုံ၊ လူဖွဲ့စည်းပုံရှိသလိုစံပြုတဲ့ Laboratory စံနှုန်းများကိုပြန်ပြီးတော့ ကျွန်တော်တို့ ယခုမှ ပြုစုထားပြီးဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့ ပြည့်စုံစွာမရှိခဲ့တဲ့အနေအထား တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလက်တွေ့ ဒီ Standard Laboratory Apparatus တွေကို ဘယ်သုတေသနခန်းမှာဘယ်ဟာတွေရှိရမယ်၊ အဲဒီအပြင်လည်း Value for Money လို့ခေါ်တဲ့ ဒီပစ္စည်းတွေကို ဝယ်ပြီးရင်လည်း တောက်လျှောက်အသုံးပြုနိုင်ဖို့အတွက် စဥ်းစားပြီးဦးစားပေး အစီအစဥ်များနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ ခုနသိပ္ပံဘာသာရပ်များရဲ့ တင်ပြချက်များအရ သိပ္ပံပစ္စည်း

များဝယ်ယူဖြည့်ဆည်းရန် ဘဏ္ဍာရေးအပြင် ခွင့်ပြုရန်ပုံငွေကို တင်ပြရမယ်ဆိုရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးမှာကျပ်သန်းပေါင်းလေးထောင်ကျော်၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေး မှာ ငွေကျပ်သန်းပေါင်း သုံးထောင်ကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာငွေကျပ်သန်းပေါင်း သုံးထောင့်ရှစ်ရာကျော်တို့ကို အချိုးကျခွဲဝေတဲ့ရရှိတဲ့ ခွင့်ပြုရန်ပုံငွေဖြင့် နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီ့ အပြင် ကျွန်တော်တို့က ရရှိတဲ့ရန်ပုံငွေကိုလည်း ကျွန်တော်တို့က ဒီသင်ထောက်ကူပစ္စည်းများအတွက် ရာခိုင်နှုန်းဘယ်လောက်သုံးထားတယ်ဆိုတာကို တွက်ချက်စေပြီး ဒါတွေကို တစ်နှစ်နဲ့တစ်နှစ် တိုးမြှင့် သွားရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ငွေလုံးငွေရင်းလို့ပြောသွားရင် ဆောက်လုပ်ရေးနဲ့ သင်ထောက်ကူပစ္စည်း နှစ်ပိုင်းကဏ္ဍက အကြီးမားဆုံးပါတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ ဘယ်ကဏ္ဍမှာများသင့်သလဲဆိုတဲ့ဟာမျိုးကို ချိန်ဆနိုင်ဖို့အတွက် Percentage တွေတွက်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိကြောင်း ဒီနေရာကနေဖြည့်စွက်တင်ပြလိုပါတယ်။ အဲဒီအပြင် တက္ကသိုလ်တိုင်းမှာရှိတဲ့လက်တွေ့ခန်းများကို Class Size အလိုက် ၁၀ ဦးမှ ၂၅ ဦးအထိ အုပ်စုဖွဲ့ပြီးတော့ အဖွဲ့လိုက်လည်းကောင်း၊ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီဖြင့်လည်းကောင်း သိပ္ပံပစ္စည်းများကို လက်တွေ့ကိုင်တွယ်အသုံးပြုခြင်း၊ စမ်းသပ်မှုပြုလုပ်ခြင်း၊ လက်တွေ့စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ Credit သတ်မှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်များမှာ Credit System ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီးတော့ စတင်ပြီးတော့ အသုံးပြုခဲ့ပါပြီ။ Credit Bank System ကိုကျင့်သုံးလျက်ရှိပြီးတော့ နိုင်ငံတကာတက္ကသိုလ်များနှင့် အပြန်အလှန်ဖလှယ်ဆောင်ရွက် နိုင်ရန်အတွက် Credit Transfer များကိုလည်း ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်သို့အဆို တင်သွင်းမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ၁၉၀၅ ခုနှစ်၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေ၊ ၁၉၀၈ ခုနှစ်၊ ဆိပ်ကမ်းများအက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်၊ ပြင်ပဆိပ်ကမ်းများဥပဒေတို့မှာ ခေတ်စနစ်နဲ့လိုက်လျောညီထွေမှုမရှိတော့ပါသဖြင့် ၎င်းဥပဒေများကို ရုပ်သိမ်း၍ Corporatization အသွင်ပြောင်းလဲဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေမူကြမ်းအား ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲခြင်းမပြုဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ Corporatization အသွင်ပြောင်းလဲဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန်အတွက် ခေတ်နှင့်အညီရေးဆွဲထားသော ဥပဒေပြဋ္ဌာန်းရန် အဆိုပါဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှစဉ်းစားဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မြန်မာဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်

အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ် ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ Corporatization အသွင်ပြောင်းလဲဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန်အတွက် ခေတ်နှင့် အညီ ရေးဆွဲထားသည့် ဥပဒေပြဋ္ဌာန်းရန်ရည်ရွယ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၄-၅-၂၀၁၄၊ ၁-၆-၂၀၁၄၊ ၂-၆-၂၀၁၄၊ ၃-၆-၂၀၁၄ နှင့် ၇-၆-၂၀၁၄ ရက်နေ့တို့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၈) ခန်းနှင့် ပုဒ်မပေါင်း(၉၈) ခု ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးရှိ ၁၃၇၅ ခုနှစ်ဆိုသည့် စကားရပ်အား ၁၃၆၇ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(၃) နိဒါန်းအား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**အခန်း (၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

**မူကြမ်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်၊

(ခ) ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ဂ) အမှီအခိုကင်းစွာ ရပ်တည်ခွင့်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ အစည်းအဖြစ် ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းနိုင် ရန်၊

(ဃ) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရန်၊

(င) ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုး တိုးတက်စေရန်။

(၄) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ကန့်သတ်ချက်ကိုအထောက်အထားပြု၍ တပ်မတော် ဆိုသည့် စကားရပ်အားပယ်ဖျက်၍ ရေယာဉ်များနှင့်လည်းကောင်း စကားရပ်အား ရေယာဉ်များနှင့်ဟုပြင်ဆင်ပါသည်။

(၅) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)အဖြစ် ဆိပ်ကမ်းနယ်နိမိတ်ဆိုသည်မှာ ပုဒ်မ ၄(က)အရ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော နယ်နိမိတ်ကိုဆိုသည်ဟု အသစ်ဖြည့်စွက် ပါသည်။

(၆) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ပဆိပ်ကမ်းဆိုသည်မှာ ရန်ကုန်ဆိပ်ကမ်းမှလွဲ၍ ကျန်ဆိပ်ကမ်းများအားလုံးကိုဆိုသည် ဟုအသစ်ဖြည့်စွက်ပါသည်။

(၇) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ရှိ အလို့ငှာ ဆိပ်ကမ်းနယ်နိမိတ်နှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ် ထားခြင်းစကားရပ်အား ဆိပ်ကမ်းနယ်နိမိတ်အဖြစ် သီးခြားသတ်မှတ်ထားခြင်းဟု ပြင်ဆင်ပြီး၊ ကမ်းနားနယ်နိမိတ်ကိုဆိုသည် စကားရပ်၏နောက်တွင် ယင်းစကားရပ်တွင် ပုဂ္ဂလိကပိုင်ပစ္စည်းဆိုင်ရာအခွင့်အရေးများ တည်ရှိသည့် မြေများမပါဝင်ဟု ဖြည့်စွက် ပါသည်။

**မူကြမ်း**

(၈) အပိုဒ် ၃ အပိုဒ်ခွဲ(င)အား ရေယာဉ်ဆိုက်ကပ်ရန်နေရာဆိုသည်မှာ ရေယာဉ်များမှ ကုန်စည်တင်ခြင်းချခြင်းပြုလုပ်ရာနေရာ၊ ဆိပ်ကမ်းတံတား၊ သို လှောင်ရုံ၊ သင်္ဘောကျင်းများ၊ ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့်စပ်ဆိုင်သော အခြားအဆောက်အအုံများကိုဆိုသည်ဟုပြင်ဆင်ပါသည်။

(၉) အပိုဒ် ၃ အပိုဒ်ခွဲ(ဈ)ရှိ ဆိုင်ရာတွင်စကားရပ်အား ဆိုသည်မှာဟုလည်းကောင်း၊ ကုန်စည်စကားရပ်အား ကုန်ပစ္စည်းဟုလည်းကောင်း၊ ကွင်း နွားဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ ပစ္စည်းများပါဝင်သည့်စကားရပ်အား ပစ္စည်းများကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၃ အပိုဒ်ခွဲ(ည)အား ရေယာဉ်ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကို ရေလမ်းအဖြစ် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗာန်၊ သစ်ဖောင်၊ ဝါးဖောင် အစရှိသည့် စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်အမျိုးမျိုးကိုဆိုသည်ဟုပြင်ဆင်ပါသည်။

(၁၁) ဤဥပဒေတွင်ပါရှိသော သင်္ဘောစကားရပ်များအား ရေယာဉ်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဍ)တွင်ပါရှိသော ဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ အခကြေးငွေ၊ အဖိုးစားနား သို့မဟုတ် သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးသောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့အတွက် ဆောင်ရွက်ပေးသည့်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့်စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်ဟု အသီးသီးပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၃ အပိုဒ်ခွဲ(ပ)ရှိ ပြည်ထောင်စုအစိုးရအဖွဲ့စကားရပ်အား ပြည်ထောင်စုအစိုးရဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၄) အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)အား အမှုဆောင်အရာရှိချုပ်ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ အကြီးအမှူးကိုဆိုသည်ဟု ပြင်ဆင်၍ အပိုဒ်ခွဲ(တ)ရှိ အာဏာပိုင်ကိုဆို သည့်စကားရပ်အား အာဏာပိုင်အဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၃ အပိုဒ်ခွဲ(ထ)အား စီမံခန့်ခွဲရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။ ဤဥပဒကြမ်းတွင်ပါရှိသော အုပ်ချုပ်မှုအဖွဲ့စကားရပ်အား စီမံခန့်ခွဲရေးအဖွဲ့ဟု အသီး သီးပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၃ အပိုဒ်ခွဲ(ဒ)ရှိ အာဏာပိုင်မှဆိုသည့်စကားရပ်အား အာဏာပိုင်ကဟု ပြောင်းလဲ ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၃ အပိုဒ်ခွဲ(န)ရှိ သင့်လျော်သည်ဟုယူဆသူတစ်ဦးအား ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူ သို့မဟုတ် လက်ထောက်ဆိပ်ကမ်း ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ဆိုသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၈) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)အား ပုဒ်မခွဲ(က)အရ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်ရာတွင် ဆိပ်ကမ်းနယ်နိမိတ်နှင့် ကပ်လျက်ရှိသော မြေနေရာ၌ ကမ်းနားနယ် ကိုထည့်သွင်းသတ်မှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ရှိ နှင့် (ခ) တို့ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၂၀) အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)အား ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့အရ သတ်မှတ်သော ဆိပ်ကမ်း နယ်နိမိတ်၊ ဆိပ်ကမ်းနှင့် ကမ်းနားနယ်တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၄ အပိုဒ်ခွဲ(င)တွင်ပါရှိသော ဤပုဒ်မအရစကားရပ်အား ပယ်ဖျက်ပြီး၊ မထိခိုက် စေရန် ထိုက်သင့်သော လျော်ကြေးများစကားရပ်အား မထိခိုက်စေသော ထိုက်သင့်သည့် ဒေသပေါက်ဈေးနှုန်းဖြင့် လျော်ကြေးများဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၂) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)ရှိ ဆိုက်ကပ်ရေးအတွက် စကားရပ်အား ဆိုက်ကပ်ရန်ဟု လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ရှိ နေရာချထားရေးအတွက် စကားရပ်အား နေရာချထားရန် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)ရှိ ကျောက်ချရပ်နားခြင်းစကားရပ်အား ကျောက်ချရပ်နား ရန်ဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၆ အပိုဒ်ခွဲ(စ)ရှိ တပ်မတော်စကားရပ်အား ပယ်ဖျက်၍လည်းကောင်း လုပ်ငန်း ဆောင်တာများအပေါ် စကားရပ်အား လုပ်ငန်းဆောင်တာများကိုဟုပြင်ဆင်ပါသည်။

(၂၄) အခန်း(၃) အပိုဒ် ၇ အား ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၇ အပိုဒ်ခွဲ(က)ရှိ ချုပ်ဆိုစေခြင်းပြုပြီး စကားရပ်အား ချုပ်ဆိုစေပြီဟု ပြင်ဆင် ပါသည်။

(၂၆) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)အား ပုဒ်မခွဲ(က)အရ လုပ်ကိုင်ခွင့်ပြုသော လုပ်ငန်းများကို အဓိက တာဝန်ယူကြီးကြပ်ကွပ်ကဲပြီး လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်ကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား တာဝန်ပေးအပ်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၈ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပနိုင်ငံအစိုးရ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံကိုယ်စားပြုပါဝင်၍လည်းကောင်း ဆောင်ရွက်ရ မည်ဟု ပြင်ဆင်ပါသည်။

(၂၈) အခန်း(၄) အပိုဒ် ၉ အပိုဒ်ခွဲ(က)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများတွင် ပင်လယ်ကူးရေယာဉ်နှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ်ရပ်နားခြင်း၊ အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ရေယာဉ်၊ ကုန်စည် သို့မဟုတ် ခရီးသည် အရေအတွက်အလိုက် ခွဲခြားပြီး မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြား သုံးငွေဖြင့်ဖြစ်စေ

ပေးဆောင်ရမည့် ဆိပ်ကမ်းဝန်ဆောင်ခများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

( ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သော ဝန်ဆောင်ခများကို အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်သည်။

(၂၉) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)အား ဆိပ်ကမ်းဝန်ဆောင်ခများဆိုရာတွင် ရေယာဉ်များ ဆိပ်ကမ်းအတွင်းဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းပြုရာတွင် ဆောင်ရွက်ပေးရသော ဝန်ဆောင်မှုလုပ်ငန်း အသီးသီးအတွက် မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးဆောင်ရသော အောက်ပါ အခကြေးငွေများပါဝင်သည်ဟုပြင်ဆင်ပြီး အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄)ရှိ စလင်ကြီး စကားရပ်အား စလင်းကြိုးဟုပြင်ဆင်ပါသည်။

(၃၀) အခန်း(၅) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ဖွဲ့စည်းပုံ သတ်မှတ်၍ တည်ထောင်ရမည်ဟု ပြင်ဆင်၍ အပိုဒ်ခွဲ(ခ)ရှိ သတ်မှတ်ပေးသည် စကားရပ်အား သတ်မှတ်သည်ဟုပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)ရှိ လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည် စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းဆိုသည့် စကားရပ်အား လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းဟုပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၁၁ အပိုဒ်ခွဲ(င)အား ပယ်ဖျက်ပါသည်။

(၃၃) အပိုဒ် ၁၂ အပိုဒ်ခွဲ(က)အား ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများသည် ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ ယခင်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ရရှိခဲ့သည့် ရာထူးတာဝန်နှင့် လုပ်ပိုင်ခွင့်ထက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၄) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)အဖြစ် ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးဆောင်ညွှန်ကြားရေးမှူးသည် ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၅) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)အရ လွှဲပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသောဝန်ထမ်းများကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့် ဌာနအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၆) အပိုဒ် ၁၃ အား ပယ်ဖျက်ပါသည်။

(၃၇) အပိုဒ် ၁၄ ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စကားရပ်နှင့် အောင်မြင်စွာ စကားရပ်တို့အား ပယ်ဖျက်ပါသည်။

(၃၈) အခန်း(၆) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ရှိ အတတ်နိုင်ဆုံး ဖြည့်ဆည်းစကားရပ်အား ပယ်ဖျက်ပါသည်။

(၃၉) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)ရှိ စည်ပင်ဖွံ့ဖြိုးရေးစကားရပ်အား ဖွံ့ဖြိုးတိုးတက်ရေးဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ)ရှိ အကျိုးအမြတ်တိုးတက်ရရှိအောင် စကားရပ်အား ပယ်ဖျက်ပါသည်။

(၄၁) အပိုဒ် ၁၅ အပိုဒ်ခွဲ(င)အား နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ခြင်း၊ ဆုံးရှုံးခြင်းနှင့် ပျက်စီးခြင်းတို့မရှိစေရန် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေ၊ ရိက္ခာ၊ ကြမ်းခင်းပြားနှင့် အခြားလိုအပ်ချက်များ ထောက်ပံ့ပေးရန် စီမံခန့်ခွဲနိုင်သည်။ ယင်းလုပ်ငန်းများအတွက် လုပ်ငန်းရှင်များကို လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းနှင့် စည်းကမ်းကို ဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းတို့ ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၃) အပိုဒ် ၁၅ အပိုဒ်ခွဲ(စ)အား ပုဂ္ဂလိကတွဲဆွဲရေယာဉ်များ၊ တွန်းသည့်ရေယာဉ်များ၊ သောင်းတူးရေယဉ်များနှင့် ဆယ်ယူရေးရေယာဉ်များကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း နှင့် စည်းကမ်းဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းတို့ ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဈ)ရှိ လွယ်ကူအဆင်ပြေစွာစကားရပ်အား လွယ်ကူစွာဟု ပြင်ဆင် ပါသည်။

(၄၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဠ)ရှိ စရိတ်စကစကားရပ်အား ကုန်ကျစရိတ်ဟု ပြင်ဆင်၍ အားကိုးအားထားပြုနိုင်ရေးစကားရပ်အား ပယ်ဖျက်ပါသည်။

(၄၆) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဌ)ရှိ နိုင်ငံတကာနှင့်ယှဉ်၍ ဆောင်ရွက်နိုင်စေရေးအတွက် စကား ရပ်အားပယ်ဖျက်၍လည်းကောင်း၊ လုံခြုံရေးအတွက် စကားရပ်အား လုံခြုံရေးတို့ အတွက်ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဍ)အား ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နည်းပညာများတိုးတက်မြင့်မားလာရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရပ် ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုရမည်ဟုပြင်ဆင်၍ အပိုဒ်ခွဲ(ဎ)ရှိ ဖြစ်ပေါ်လာသည့် စကားရပ်အား ဖြစ်ပေါ်သောဟုပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၁၆ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်ဟု ပြင်ဆင်၍ အပိုဒ်ခွဲ(က)ရှိ စက်ပစ္စည်းများနှင့် စကားရပ်အား စက်ပစ္စည်းနှင့်ဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ရှိ ဆီတွဲတို့မှဖြစ်စေ စကားရပ်အား ဆီတင်ရေယာဉ်၊ ဓာတုပစ္စည်းတင် ရေယာဉ်တို့မှဖြစ်စေဟုလည်းကောင်း၊ သဘောာတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှဖြစ်စေ ဆီယိုဖိတ်မှုများကြောင့်သော်လည်းကောင်း စကားရပ် အား ရေယာဉ်အချင်းချင်းတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှဖြစ်စေ အခြားတစ်နည်းနည်းကြောင့်ဖြစ်စေ ရေနံ သို့မဟုတ် ဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုဖိတ်မှုများဖြစ်ပွားခြင်းဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၅၀) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ရှိ နှင့် လျော်ကြေးတောင်းဆိုပိုင်ခွင့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၅၁) အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ)ရှိ ဆိုက်ကပ်ထားသည့်စကားရပ်အားပယ်ဖျက်ပြီး၊ အပိုဒ်ခွဲ(ဂ)ရှိ ကောက်ခံရန်မလိုစကားရပ်အား ထပ်မံကောက်ခံရန်မလိုဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ရှိ သင်္ဘောနှင့် ရေယာဉ်များအား စကားရပ်အား ရေယာဉ်များကိုဟုပြင်ဆင်ပါသည်။

(၅၃) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ၊ ဆိပ်ကမ်းများနှင့် ရေယာဉ်ဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများအား ဘေးအန္တရာယ် ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အကူအညီတောင်းခံရေးတို့အတွက် လုံခြုံရေးအဆင့်သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၄) အပိုဒ် ၂၁ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် စပ်လျဉ်း၍ဟုပြင်ဆင်၍၊ အပိုဒ်ခွဲ(က)ရှိ ပြုလုပ်ထားရှိရမည်စကားရပ်အား ပြုလုပ်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာများဖြန့်ဖြူးခြင်းတို့ ပြုလုပ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဆိပ်ကမ်းနယ်နမိတ်အတွင်း သွားလာနေသော ရေနံတင်ရေယာဉ်၊ ဆီတင်ရေယာဉ်၊ ဓာတုပစ္စည်းတင်ရေယာဉ်တို့မှလည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှလည်းကောင်း၊ သင်္ဘောတိုက်ခိုက်မှုသို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှလည်းကောင်း ဆီယိုဖိတ်မှုများမဖြစ်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများဖြန့်ဖြူးခြင်း၊ ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်ရမည်။

(ဂ) အပိုဒ်(ခ)ပါ ဆီနှင့်ဓာတုပစ္စည်းယိုဖိတ်မှုများဖြစ်ပေါ်လာပါက လေထုညစ်ညမ်းမှု မရှိစေရေး၊ ရှင်းလင်းဖယ်ရှားရေးနှင့် သန့်စင်ရေးတို့အတွက် ကျွမ်းကျင်သူများ နှင့်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခြင်းပြုရမည်။ ထိုသို့ပြုလုပ်ရာ၌ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံနိုင်သည်။

(၅၆) အပိုဒ် ၂၂ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်ဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(က)ရှိ ညွှန်ပြသည့်အတိုင်း စကားရပ်အား ညွှန်ကြားသည့်အတိုင်းဟုပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၂၂ အပိုဒ်ခွဲ (ဂ)အား ကုန်စည်ခေတ္တအပ်နှံသူနှင့် သီးခြားသဘောတူညီချက် မရှိလျှင် ခေတ္တအပ်နှံထားသော ကုန်စည်ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်ပေါ်ပါက မိမိတွင် တာဝန်မရှိစေရဟု ပြင်ဆင်ပါသည်။

(၅၈) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)အား ကုန်စည်ခေတ္တအပ်နှံသူနှင့် သဘောတူညီချက်ရှိလျှင် ခေတ္တအပ်နှံထားသည့်ကုန်စည်ကို မိမိ၏ပျက်ကွက်မှုကြောင့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်ပေါ်ပါက မိမိတွင် တာဝန်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၅၉) အပိုဒ် ၂၃ အား ပျက်စီးယို့ယွင်းခြင်း စကားရပ်အား ပျက်စီးယိုယွင်းခြင်းဟု ပြင်ဆင်ပါသည်။

(၆၀) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)အား စစ်မက်ဖြစ်ပွားခြင်း၊ အဓိကရုဏ်း၊ လူထုအုံကြွမှု၊ ဆန္ဒပြမှု သို့မဟုတ် တားဆီးပိတ်ပင်မှု သို့မဟုတ် အခြားမျှော်မှန်း၍ မရနိုင်သော အခြေအနေ ဖြစ်ပွားခြင်းဟု ပြင်ဆင်ပါသည်။

(၆၁) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဃ)ရှိ ထင်ရှားစွာ မြင်သာခြင်းစကားရပ်အား ထင်ရှားခြင်းဟု လည်းကောင်း၊ ယိုယွင်းပျက်စီးမှုစကားရပ်အား ပျက်စီးယိုယွင်းခြင်းဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)အား ကုန်စည်အပ်နှံသူက ပျက်စီးယိုယွင်းတတ်သော သို့မဟုတ် ယုတ်လျော့နိုင်သော ပစ္စည်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုမှုမရှိခြင်းဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)ရှိ ယို့ယွင်မှုစကားရပ်အား ယိုယွင်းမှုဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၆၄) အပိုဒ် ၂၄ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘော တူညီချက်နှင့် ဝန်ကြီးဌာနက လွှဲအပ်တာဝန်ပေးအပ်ချက်တို့အရ တည်ဆဲဥပဒေများ နှင့်အညီဟု ပြင်ဆင်ပါသည်။

(၆၅) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ဂ)တို့ရှိ မိမိကစကားရပ်အား မိမိဟု ပြင်ဆင်ပါ သည်။

(၆၆) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)တို့ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ စကားရပ်အား သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီဟု ပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၂၅ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၈) အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)အား ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊အမှုထမ်းများအား ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ် ကွပ်ကဲခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား ဌာန ဆိုင်ရာအရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်ပေးခြင်း၊ ပင်စင်ပေးခြင်း၊ ရပိုင်ခွင့် များကိုရရှိစေခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဆုကြေးငွေချီးမြှင့်ခြင်းဟု ပြင်ဆင်ပါသည်။

(၆၉) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဃ)ရှိ အချိန်နှင့်နာရီများနှင့် စကားရပ်အား နေ့ရက်နှင့်အချိန်၊ ရေယာဉ်၏အမြန်နှုန်းနှင့်ဟု ပြင်ဆင်ပါသည်။

(၇၀) အပိုဒ် ၂၅ အပိုဒ်ခွဲ(င)အား ကုန်စည်များကိုလက်ခံခြင်း၊ အတင်အချပြုလုပ်ခြင်း၊ ရွှေ့ ပြောင်းခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သော စက်ကိရိယာနှင့် အခြားအသုံးအဆောင် ပစ္စည်းကိရိယာများကို စီမံထားရှိခြင်းဟု ပြင်ဆင်ပါသည်။

(၇၁) အပိုဒ် ၂၅ အပိုဒ်ခွဲ(စ)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအား ရေဖြည့်ဆည်းပေးဝေရေးအတွက် လိုအပ်သော ရေဖြန့်ဖြူးရေး ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စီစဉ်ထားရှိခြင်းဟု ပြင်ဆင်ပါသည်။

(၇၂) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဆ) အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဆ) ဆိပ်ကမ်းအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများစီစဉ်ထားရှိခြင်း၊

(ဇ) ဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားသော ရေယာဉ်များတွင် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၇၃) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဇ)အား ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း လိုအပ်သောမီးပြတိုက်များ၊ မီးပြရေယာဉ်များ၊ အချက်ပြမီးများ၊ ဗော်ယာများ၊ ရေကြောင်းပြရေယာဉ်များကိုလည်းကောင်း၊ ရေကြောင်းလုံခြုံရေးအတွက် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် အခြားအသုံးအဆောင်ပစ္စည်းကိရိယာများကိုလည်းကောင်း စီမံထားရှိခြင်းဟု ပြင်ဆင်ပါသည်။

(၇၄) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဈ)အား ဆိပ်ကမ်းထိခိုက်ပျက်စီးခြင်းမှကာကွယ်ရန် လှိုင်းကာနှင့် ရေကာတာများတည်ဆောက်ထားရှိခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၂၅ အပိုဒ်ခွဲ(ည)ရှိ ဆိပ်ကမ်းတွင်ရှိစဉ် ဆိုသည့်စကားရပ်အား ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ်ဟု ပြင်ဆင်ပါသည်။

(၇၆) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဋ) အား အကောက်ခွန်အရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအရာရှိများနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ တာဝန်ထမ်းဆောင်ရန် နေထိုင်ရာနေရာနှင့် အဆောက်အအုံများ စီမံထားရှိခြင်းဟု ပြင်ဆင်ပါသည်။

(၇၇) အခန်း(၇) အပိုဒ် ၂၆ အပိုဒ်ခွဲ(က)အား ဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်ဦးဆောင်မှုပေးနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော

တူညီချက်ဖြင့် ကိုးဦးထက်မပိုစေဘဲ အောက်ပါပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ရမည်ဟု လည်းကောင်း၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅) အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦးဟုပြင်ဆင်ပါသည်။

(၇၈) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)အား စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းများထဲမှ ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော သင့်လျော်သူတစ်ဦးဦးကို စီမံခန့်ခွဲရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရမည်ဟုပြင်ဆင်ပါသည်။

(၇၉) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄)ရှိ မဲအများဆုံးဖြင့်စကားရပ်အား များရာဆန္ဒမဲဖြင့်ဟု ပြင်ဆင်ပါသည်။

(၈၀) အပိုဒ် ၂၇ အပိုဒ်ခွဲ(င)ရှိ အကြောင်းအရာတစ်ရပ်ရပ် စကားရပ်အား အကြောင်းတစ်ခုခုဟု ပြင်ဆင်ပါသည်။

(၈၁) အပိုဒ် ၂၈ နှင့် အပိုဒ် ၂၉ တို့ရှိ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင် စကားရပ်အား စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဟုလည်းကောင်း၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အား ရာထူးအလျောက်တာဝန်ပေးအပ်ခြင်းခံရသော ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးမှအပ ကျန်အဖွဲ့ဝင်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ရာထူးမှ နှုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်ရမည်ဟုပြင်ဆင်ပါသည်။

(၈၂) အပိုဒ် ၃၀ ရှိ ရပ်စဲနိုင်သည် စကားရပ်အား ရပ်စဲခံရမည်ဟု ပြင်ဆင်ပါသည်။

(၈၃) အပိုဒ် ၃၀ အပိုဒ်ခွဲ(က)အား ဝန်ကြီးဌာနက ရာထူးမှရပ်စဲသည့် အမိန့်ချမှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၄) အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)ရှိ တစ်ဆက်တည်း သုံးလစကားရပ်အား သုံးလ တစ်ဆက်တည်းဟုပြင်ဆင်ပါသည်။

(၈၅) အပိုဒ် ၃၀ အပိုဒ်ခွဲ(ဂ)ရှိ သို့မဟုတ် စကားရပ်အား ပယ်ဖျက်ပါသည်။

(၈၆) အပိုဒ် ၃၀ အပိုဒ်ခွဲ(င)အား ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအား မခန့်ထားမီကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်

**မူကြမ်း**

လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးခံစားခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၈၇) အပိုဒ် ၃၂ အဖြစ် ပုဒ်မ ၂၉ အရ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် ပုဒ်မ ၃၀ အရ ရာထူးမှရပ်စဲခံရခြင်းကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်ပါက ဝန်ကြီးဌာနသည် လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၈၈) အပိုဒ် ၃၂ အပိုဒ်ခွဲ(က)အဖြစ် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပေးထားသော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ရည်မှန်းချက်များပြည့်မီအောင် တာဝန်ယူဆောင်ရွက်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၈၉) အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)ရှိ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စကားရပ်အား ဝန်ကြီးဌာနသို့ တင်ပြ၍ဟုပြင်ဆင်ပါသည်။

(၉၀) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဃ)အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးအဆင့်အောက် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၉၁) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဂ)ရှိ ပုဒ်မခွဲ(ခ)အရ စကားရပ်အား ပုဒ်မခွဲ(ဂ)အရဟု ပြင်ဆင်ပါသည်။

(၉၂) အပိုဒ် ၃၂ အပိုဒ်ခွဲ(င)ရှိ ကောင်းမွန်စကားရပ်အား ပယ်ဖျက်ပါသည်။

(၉၃) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဆ)ရှိ နှင့် ဆုံးဖြတ်ခြင်းစကားရပ်အား ပယ်ဖျက်ပါသည်။

(၉၄) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဇ)အား ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၉၅) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဋ)အဖြစ် ပုဒ်မခွဲ(ခ)ပါ အရာထမ်း၊ အမှုထမ်းများ၏ လစာနှင့် စရိတ်များတိုးမြှင့်ခြင်း၊ လျှော့ချခြင်းတို့ကို စီမံဆောင်ရွက်ပေးရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၉၆) အခန်း (၉) ခေါင်းစဉ်အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**အခန်း(၁၀)**

**ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံခြင်း၊ ကြွေးကျန်များအတွက် သိမ်းယူခြင်းနှင့် ကြွေးကျန်များကို အရကောက်ခံခြင်း**

(၉၇) အပိုဒ် ၃၃ အပိုဒ်ခွဲ(က)ရှိ အသုံးပြုခြင်းစကားရပ်ရှေ့တွင် အခြားတစ်နည်းနည်း စကားရပ် ဖြည့်စွက်ပြင်ဆင်ပါသည်။

(၉၈) အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ)အား ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို ခိုင်လုံသော အကြောင်းမရှိဘဲ ပေးဆောင်ရန် တမင်ပျက်ကွက်ပါက ထိုဆိပ်ကမ်းဝန်ဆောင်ခ၏ ၅ ဆကို ဒဏ်ကြေးအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။ ယင်းဒဏ်ကြေးကိုပေးဆောင်ရန် ပျက်ကွက်ပါက ရေယာဉ်နှင့်ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာများကိုပေးဆောင်ရမည့် ဒဏ်ကြေးအပြေအကျေမရမီအထိ ထိန်းသိမ်းထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၉၉) အပိုဒ် ၃၃ အပိုဒ်ခွဲ(ဂ)ရှိ မိမိ၏ လုပ်ဆောင်မှုဆိုသည့်စကားရပ်အား မိမိ၏ ပြုလုပ်မှုဟုလည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားပါက ဆိုသည့်စကားရပ်အား ပျက်စီးဆုံးရှုံးစေပါကဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၀၀) အပိုဒ် ၃၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ဂ)တို့ရှိ ဝင်ငွေခွန်မပြေကျန်ငွေကဲ့သို့ စကားရပ်အား ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ဟု ပြင်ဆင်ပါသည်။

(၁၀၁) အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)အား ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရန် သင့်လျော်သော အရာရှိအား ကော်လိတ်တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၀၂) အပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၁၀၃) အပိုဒ် ၃၅ ရှိ ငွေချေးယူနိုင်သည် စကားရပ်အား ဥပဒေနှင့်အညီ ငွေချေးယူနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၀၄) အပိုဒ် ၃၇ နှင့် အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင်ပုံသေပိုင် ပစ္စည်းများအား ကာလပေါက်ဈေးအရ တန်ဖိုး (Fair Value)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်ဖော်ပြရမည်။

၃၈။ အထက်အပိုဒ်ပါ လွှဲပြောင်းပေးခဲ့သော အရပ်ရပ်တန်ဖိုးများကို မြန်မာဆိပ်ကမ်းအာဏာပိုင်တွင် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

(၁၀၅) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) ရှိ ဝင်ငွေမှစကားရပ်အား ဘဏ္ဍာရန်ပုံငွေမှဟု ပြင်ဆင်ပါသည်။

(၁၀၆) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏လစာ၊ စရိတ်ချီးမြှင့်ငွေများ၊ အခကြေးငွေများ၊ အငြိမ်းစားလစာများနှင့် လုပ်သက်ဆုငွေများဟုပြင်ဆင်ပါသည်။

(၁၀၇) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ချေးယူငွေအပေါ်ပေးဆောင်ရသည့် အတိုးစရိတ်များဟု ပြင်ဆင်ပါသည်။

(၁၀၈) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ချေးယူထားငွေများအပေါ် ပြန်လည်ပေးဆပ်ရန် လိုအပ်သည့် ငွေရပ်များဟု ပြင်ဆင်ပါသည်။

(၁၀၉) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)အား ကာလရှည်အကြွေးများ ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ကုန်ခမ်းတတ်သော ပိုင်ဆိုင်ပစ္စည်းများနှင့် တန်ဖိုးလျော့သော ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်အစားထိုးနိုင်ရေးအတွက် သီးသန့်ထားရှိသော ရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ရန် လိုအပ်သည့်ငွေရပ်များဟု ပြင်ဆင်ပါသည်။

(၁၁၀) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၇)ရှိ သီးသန့်ဖယ်ထားရန် စကားရပ်အား သီးသန့်ထားရှိရန်ဟု ပြင်ဆင်ပါသည်။

(၁၁၁) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၈)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခွင့်ပြုသော ချခံသုံးစွဲခွင့်ရှိသည့် လုပ်ငန်းသစ်၊ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများအတွက် ကုန်ကျစရိတ်များ၊ စက်ကိရိယာများ၊ ရေယာဉ်များ၊ ယာဉ်များ၊ ယန္တရားများ၊ တပ်ဆင်စက်ကိရိယာများအတွက် ကုန်ကျစရိတ်များဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၉)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကျခံသုံးစွဲသင့်သည်ဟု ဆုံးဖြတ်ထားသည့် အခြားအသုံးစရိတ်များဟု ပြင်ဆင်ပါသည်။

(၁၁၂) အပိုဒ် ၃၆ အပိုဒ်ခွဲ(ဂ)အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် လစာ၊ လုပ်ခနှင့် စရိတ်နှုန်းထားများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၁၃) ပုဒ်မ ၄၁ အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည် အသစ်ဖြည့်စွက်ပါသည်။

(၁၁၄) အပိုဒ် ၃၇ အပိုဒ်ခွဲ(က)ရှိ ဘဏ္ဍာရေးနှစ်တိုင်းအတွက် အရအသုံးခန့်မှန်းခြေစာရင်းများကိုစကားရပ်အား နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဟုလည်းကောင်း၊ ပြင်ဆင်စကားရပ်အား ပြုစုဟု ပြင်ဆင်ပါသည်။

(၁၁၅) အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)ရှိ နောက်ဆက်တွဲ စကားရပ်အားပယ်ဖျက်၍၊ အပိုဒ်ခွဲ(ဂ)ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စကားရပ်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဟု ပြင်ဆင်ပါသည်။

(၁၁၆) မူလအပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်၍ အပိုဒ်ခွဲ(ဃ)အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(၁၁၇) အပိုဒ် ၃၈ အပိုဒ် ၃၉၊ အပိုဒ် ၄၀ နှင့် အပိုဒ် ၄၁ တို့အား အပိုဒ် ၄၃ အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) သင့်လျော်သည့် ဘဏ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမည်ဖြင့် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်းဖွင့်လှစ်ထားခွင့်ရှိသည်။

(ခ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း၊ သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဂ) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(ဃ) ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

(၁၁၈) အပိုဒ် ၄၂ ရှိ ဝန်ကြီးဌာနမှ စကားရပ်အား ဝန်ကြီးဌာနကဟု ပြင်ဆင်ပါသည်။

(၁၁၉) အပိုဒ် ၄၃ ရှိ အကူအညီပေးခြင်းများအား စကားရပ်အား အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ဟု ပြင်ဆင်ပါသည်။

(၁၂၀) အပိုဒ် ၄၅ အား ပယ်ဖျက်သည်။

(၁၂၁) အပိုဒ် ၄၆ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ ဝန်ထမ်းများကွယ်လွန်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ အငြိမ်းစားပေးခြင်းတို့နှင့်စပ်လျဉ်း၍ အငြိမ်းစားလစာ၊ လုပ်သက်ဆုငွေနှင့် ဂရုဏာကြေးများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၂၂) အပိုဒ် ၄၇ အပိုဒ်ခွဲ(က)ရှိ ဆောင်ရွက်လိုသူသည် စကားရပ်အား ထမ်းဆောင်လိုသူသည်ဟုပြင်ဆင်ပါသည်။

(၁၂၃) အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)ရှိ အရည်အချင်းပြည့်မီသူအား စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၂၄) အပိုဒ် ၄၇ အပိုဒ်ခွဲ(ဂ)ရှိ လုပ်ငန်းလိုင်စင်ရ စကားရပ်၏ရှေ့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် စကားရပ်အားဖြည့်စွက်ပါသည်။

**မူကြမ်း**

(၁၂၅) အပိုဒ် ၄၈ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သော လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးအား သတ်မှတ်ချက်နှင့်အညီ အရေးယူမှုပြုလုပ်ခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၂၆) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဂ)အား တာဝန်ထမ်းဆောင်ရာ၌ ပေါ့လျော့စွာဆောင်ရွက်ခြင်း သို့မဟုတ် စာရိတ္တပျက်ပြားခြင်းဟု ပြင်ဆင်ပါသည်။

(၁၂၇) အပိုဒ် ၄၉ အား ဆိပ်ကမ်းသို့ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်နှင့် ကုန်ပါလုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသည့် ရေယာဉ်၏ ရေယာဉ်မှူးသည်ဟုပြင်ဆင်ပါသည်။

(၁၂၈) အပိုဒ် ၄၉ အပိုဒ်ခွဲ(က)ရှိ ရေကြောင်းဌာနမှ သတ်မှတ်ထားသော ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်ထွက်ခွင့်တောင်းခံရယူနိုင်သည့် စကားရပ်အား ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်ထွက်ခွင့်တောင်းခံရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသောဟု ပြင်ဆင်ပါသည်။

(၁၂၉) အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)ရှိ ထိန်းသိမ်းစောင့်ရှောက်သူထံသို့ စကားရပ်အား ထိန်းသိမ်းစောင့်ရှောက်သူထံဟုပြင်ဆင်ပါသည်။

(၁၃၀)အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)အား ပယ်ဖျက်သည်။

(၁၃၁) အပိုဒ် ၄၉ အပိုဒ်ခွဲ(ဃ)အား ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့်ရရှိသော်လည်း သတ်မှတ်ထားသော ရေကြောင်းပြငွေအားရမ်းခ၏ ထက်ဝက်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၃၂) အပိုဒ် ၄၉ အပိုဒ်ခွဲ(င)အား ပယ်ဖျက်ပါသည်။

(၁၃၃) အပိုဒ် ၅၀ အား ရေယာဉ်ကို ကြီးကြပ်လာသော ရေကြောင်းပြမှူးကြီးသည် ဥပဒေနှင့်အညီ အကြံပေးချက်ကို ရေယာဉ်မှူးက ငြင်းဆိုလျှင် ဘေးကင်းစွာ ကျော်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ရောက်ရှိသည့်အခါ ကျော်ချပြီး ရေကြောင်းပြလုပ်ငန်းကိုဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ငြင်းဆိုနိုင်သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၃၄) အခန်း(၁၂) အပိုဒ် ၅၁ ရှိကူးစက်ရောဂါများ ဝင်ရောက်လာပြီး၊ အများပြည်သူ ကျန်းမာရေးကို အန္တရာယ်ဖြစ်ခြင်းမှ ဆိုသည့်စကားရပ်အား ကုန်စည်များမှတစ်ဆင့် အများပြည်သူ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ကူးစက်ရောဂါများမှဟုလည်းကောင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမည် စကားရပ်အား တာဝန်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၁၃၅) အပိုဒ် ၅၂ အပိုဒ်ခွဲ(က)ရှိ ရေယာဉ်များမှ စကားရပ်အား ရေယာဉ်များမှတစ်ဆင့်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ကူးစက်တတ်သောရောဂါ စကားရပ်အား ကူးစက်ရောဂါဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၃၆) အပိုဒ် ၅၂ အပိုဒ်ခွဲ (ဂ) အား ကူးစက်ရောဂါ ဖြစ်ပွားနေသူများပါရှိသည့် ရေယာဉ်ပေါ်ရှိ လူများ၏ ကျန်းမာရေးကို စစ်ဆေးခြင်းဟု ပြင်ဆင်ပါသည်။

(၁၃၇) အပိုဒ် ၅၂ အပိုဒ်ခွဲ(ဃ)ရှိ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ရေယာဉ်ပေါ်ရှိ စကားရပ်အား ကူးစက်ရောဂါဖြစ်ပွားနေသူများပါရှိသည့် ရေယာဉ်ပေါ်တွင်ပါရှိသည့်ဟု ပြင်ဆင်ပါသည်။

(၁၃၈) အပိုဒ် ၅၂ အပိုဒ်ခွဲ(င)ရှိ ကူးစက်တတ်သောရောဂါ စကားရပ်အား ကူးစက် ရောဂါဟုလည်းကောင်း၊ အပိုဒ်ခွဲ(စ)ရှိ ကူးစက်ရောဂါစွဲကပ်နေသည် သို့မဟုတ် စွဲကပ်နေကြောင်း စကားရပ်အား ကူးစက်ရောဂါဖြစ်ပွားနေသည် သို့မဟုတ် ဖြစ်ပွားနေကြောင်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဆ)ရှိဆိုခဲ့သော ရေယာဉ် စကားရပ်အား ယင်းရေယာဉ် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၃၉) အပိုဒ် ၅၂ အပိုဒ်ခွဲ(ဈ)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဇ) ရေယာဉ်ပေါ်ရှိသူများနှင့် ကုန်စည်များမှ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများဆောင်ရွက်ခြင်း၊

(ဈ) ကူးစက်ရောဂါပြန့်ပွားမှု မရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်းကြားခြင်း။

(၁၄၀) အပိုဒ် ၅၃ အပိုဒ်ခွဲ(က)ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ စကားရပ်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံဟု ပြင်ဆင်ပါသည်။

(၁၄၁) အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)အား နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်သည့်အခါ မိမိကိုယ်တိုင်ဖြစ်စေ၊ ထိုရေယာဉ်၏ ကျန်းမာရေးအရာရှိကဖြစ်စေ ကူးစက်ရောဂါကင်းရှင်းကြောင်း ကြေညာချက်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ကျန်းမာရေးအရာရှိသို့ ပေးအပ်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၄၂) အပိုဒ် ၅၄ အပိုဒ်ခွဲ(က)ရှိ စစ်ဆေးပိုင်ခွင့်ဆိုသည့်စကားရပ်အား စစ်ဆေးခွင့်ဟု ပြင်ဆင်ပါသည်။

(၁၄၃) အပိုဒ် ၅၄ အပိုဒ်ခွဲ(ဂ)ရှိ ပုဂ္ဂိုလ်များ၏ စကားရပ်အား လူများ၏ဟု ပြင်ဆင်ပါသည်။

(၁၄၄) အပိုဒ် ၅၄ အပိုဒ်ခွဲ(ဃ)အား ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့အရ ဆောင်ရွက်ရာတွင် မည်သူ့ကိုမဆို ခေါ်ယူမေးမြန်းခွင့်နှင့်မေးခွန်းကို မှန်ကန်စွာဖြေဆိုရန် တောင်းဆိုခွင့်ဟု ပြင်ဆင်ပါသည်။

(၁၄၅) အပိုဒ် ၅၆ ရှိ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း စကားရပ်အား ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းဟုလည်းကောင်း၊ ကျန်းမာရေးကင်းရှင်းကြောင်း စကားရပ်အား ကူးစက်ရောဂါကင်းရှင်းကြောင်းဟု ပြင်ဆင်ပါသည်။

(၁၄၆) အခန်း(၁၃) အပိုဒ် ၅၇ အပိုဒ်ခွဲ(ခ)ရှိ လိုအပ်ပါက စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၄၇)အပိုဒ် ၅၇ အပိုဒ်ခွဲ(ဂ)ရှိ စောင့်ရှောက်သူများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကို စကားရပ်အား စောင့်ရှောက်သူ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုကိုဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ရှိ ထိန်းသိမ်းခြင်းများဆောင်ရွက်ရမည် စကားရပ်အား ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၄၈) အပိုဒ် ၅၇ အပိုဒ်ခွဲ(ဆ)ရှိ အခြားမည်သည့်ပုဂ္ဂိုလ်ကိုမဆို စကားရပ်အား အခြားမည်သူ့ကိုမဆိုဟုလည်းကောင်း၊ စီမံဆောင်ရွက်ရမည် စကားရပ်အား ညွှန်ကြားရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၄၉) အပိုဒ် ၅၇ အပိုဒ်ခွဲ(ဇ)အား ရည်ရွယ်ချက်တစ်ခုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရေယာဉ်ပေါ်သို့ သတ်မှတ်ထားသောနေရာမှ ခရီးသည်များ အတက်အဆင်းပြုလုပ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၅၀) အပိုဒ် ၅၇ အပိုဒ်ခွဲ(ည)ရှိ အခြားအလုပ်များကို စကားရပ်အား အခြားလုပ်ငန်းများကိုဟု ပြင်ဆင်ပါသည်။

(၁၅၁) အပိုဒ် ၅၇ အပိုဒ်ခွဲ(ဋ)အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ ဥပစာအတွင်း ကုန်စည်များကို လက်ခံခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေယာဉ်မှမချမီ ကုန်စည်များပျက်စီးနေခြင်း သို့မဟုတ် ယင်းသို့ ပျက်စီးနေသည်ဟု အဆိုပြုထားခြင်းခံရသော ကုန်စည်များကို လက်ခံရာ၌ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၁၅၂) အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)အား ပယ်ဖျက်ပါသည်။

(၁၅၃) အပိုဒ် ၅၉ အပိုဒ်ခွဲ(က)ရှိ ဆောင်ရွက်စေခြင်းပြုနိုင်သည် စကားရပ်အား ဆောင်ရွက်စေနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၅၄) အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပြစ်မှုတစ်ခုခု ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာရှိကြောင်း သတင်းရရှိပါက မည်သည့်ရေယာဉ် သို့မဟုတ် အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်စစ်ဆေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၅၅) အပိုဒ် ၅၉ အပိုဒ်ခွဲ(ဃ)ရှိ မီးငြိမ်းသတ်ရန်အတွက် စကားရပ်အား မီးငြိမ်းသတ်ရေးအတွက်ဟုလည်းကောင်း၊ ဆောင်ရွက်ပိုင်ခွင့်ရှိသည် စကားရပ်အား ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၅၆) အပိုဒ် ၅၉ အပိုဒ်ခွဲ(စ)ရှိ ခန့်မှန်းကြာချိန် စကားရပ်အား ခန့်မှန်းကြာမြင့်ချိန်တို့ကိုဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဇ)ရှိ ကျောက်ချရပ်နားခြင်း၊ လမ်းကြောင်းသတ်မှတ်ပေးခြင်း စကားရပ်အား ကျောက်ချရပ်နားခြင်းနှင့် လမ်းကြောင်းသတ်မှတ်ပေးခြင်းဟုလည်းကောင်း ပြင်ဆင်ပါသည်

(၁၅၇) အပိုဒ် ၆၀ အပိုဒ်ခွဲ(က)ရှိ ထိုသို့စကားရပ်အား ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၁၅၈) အပိုဒ် ၆၁ ရှိ ဤဥပဒေတွင် အကျုံးဝင်သော စကားရပ်အား ဤဥပဒေအရ သတ်မှတ်သောဟု ပြင်ဆင်ပါသည်။

(၁၅၉) အခန်း(၁၄) အပိုဒ် ၆၄ အပိုဒ်ခွဲ(က)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်း တစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၁၆၀) အပိုဒ် ၆၄ အပိုဒ်ခွဲ(ခ)ရှိ အကယ်၍ စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၆၁) အပိုဒ် ၆၄ အပိုဒ်ခွဲ(ဂ)အား ပုဒ်မခွဲ(ခ)အရ လုပ်ငန်းလိုင်စင်ရရှိသူသည် သတ်မှတ်သောလိုင်စင်ကြေးကို ပေးသွင်းရမည်ဟု ပြင်ဆင်ပါသည်။

(၁၆၂) အပိုဒ် ၆၅ ရှိ ဒဏ်ကြေးတပ်ရိုက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် စကားရပ်အား ဒဏ်ကြေးပေးဆောင်စေခြင်း၊ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ဟု ပြင်ဆင်ပါသည်။

(၁၆၃) အခန်း(၁၅) အပိုဒ် ၆၆ ရှိ မည်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်မျှ ဤဥပဒေအရ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင် စကားရပ်အား မည်သူမျှ လုပ်ငန်းလိုင်စင်ဟု ပြင်ဆင်ပါသည်။

(၁၆၄) အပိုဒ် ၆၇ အပိုဒ်ခွဲ(က)အား ရေယာဉ်နှင့် ကုန်ပါလုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်တစ်မျိုးမျိုးကို ရေကြောင်းပြမှူးကြီး၏ အကူအညီမယူဘဲ အရသတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုသို့ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ ဆိပ်ကမ်းတစ်ခုခုမှ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းအတွင်း နေရာပြောင်းရွှေ့ခြင်းမပြုလုပ်ရဟု ပြင်ဆင်ပါသည်။

(၁၆၅) အပိုဒ် ၆၇ အပိုဒ်ခွဲ(ခ)ရှိ ဆက်သွယ်ထားသည့် စကားရပ်အား ဆက်စပ်နေသည့်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၆၆) အပိုဒ် ၆၈ အပိုဒ်ခွဲ(က)ရှိ အချက်ပြမီးများကို စကားရပ်၏နောက်တွင် မိမိ၏ ရေယာဉ်တွင်စကားရပ်အား ဖြည့်စွက်ပါသည်။

(၁၆၇) အပိုဒ် ၆၈ အပိုဒ်ခွဲ(ခ)ရှိ ကြိုးကို ဖြတ်ရန်အတွက် စကားရပ်အား ကြိုးကိုဖြတ်ရန်ဟု ပြင်ဆင်ပါသည်။

(၁၆၈) အပိုဒ် ၆၈ အပိုဒ်ခွဲ(ဂ)အား နေဝင်ချိန်မှ နေထွက်ချိန်အထိ ဆိပ်ကမ်းအတွင်း အခြားရေယာဉ်များသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မိမိ၏ရေယာဉ်တွင် ချည်နှောင်ထားသည့် ကြိုးတစ်စုံတစ်ရာကိုဖြစ်စေ၊ ပစ္စည်းတစ်စုံတစ်ရာကိုဖြစ်စေ၊ ရေယာဉ်၏ပြင်ပသို့ အစွန်းထုတ်ထားခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၆၉) အပိုဒ် ၆၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)တို့အား အပိုဒ်ခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(၁) တရားမဝင်သော အလံနှင့် အချက်ပြအမှတ်အသားတို့ကို လွှင့်ထူခြင်း၊ ပြသခြင်းမပြုရ။

(၂) သတ်မှတ်ထားသောအလံနှင့် အချက်ပြအမှတ်အသားတစ်ခုခုကို လွှင့်ထူရန်နှင့် ပြသရန်ပျက်ကွက်ခြင်း မရှိစေရ။

(၃) ရေယာဉ်အချင်းချင်း ဘေးချင်းယှဉ်၍ ဆိုက်ကပ်ရပ်နားခြင်းမပြုရ။

(၄) ဆိပ်ကမ်းတံတားမှ ရေယာဉ်အားဖယ်ရှားရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(၅) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက ရေယာဉ်ကို လိုသည့်နေရာရောက်အောင် ကြိုးဖြင့်ဆွဲရေးအတွက် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(၆) ရေယာဉ် ဆိုက်ရောက်ကြောင်း သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် မမှန်မကန် သတင်းပို့ခြင်းမပြုရ။

**မူကြမ်း**

(၁၇၀)အပိုဒ် ၆၉ အပိုဒ်ခွဲ(ခ)ရှိ လျှော့၍ပြခြင်း စကားရပ်အား လျှော့၍ပြခြင်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ လျှော့ပြခြင်း စကားရပ်အား လျှော့ပြခြင်းဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၇၁)အပိုဒ် ၇၁ အပိုဒ်ခွဲ(က)အား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆိပ်ကမ်းတစ်ခုခု၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမိန့်အရ ဖြစ်စေ စိုက်ထူထားသော သို့မဟုတ် စီမံချထားသော ဗော်ယာ၊ ကျောက်စွဲကိရိယာ သို့မဟုတ် အမှတ်အသားတစ်ခုခုကို ဖယ်ရှားခြင်း၊ ဖော်ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ကြိုးလျှော့ခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၇၂) အပိုဒ် ၇၁ အပိုဒ်ခွဲ(ဃ)ရှိ ရေကြောင်းစကားရပ်အား ရေကြောင်းကိုဟု ပြင်ဆင်ပါသည်။

(၁၇၃) အပိုဒ် ၇၁ အပိုဒ်ခွဲ(င)ရှိ စောင့်ရှောက်သူများက စကားရပ်အား စောင့်ရှောက်သူ အပါအဝင် တာဝန်ရှိသူများကဟု ပြင်ဆင်ပါသည်။

(၁၇၄) အပိုဒ် ၇၁ အပိုဒ်ခွဲ(ဆ)အား ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက မီးဘေးကာကွယ်တားဆီးရေးအတွက်သော်လည်းကောင်း၊ မီးငြိမ်းသတ်နိုင်ရေး အတွက်သော်လည်းကောင်း ညွှန်ကြားသည့်အမိန့်ကိုလိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ မမှန်မကန် သတင်းပို့ခြင်းမပြုရဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဇ)ရှိ ဖြေလျှော့ခြင်းစကားရပ်အား ဖြေလျှော့ခြင်းဟုပြင်ဆင်ပါသည်။

(၁၇၅) အပိုဒ် ၇၁ အပိုဒ်ခွဲ(ဈ)ရှိ ထိုကျောက်စွဲကိရိယာ၊ ဗော်ယာအား ဖော်ယူခြင်း စကားရပ်အား ထိုကျောက်စွဲကိရိယာ သို့မဟုတ် ဗော်ယာကို ဖော်ယူခြင်းဟု ပြင်ဆင်ပါသည်။

(၁၇၆) အပိုဒ် ၇၂ အပိုဒ်ခွဲ(ခ)အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များနှင့် ရေပေါ် ရေအောက်သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို လေထုအတွင်းပစ်ချခြင်း၊ စွန့်ထုတ်ခြင်း သို့မဟုတ် ကျရောက်စေခြင်း မပြုရဟု ပြင်ဆင်ပါသည်။

(၁၇၇) အပိုဒ် ၇၂ အပိုဒ်ခွဲ(ဂ)အား ရေကြောင်းသွားလာမှုကိုဟန့်တားခြင်း ဖြစ်ပေါ်နိုင်သော အခြားပစ္စည်းများကို ရေယာဉ်မှ ဆိပ်ကမ်းတစ်ခုခုအတွင်းသို့ ပစ်ချခြင်း၊ စွန့်ပစ်ခြင်း၊ သို့မဟုတ် ကျရောက်စေခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၇၈) အပိုဒ် ၇၂ အပိုဒ်ခွဲ(ဃ) မှန်တိုင်း သို့မဟုတ် စကားရပ်အား မုန်တိုင်းကြောင့်ဖြစ်စေဟု ပြင်ဆင်ပါသည်။

(၁၇၉) အပိုဒ် ၇၃ အပိုဒ်ခွဲ(က)ရှိ တားမြစ်ထားသော အချိန် သို့မဟုတ် နယ်မြေအတွင်း၌ ဖြစ်စေစကားရပ်အား တားမြစ်ချက်နှင့် ဆန့်ကျင်၍ဖြစ်စေဟု ပြင်ဆင်ပါသည်။

(၁၈၀) အပိုဒ် ၇၃ အပိုဒ်ခွဲ(ခ)ရှိ ကတ္တရာဆိုသည့် စကားရပ်၏ရှေ့တွင် ဂဟေဆော်ခြင်း သော်လည်းကောင်း စကားရပ်ကို ဖြည့်စွက်၍၊ ကျိုချက်ခြင်း ဂဟေဆော်ခြင်း စကားရပ် အားကျိုချက်ခြင်းသော်လည်းကောင်းဟု ပြင်ဆင်ပါသည်။

(၁၈၁) အပိုဒ် ၇၃ အပိုဒ်ခွဲ(ဂ)ရှိ အကာအကွယ်မရှိသော မီးကိုထွန်း၍ စကားရပ်အား မီးကို အကာအကွယ်မရှိဘဲ ထွန်းညှိ၍ဟု ပြင်ဆင်ပါသည်။

(၁၈၂) အပိုဒ် ၇၃ အပိုဒ်ခွဲ(ဃ)ရှိ ပျောက်ဆုံးသော သို့မဟုတ် ပျောက်ဆုံးသည်ဟုယူဆသော စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၈၃) အပိုဒ် ၇၃ အပိုဒ်ခွဲ(င)ရှိ ခွင့်ပြုချက်မရဘဲ စကားရပ်အား ခွင့်ပြုချက်မရှိဘဲဟု ပြင်ဆင်ပါသည်။

(၁၈၄) အပိုဒ် ၇၃ အပိုဒ်ခွဲ(စ)ရှိ မည်သည့်အရာကိုမှ စကားရပ်အား မည်သည့်အရာကိုမျှဟု ပြင်ဆင်ပါသည်။

(၁၈၅) အပိုဒ် ၈၁ အဖြစ် မည်သူမျှ ဆိပ်ကမ်းအာဏာပိုင်၊ ဆိပ်ကမ်းအာဏာပိုင်က တာဝန်ပေး အပ်သူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေ ရဟု အသစ်ဖြည့်စွက်ပါသည်။

(၁၈၆) အပိုဒ် ၇၄ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မူကြမ်း**

၈၂။ မည်သည့်စီမံခန့်ခွဲရေး အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်းတစ်ဦးဦးမျှ မိမိအကျိုးစီးပွားအတွက် -

(က) ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် ချုပ်ဆိုသော စာချုပ်တွင် ပါဝင်ချုပ်ဆိုခြင်း သို့မဟုတ် ပတ်သက်ခြင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သို့ အကျိုးအမြတ်ဖြင့် ငွေချေးခြင်းမပြုရ။

(၁၈၇) အခန်း(၁၆) အပိုဒ် ၇၅၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊ အပိုဒ် ၇၈၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀ နှင့် အပိုဒ် ၈၁ တို့အား ဥပဒေရေးထုံးနှင့်ညီညွတ်စေရန် စကားရပ်များအား ပြင်ဆင်ပါသည်။

(၁၈၈) အခန်း(၁၇) အပိုဒ် ၈၃ ရှိ ဆုကြေးချီးမြှင့်ပိုင်ခွင့်ရှိရမည် စကားရပ်အား မိမိ၏ ဝန်ထမ်းများအား ဆုကြေးချီးမြှင့်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၈၉) အပိုဒ် ၈၅ ရှိ ဝန်ထမ်းသည်စကားရပ်၏ရှေ့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စကားရပ်အား ဖြည့်စွက်ပါသည်။

(၁၉၀) အခန်း(၁၈) အပိုဒ် ၈၇ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရသော စီးပွားရေးအဖွဲ့အစည်း ဖြစ်၍ ယင်း၏လည်ပတ်သော ငွေကြေးနှင့် ပိုင်ဆိုင်သော ပစ္စည်းမှန်သမျှသည် နိုင်ငံတော်က ပိုင်ဆိုင်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

(၁၉၁) အပိုဒ် ၈၈ ရှိ သတ်မှတ်ထားရမည်စကားရပ်အား သတ်မှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၉၂) အပိုဒ် ၉၀ နှင့် အပိုဒ် ၉၂ တို့အား ပယ်ဖျက်ပါသည်။

(၁၉၃) အပိုဒ် ၉၁ ရှိ ပိုင်ရှင်စကားရပ်အား ရေယာဉ်ပိုင်ရှင်ဟု ပြင်ဆင်ပါသည်။

(၁၉၄) အပိုဒ် ၉၄ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၉၅) အပိုဒ် ၉၆ ရှိ မဆန့်ကျင်သမျှစကားရပ်အား မဆန့်ကျင်သရွေ့ဟု ပြင်ဆင်ပါသည်။

(၁၉၆) အပိုဒ် ၉၇ (ခ) အား ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၉၇) အပိုဒ် ၉၆ (ဂ) အဖြစ်(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ပေးအပ်သူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်ကို ထုတ်ပြန်နိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၉၈) ဇယား(ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၅ ကို ရည်ညွှန်းသည်) အား အခန်း(၁၀) ဘဏ္ဍာရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အခန်းသို့ ပြောင်းရွှေ့ပြီး ဇယား၏ အပိုဒ် ၂ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်ဟု ပြင်ဆင်ပါသည်။

(၁၉၉) ဇယား၏ အပိုဒ် ၃ အား စာရင်းစစ်အဖွဲ့၏ စာရင်းစစ်အခကြေးငွေများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာငွေရန်ပုံငွေမှ ကျခံပေးရမည်ဟု ပြင်ဆင်ပါသည်။

(၂၀၀) ဇယား၏ အပိုဒ် ၄ အား နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း စာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဌာနအဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၂၀၁) ဇယား၏ အပိုဒ် ၅ အား အောက်ပါအတိုင်းပြင်ဆင်ပါသည်-

အစီရင်ခံစာတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာထုတ်ပြန်ချက်များ၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပစ္စည်းစာရင်းများ၊ ထည့်ဝင်ခြင်းများ၊ ဆက်ခံအသုံးပြုခွင့်နှင့် အခြားဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊

**မူကြမ်း**

(ဂ) ဤဥပဒေအရ တရားဝင်ဆက်ခံရမည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်မှု၊ ပစ္စည်းများထုခွဲရောင်းချပြီး ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် ရငွေနှင့်အသုံးစရိတ် စာရင်း၊

(ဃ) အခြားတင်ပြရန်ရှိပါက စာရင်းစစ်အဖွဲ့၏ သီးခြားအစီရင်ခံစာ၊

(၂၀၂) ဇယား၏အပိုဒ် ၆ အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဝန်ကြီးဌာနလိုအပ်ချက်အရ ဖြစ်စေ၊ အထက်အဖွဲ့အစည်းအဆင့်ဆင့်တို့၏ တာဝန်ပေးချက်အရဖြစ်စေ၊ စာရင်းစစ် အဖွဲ့သည် သီးခြားစစ်ဆေးအစီရင်ခံတင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၂၀၃) ဇယား၏အပိုဒ် ၇ နှင့် အပိုဒ် ၈ အား အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ပါသည်- စာရင်းစစ်အဖွဲ့ကသော်လည်းကောင်း၊ အခြားအခွင့်အာဏာရသူတစ်ဦးဦးကသော် လည်းကောင်း-

(က) ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စာရင်ဇယားများကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ထံမှ တောင်းခံပိုင်ခွင့်ရှိသည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ အား ခေါ်ယူတွေ့ဆုံမေးမြန်း စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သက်ဆိုင်သည့်ရုံး၊ အဆောက်အဦနှင့် ဥပစာ များအတွင်းသို့ ဝင်ရောက်စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဃ) ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စာရင်းဇယားများကို ကောက်နုတ် ခြင်း သို့မဟုတ် ကူးယူခြင်းပြုလုပ်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံတင်ပြအပ်ပါသည်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)နှင့် အညီ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

**မူကြမ်း**

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ Corporatization အသွင်ပြောင်းလဲ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန်အတွက် ခေတ်နှင့်အညီ ရေးဆွဲထားသည့် ဥပဒေပြဋ္ဌာန်းရန် ရည်ရွယ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၄-၅-၂၀၁၄၊ ၁-၆-၂၀၁၄၊ ၂-၆-၂၀၁၄၊ ၃-၆-၀၁၄ နှင့် ၇-၆-၂၀၁၄ ရက်နေ့တို့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် ဖတ်ကြားတင်သွင်းခြင်း မပြုတော့သည်ကို ခွင့်ပြုပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပန်ကြားအပ်ပါသည်ခင်ဗျား။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးမိုးအောင်၊ စာမျက်နှာ ၂၊ အခန်း ၂ ရည်ရွယ်ချက် ဤအပိုင်းကို လွှတ်တော်ကိုဖတ်ကြားရှင်းလင်းတင်ပြပေးပါ။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်ခင်ဗျား။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ (ခ) ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီးလုံခြုံမှုရှိစေရန်၊ (ဂ) အမှီအခိုကင်းစွာရပ်တည်ခွင့်ရှိသောမြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့အစည်းဖြင့် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းနိုင်ရန်၊ (ဃ) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျစည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြု

နိုင်ရန် (င) ဆိပ်ကမ်းများပိုမိုဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆိုတဲ့ရည်ရွယ်ချက်များနှင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ရပါပြီ။ ကောင်းပါပြီ။

## ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နဲ့ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၈-၈-၂၀၁၄ (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက တင်သွင်းသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုယ်စား မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး တင်သွင်းရန်ဖြစ်ပါတယ်။

**ဦးမောင်တိုး(အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီရဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ကိုယ်စား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါ

တယ်။ ဤဥပဒေကြမ်းကိုတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အကျိုးအကြောင်းဖော်ပြချက်များကို လည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော်တို့ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ အနည်းငယ် အကျိုးအကြောင်းဖော်ပြချက်ကိုတင်ပြရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို ဒီဘတ်ဂျက်ကိုနှစ်စဉ် တင်ပြတဲ့ အခါမှာ ကျွန်တော်တို့ ဒီရှင်းလင်းတိကျမှုလို့ခေါ်တဲ့ (Clearity)နောက် ပွင့်လင်းမြင်သာမှု (Transferency) ပြီးပြည့်စုံမှု (Comprehensiveness) နဲ့တာဝန်ခံမှု (Accountability) ဆိုတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံဖို့လိုပါတယ်။ အဲ့လို လိုပြီးတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ ငွေရေးကြေးရေးအခြေအနေ တိုးတက်တည်ငြိမ်ရေး၊ ပြည်တွင်းပြည်ပကြွေးမြီများ လျှော့နည်းရေးတို့အတွက် ဒီဥပဒေကို ပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုး ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ဥပဒေမျိုးဟာ ကျွန်တော်တို့နိုင်ငံအားလုံး နီးပါးမှာရှိပါတယ်။ နမူနာတင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော် တို့ ကမ္ဘောဒီးယားနိုင်ငံမှာ Public Finance System Law, 2008 ဆိုပြီးတော့ရှိပါတယ်။ နောက် လာအိုမှာ State Budget Law, 2006 ဆိုပြီးတော့ရှိပါတယ်။ ဗီယက်နမ်မှာ State Budget Law, 2002 ဆိုပြီးတော့ရှိပါတယ်။ အိန္ဒိယမှာ Fiscal Responsibilty and Budget Management Act, 2003 ဆိုပြီးတော့ရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ သမ္မတစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာ ကျွန်တော်တို့ဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့ရင် အစိုးရအဖွဲ့က လွှတ်တော်ကို ဘာတွေစာရွက်စာတမ်း တွေတင်ရမယ်။ ဘယ်လိုတွေအစီရင်ခံရမယ်။ Accountability ဘာလုပ်ရမလဲဆိုတဲ့ ဟာတွေကို ကျွန်တော်တို့ ဒီလိုမျိုးဥပဒေရေးဆွဲပြီးတော့ ထုတ်ပြန်လေ့ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုလို့ရှိရင် ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ဥပဒေဟာ လေးခု ရှိပြီးတော့၊ အမေရိကန်နိုင်ငံမှာ ကိုးခု ရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းကာလအတွင်းမှာ သုံးနှစ် ကျော်ကျော် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်ကိုလေ့လာပြီးတဲ့အခါမှာ ကျွန်တော်တို့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ရေးဆွဲခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းဖို့လိုအပ်တာကို တွေ့ရတဲ့ အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေနဲ့ ဤဥပဒေကြမ်းကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးစဉ်းစား၍ အတည်ပြုဆုံးဖြတ်ပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်မှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပေးပို့လာသော ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်၌ စတင် ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ စိစစ်သုံးသပ်ချက်များနှင့် အညီ တင်ပြနိုင်စေရန်ရည်ရွယ်၍ ဤဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၇-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းအစည်း အဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်များမှာ-

**မူကြမ်း**

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၇) ခန်းနှင့် ပုဒ်မပေါင်း(၃၈) ခုပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးတွင်ပါရှိသော ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(ဂ) နိဒါန်းအား ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေး၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေကြေးအခြေအနေတိုးတက်တည်ငြိမ်ရေး ပြည်တွင်းပြည်ပ ကြွေးမြီများလျော့နည်းရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်ဟုပြင်ဆင်ပါသည်။

(ဃ) ဤဥပဒေကြမ်းတွင်ပါရှိသော တိုင်းဒေသကြီး/ပြည်နယ် စကားရပ်များအား တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဟု ပြင်ဆင်ပါသည်။

(င) အခန်း(၇) အပိုဒ် ၃၇ တွင်ပါရှိသော Word/Excel စကားရပ်အား Word or Excel ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နဲ့အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက တင်သွင်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နဲ့ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ

ကျကျဖော်ပြ၍ ၂၈-၈-၂၀၁၄ (ကြာသပတေးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အချိန် ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှု ရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့်ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေး အဆိုနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်ရဲ့ အဆိုအပေါ် ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မက ဦးအောင်ဇင်တင်သွင်းတဲ့အဆိုကို ကန့်ကွက်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ FPTP စနစ်ကို ပြောင်းလဲဖို့ ယခင်အခါက ရွေးကောက်ပွဲ စတင်အသုံးပြုစဉ်က ယနေ့ ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲပြီးသည့်အချိန်အထိ ဘာကြောင့် PR စနစ်ကို ပြောင်းလဲဖို့ တင်ပြခဲ့ခြင်း၊ ဆွေးနွေးခဲ့ခြင်း၊

ညှိနှိုင်းခဲ့ခြင်း မပြုလုပ်ခဲ့ဘဲ ယခုအချိန်ကာလမှ အဆိုတင်သွင်းလာခြင်းဟာ ပြည်သူတွေက သံသယဖြစ်စေပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ PR စနစ်ကို သုံးတယ်လို့ဆိုကြပါတယ်။ ဒီမိုကရေစီ ရင့်ကျက်တဲ့နိုင်ငံများဖြစ်တဲ့ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့မှာပင် FPTP စနစ်ကို ကျင့်သုံးတာတွေ့ရပါတယ်။ အဲ့လိုကျင့်သုံးတဲ့အခါမှာ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို PR နဲ့ကာကွယ်တာမဟုတ်ဘဲနဲ့ လူ့အခွင့်အရေးတွေနဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေး၊ ၎င်းတို့နိုင်ငံမှာရှိတဲ့ ဥပဒေများနှင့်အကာအကွယ်ပေးထားတာဖြစ်ပါတယ်။ ရွေးကောက်ပွဲစနစ်တစ်ခု ပြောင်းလဲဖို့ ဆုံးဖြတ်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ထဲမှ ဆုံးဖြတ်ရသကဲ့သို့ အဓိကကျတဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း အလေးထား၍ ၎င်းတို့ရဲ့သဘောထားကိုလည်း ရယူ၍ ၎င်းတို့ဆုံးဖြတ်သည့်ဆန္ဒခံယူပွဲများလည်း လုပ်ရန်အထူးလိုအပ်ပါတယ်။ PR စနစ်ကျင့်သုံးတဲ့ အများစုက ထောက်ခံဆွေးနွေးသူအားလုံးက ထည့်မပြောတဲ့အချက်တစ်ခုရှိပါတယ်။ အဲ့ဒါကဘာလဲဆိုတော့ တိုက်ရိုက်ရွေးချယ်တဲ့ကိုယ်စားလှယ်တွေကို ဘယ်နိုင်ငံမှာမှ PR စနစ်ကို သုံးတဲ့နိုင်ငံမှာမရှိဘူးဆိုတာကို သတိပြုဖို့လိုအပ်ပါတယ်။ အဲ့ဒီအချက်က ကျွန်မတို့ ပြည်သူတွေကို ရိုးသားစွာ တင်ပြခြင်းလည်း ဖြစ်ပါတယ်။ တိုက်ရိုက်ခန့်တဲ့ ပြည်သူတွေရွေးချယ်တင်မြှောက်မှုမရှိတဲ့ ကိုယ်စားလှယ်တွေကို ပုံသေထားပြီး ရွေးကောက်ပွဲကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကို PRနဲ့ရွေးမယ်ဆိုရင် လွှတ်တော်ထဲမှာဘယ်သူတွေက Key Player ဖြစ်မယ်ဆိုတာ တွက်ကြည့်လို့ရပါတယ်။ PR ကိုအားလုံးအတွက်သုံးမယ်ဆိုရင် မြန်မာ့လူဦးရေ သန်း ၆၀ နဲ့ တပ်မတော်သား ၅ သိန်းရှိတယ်ဆိုရင် လူဦးရေအရအချိုးအားဖြင့် ၀.၈၃ ရာခိုင်နှုန်းရှိပါတယ်။ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ် ၃၃၀ နဲ့တွက်မယ်ဆိုရင် ပြည်သူတွေက ရွေးချယ်မှုမရှိတဲ့ ကိုယ်စားလှယ်၅.၄ ရာခိုင်နှုန်းသာရရှိပြီးတော့ ၅ ယောက်ထက်ပို၍ ရနိုင်စရာမရှိပါဘူး။ ဒါကြောင့် ကမ္ဘာမှာ PR စနစ်ကိုအမျိုးမျိုး ကျင့်သုံးတာရှိပါတယ်။ အဲ့ဒီထဲမှာ အဓိကကျတဲ့ စနစ်လေးမျိုးကိုသာ သုံးနေကြတာကို တွေ့ရပါတယ်။ ဒါပေမယ့်အဆိုမှာ PR စနစ်ကိုအသုံးပြုဖို့ တင်ပြပြောဆိုပြီး မည်သည့်အမျိုးအစား PR ကို ကျင့်သုံးတယ်ဆိုတာ တိကျစွာဖော်ပြထားခြင်း မရှိတဲ့အတွက်ကြောင့် နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(က)မှာပါသော တိကျစွာဖော်ပြထားသော အကြောင်းတစ်ရပ် မပါရှိသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၁၅၈(က) ပါ အဆိုရဲ့အင်္ဂါရပ်နဲ့လည်း မညီတဲ့အတွက် ကြောင့် ဥပဒေနဲ့ ညီညွတ်ခြင်းမရှိကြောင်းကို တွေ့ရပါတယ်။ ဒ့ါအပြင် ပြည်သူတွေကို မည်သူ့ကို တိုက်တွန်းတယ်ဆိုတာကိုလည်း ရှင်းလင်းစွာဖော်ပြထားခြင်းလည်း မရှိဘူးဆိုတာလည်း တွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ အရလည်း မြို့နယ် ၃၃၀ အတွက်ဆန္ဒနယ် တစ်နယ်

မှာ ကိုယ်စားလှယ်တစ်ယောက်ကိုသာ ရွေးချယ်ပြဋ္ဌာန်းရန် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ PR စနစ်ကိုကျင့်သုံးလို့လည်းမရပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်းဆန့်ကျင်နေပါတယ်။ ဒါကြောင့် နိဂုံးအနေနဲ့ ကျွန်မပြောရရင် PR စနစ်ကိုပြောင်းလဲတင်သွင်းဖို့ ပြောဆိုသော အဆိုဟာ အထက်က ကျွန်မတင်ပြခဲ့တဲ့ အချက်များနှင့်လည်း ညီညွတ်ခြင်းမရှိဘူး။ နောက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ကွဲလွဲနေတယ်၊ ဆန့်ကျင်နေတဲ့အတွက်ကြောင့် ဦးအောင်ဇင်တင်သွင်းသော အဆိုအား ရွေးကောက်ပွဲစနစ်ပြောင်းလဲခြင်းအဆိုကို ကန့်ကွက်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့်၊ ငပုတောဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ပုဇွန်တောင်မဲဆန္ဒနယ်က ဦးအောင်ဇင်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့်ဒီကနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိနေပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံသဘောအရ ပြည်သူအားလုံးတန်းတူညီမျှမှုရှိရန်၊ လွတ်လပ်မှုရှိရန်၊ ခံယူချက်အတွေးအခေါ် အယူအဆ အမျိုးမျိုးဖြစ်နေတာအားလုံး သဟဇာတဖြစ်အောင် ကျင့်သုံးတာက ဒီမိုကရေစီပဲ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြခဲ့တဲ့ PR စနစ်ပြောင်းလဲကျင့်သုံးဖို့ဆိုတာ အခုမှမဟုတ်ပါဘူးရှင်။ ၂၀၁၂ ခုနှစ်ကတည်းက ဒီမိုကရေစီမိတ်ဆွေပါတီ ၁၀ ပါတီကနေစတင်ခဲ့ခြင်းဖြစ်ပါတယ်။ ပါတီ ၁၀ ခုမှာ ယခု လွှတ်တော်ထဲမှာ ပါတီ ၆ ခုရှိပြီးတော့ လွှတ်တော်ရဲ့ပြင်ပမှာ ပါတီ ၄ ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ PR စနစ်ပြောင်းလဲကျင့်သုံးဖို့အတွက် လွှတ်တော်အတွင်းမှာကော၊ လွှတ်တော်ပြင်ပတွေမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို ကျော်လွှန်နေတယ်၊ ဆန့်ကျင်နေတယ်၊ ပြောင်းလဲဖို့စောသေးတယ်၊ အချိန်ယူသင့်တယ် စသည်ဖြင့် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောနေ၊ ရေးနေကြတာကို တွေ့ရပါတယ်။ ဒါဆိုရင် နှစ်ပေါင်းများစွာ အချိန်ယူရေးဆွဲလာခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတောင်မှ လွှတ်တော် သက်တမ်းတစ်ခုမတိုင်မီမှာ ပြင်ဖို့လုပ်နေကြရပါတယ်။ ရွေးကောက်ပွဲစနစ်ကလေးတစ်ခု မဟုတ်ပါဘူး။ အင်မတန်မှ မတို့သင့်၊ မထိသင့်တဲ့ နိုင်ငံတော်ရဲ့အခြေခံမူကိုပင် ပြင်ရန်ဆောင်ရွက်

နေကြရတဲ့အတွက် ပြင်သင့် ပြင်ထိုက်တဲ့အချိန်မှာ ပြင်ရမှာဖြစ်ပြီးတော့ စောတယ်၊ နောက်ကျတယ်ဆိုတာ မရှိဘူးလို့ ရိုးသားစွာတင်ပြလိုပါတယ်။ အားလုံးပါဝင်နိုင်မယ့်စနစ်ဖြစ်မယ်ဆိုရင် ဒီမိုကရေစီရဲ့ မူအရ ကြိုဆိုရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပုံစနစ်သတ်မှတ်ရာမှာ နိုင်ငံတော်ဥပဒေက ပေးထားတဲ့ မူဘောင်အတွင်းကနေပြီးတော့ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်တဲ့ ရွေးကောက်ပွဲစနစ်ကို သတ်မှတ်ကျင့်သုံးရမှာဖြစ်ကြောင်းကိုလည်း ဆွေးနွေးလိုပါတယ်။ ဘယ်စနစ်ပဲဖြစ်ဖြစ် အားသာချက်ရှိသလို အားနည်းချက်လည်းရှိမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဘယ်ဟာကပိုအားသာသလဲ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ပထဝီမြေအနေအထားအရ ဘယ်လိုစနစ်ကပိုပြီးအကျိုးရှိမှာလဲ။ တိုင်းရင်းသားငယ်ကလေးများ၊ ပါတီငယ်ကလေးများအတွက် ဘယ်စနစ်က ပိုပြီးကျင့်သုံးသင့်သလဲဆိုတာကို ထည့်သွင်းတွက်ချက်ပေးရမှာ ဖြစ်ပါတယ်။ PR စနစ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ မဲဆန္ဒရှင် ပြည်သူများရဲ့ မဲလေလွင့်ဆုံးရှုံးမှုများကို ကာကွယ်ခြင်း၊ မဲအနည်းငယ်နှင့် ရှုံးနိမ့်သွားခဲ့ရတဲ့ ကိုယ်စားလှယ်တွေကို မဲပေးခဲ့ရတဲ့ ပြည်သူများရဲ့ ကိုယ်စားပြုမှုမရခြင်းဆိုတဲ့ အချက်ကိုလည်း အဓိကကာကွယ်တဲ့စနစ်ဖြစ်တယ်ဆိုတာ ဘယ်သူမှငြင်းလို့မရပါဘူးရှင်။ PR စနစ်သုံးစွဲခြင်းအားဖြင့် မဲပေးသူပြည်သူများ ရွေးကောက်ပွဲစနစ်ရဲ့ လှုပ်ရှားရှုပ်ထွေးမှုနားမလည်မှု၊ မဖြစ်သင့်တာမဖြစ်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိခိုက်နိုင်တယ်။ ရှုံးတဲ့မဲတွေကို တစ်နိုင်ငံလုံးမှာစု၊ ရှုံးမဲများကိုကောက်သင်းကောက်တယ်လို့ ဆွေးနွေးသွားတာတွေကိုလည်း တွေ့ရှိရပါတယ်။ ရှုံးမဲမဟုတ်ပါဘူးရှင်။ ပြည်သူအများက သူတို့အတွက် အလေးထားတန်ဖိုးထားပြီးတော့ ပေးခဲ့ကြတဲ့မဲတွေဖြစ်တဲ့အတွက် တန်ဖိုးရှိတဲ့မဲတွေကို တန်ဖိုးရှိတဲ့နေရာတွေမှာ အသုံးချဖို့လုပ်ခြင်းပဲဖြစ်ပါတယ်။ ဘယ်လောက်ကောင်းတဲ့စနစ်ပဲဖြစ်ဖြစ် အကျိုးအပြစ်ဆိုတာကတော့ ရှိမှာပါပဲ။ ကိုယ်မလုပ်ချင်တဲ့စနစ်အပေါ်မှာ မကောင်းတဲ့အပြစ်တွေအများကြီးဖော်ပြနေရင် အဲ့ဒီစနစ်ဟာ မကောင်းတာပဲဖြစ်သွားပါလိမ့်မယ်ရှင်။ အဆိုရှင်ဦးအောင်ဇင်ဆွေးနွေးသွားသလို တစ်နိုင်ငံလုံးမှာ တစ်ပြိုင်တည်း ဆောင်ရွက်ဖို့မလုပ်ဘဲနဲ့ ဖြစ်တဲ့အပိုင်းကနေပြီးတစ်ဆင့်ချင်းတက်၊ အချိန်တန်သူက ရှေ့ကနေစံနမူနာပြလုပ်၊ ကျန်တာကို နောက်ကနေဆက်လက်ဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။ အဆိုရှင်က အချိုးကျကိုယ်စားပြုစနစ်လို့ ဆွေးနွေးသွားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့ဒီစနစ်ကို ၂၀၁၂ ခုနှစ်၊ ဒီမိုကရေစီမိတ်ဆွေပါတီများ တင်ကတည်းက လေ့လာပြီး ကျွန်မတို့နိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသားလူမျိုးငယ်ကလေးများအတွက်လည်းကောင်း၊ ပါတီမှတ်ပုံတင်များလှတဲ့ ကျွန်မတို့ မြန်မာနိုင်ငံထဲက ပါတီငယ်ကလေးများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ ပြန့်ကျဲနေကြတဲ့ တိုင်းရင်းသားများအတွက်လည်းကောင်း၊ ပြည်ထောင်စုစနစ်ကို

ဖော်ဆောင်နိုင်တဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကောင်းဆုံးဖြစ်မယ်ထင်ပြီးတော့ ကျွန်မတို့ ရတဲ့ ခွဲတမ်းထဲက ခွဲပေးနိုင်မည့် PR စနစ်ကိုဖော်ဆောင်ဖို့ ထောက်ခံရခြင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပပုံစနစ်ကို သတ်မှတ်ရွေးချယ်ရာမှာလည်း နိုင်ငံတော်ဥပဒေကပေးထားတဲ့ မူဘောင်အတွင်း ကနေ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိမည့် အစိုးရတစ်ခုကို ဖွဲ့စည်းနိုင်သော မြန်မာနိုင်ငံနှင့်လိုက်လျော ညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်တဲ့ အချိုးကျကိုယ်စားပြု စနစ် အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းတစ်ခုပေါ်ပေါက်လာရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့၍ ဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်း ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်ရဲ့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျ ကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော်ရွေးချယ် တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးအဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ် အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမျိုးအောင်၊ ဒဂုံဆိပ်ကမ်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးအောင်(ဒဂုံဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပုဇွန်တောင်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်တင်သွင်းတဲ့ အဆိုကို ကျွန်တော်က ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တင်ပြချင်တဲ့ အချက်ကတော့ သူ့ရဲ့ဝိသေသအထူးညွှန်းထားတဲ့ မြန်မာနိုင်ငံတော်နှင့်လိုက်လျောညီထွေဖြစ်စေမယ် ဆိုတဲ့ အချက်ကိုပဲစပြီး ကန့်ကွက်ရပါလိမ့်မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့် ခေါင်းပေါင်း ပေါင်းပါ။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပုဇွန်တောင်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်တင်သွင်းတဲ့ အဆိုကို ကျွန်တော်က ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တင်ပြချင်တဲ့ အချက်ကတော့ သူ့ရဲ့ဝိသေသအထူးညွှန်းထားတဲ့ မြန်မာနိုင်ငံတော်နဲ့လိုက်လျောညီထွေဖြစ်စေမယ့် ဆိုတဲ့အချက်ကိုပဲ စပြီးကန့်ကွက်ရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လွတ်လပ်ရေးခေတ်ဦး တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကစ ကျင့်သုံးလာခဲ့တဲ့ ဒီစနစ်က ဘယ်မှာစပြီးတော့မှ ပြဿနာ

စပြီးပေါ်လာခဲ့သလဲဆိုတာကို တိတိကျကျ ရည်ညွှန်းဖော်ပြတာ၊ ဆွေးနွေးတာတွေ ကျွန်တော်တို့ မကြားခဲ့ရပါဘူး။ ပထမဦးဆုံးအနေနဲ့ကတော့ ၁၉၅၆ ခုနှစ် ဖဆပလခေတ်မှာ မဲအရေအတွက်နှင့်မမျှအောင် လွှတ်တော်ဦးရေနည်းခဲ့တဲ့ ပမညတ နာမည်ပဲသုံးခွင့်ပြုပါခင်ဗျား။ သမိုင်းဖြစ်တဲ့အတွက်။ ဒီကိစ္စကို ရည်ညွှန်းကြပါတယ်။ ဒါပေမယ့် ဒီမိုကရေစီကို လက်ခံကျင့်သုံးနေကြတဲ့ပြည်သူတွေရော၊ ပါတီတွေရော အဲ့ဒီတုန်းကရှိတဲ့ ဗမာ့တပ်မတော်အပါအဝင် ဘယ်သူကမှ ဒါကိုဝေဖန်ခြင်းမပြုခဲ့ကြပါဘူး။ အဲ့ဒီလိုသာ အဲ့ဒီစနစ်ကတည်းက ဒါကိုဝေဖန်ကြမယ်။ ပြောင်းလဲဖို့ကြိုးစားကြမယ်ဆိုရင် ဒါလောက်အခြေအနေထိဖြစ်လာမှာ မဟုတ်ပါဘူး။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက ဖြစ်ခဲ့တဲ့ပြဿနာကို ကျွန်တော်တို့ အမှန်အတိုင်း ပြန်ပြီးသုံးသပ်ကြဖို့လိုပါလိမ့်မယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းကကော ဒီ FPTP နဲ့ပဲအနိုင်ရခဲ့တာကို ဦးဆောင်ကျင်းပပေးတဲ့အစိုးရက ဒါကို အကောင်အထည်ဖော်မပေးဘူး။ ဒါမှားယွင်းတယ်ဆိုရင် အဲ့ဒီကတည်းက ကျွန်တော်တို့ ပြင်ဖို့ကြိုးစားခဲ့ကြရပါလိမ့်မယ်။ ဒါက သမိုင်းပါ။ အဲ့ဒီတော့ ထိုနည်းတူစွာ ဒီဟာကို မလုပ်ခဲ့ဘဲနဲ့ အခု ဒီ ၂၀၁၂၊ ၂၀၁၀ မှာလည်း ဒီ ၂၀၁၀ ရွေးကောက်ပွဲရဲ့အခြေခံဖြစ်တဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ရေးဆွဲတုန်းကလည်း ဒီ FPTP စနစ် ကိုပဲ အခြေပြုပြီးရွေးခဲ့ကြတာပါ။ ကျွန်တော်တို့ ဒီဟာကို ၁၄ နှစ်ကြာအောင် စဉ်းစားသုံးသပ်ပြီးတော့မှ တိုင်းပြည်တစ်ပြည်လုံးက ကိုယ်စားလှယ်တွေနဲ့ရေးဆွဲထားခဲ့တဲ့ ဒီအခြေခံဥပဒေရဲ့အနှစ်သာရထဲမှာ ထည့်သွင်းထားပြီးသားဖြစ်ပါတယ်။ လွယ်လွယ်ကူကူနဲ့ ဒီရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းမယ်ဆိုရင် အစကတည်းက အခြေခံဥပဒေမှာ ရွေးကောက်ပွဲစနစ်ကို ထည့်သွင်းထားဖို့ မသင့်တော်ခဲ့ပါဘူး။ အခု ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒါကို အရှိအတိုင်းပဲလက်ခံပါတယ်။ ကျွန်တော်တို့ အဖွဲ့ချုပ်ကအပါအဝင်။ ဒါပေမယ့် လွယ်လွယ်ကူကူနဲ့ ပြန်ပြီးတော့မှ ဒီစနစ်ကို ပြန်ပြောင်းဖို့ဆိုရင်တော့ မသင့်တော်တဲ့အတွက် ဒီစနစ်ကို ပြန်ပြီးတော့မှ PR စနစ်ကို အသစ်သွတ်သွင်းမယ်ဆိုရင် စနစ်တကျ တစ်တိုင်းပြည်လုံးအနှံ့ ပညာရှင်တွေပါဝင်တဲ့ သုတေသနတွေ၊ စစ်တမ်းတွေ၊ ဒီစနစ်ရဲ့ အားနည်းချက်တွေ၊ FPTP ရဲ့အားနည်းချက်တွေကို ကျွန်တော်တို့ ပြည်သူကို ချပြပြီးပြီလား။ ကျွန်တော်တို့လွှတ်တော်မှာလည်း ဒီကိစ္စကို ဒီလိုလွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးရုံနဲ့ပဲလုံလောက်ပြီလား ဆိုတဲ့အချက်ကိုတော့ ကျွန်တော်တို့ အများကြီးစဉ်းစားရပါလိမ့်မယ်။ နောက်ဆုံးတစ်ချက်ကတော့ ဒီအခြေခံဥပဒေနှင့်အတူ ဆက်နွယ်နေတဲ့နိုင်ငံရေးပြဿနာတစ်ခုပါ။ အဲ့ဒီတော့ အခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲစနစ်တွေအစ အားလုံးက အဓိကရည်ရွယ်တာကတော့ အစိုးရတစ်ရပ်၊ ခိုင်မာတဲ့အစိုးရတစ်ရပ် ပေါ်ထွန်းရေးပါပဲ။ အစိုးရတစ်ရပ်ပေါ်ထွန်းဖို့အတွက် အစကနဦး

လုပ်တဲ့ရွေးကောက်ပွဲစနစ်က ကျွန်တော်တို့ အင်္ဂလိပ်လိုသုံးခွင့်ပြုပါခင်ဗျား။ Legitimacy လို့ခေါ်တဲ့ တရားဝင်ရပ်တည်မှုပါ။ တရားဝင်ရပ်တည်မှုဆိုတာ အများနားလည်အောင်ရှင်းပြရရင်တော့ ပြည်သူ အပါအဝင် နိုင်ငံသားအားလုံးကလည်း ဘဝင်ကျလက်ခံရမှာဖြစ်သလို ကမ္ဘာ့နိုင်ငံတွေကလည်း အသိအမှတ်ပြုရပါလိမ့်မယ်။ ဒီလိုဆိုရင် ဒီပြီးခဲ့တဲ့ရွေးကောက်ပွဲတွေက ပြည်သူတွေဘဝင်ကျရဲ့လား။ အခုအစဉ်အဆက် အရိုးကျလာတဲ့ ကျွန်တော်တို့ရဲ့စနစ်ကိုပြောင်းဖို့ဆိုရင်လည်း ဒါပြည်သူတွေ လက်ခံဖို့လိုပါလိမ့်မယ်။ ပြည်သူတွေ ဘဝင်ကျဖို့လိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒါကိုပြောင်းမယ်ဆိုရင်တော့ စနစ်တကျ သုတေသနတွေပြု ကျွန်တော်တို့ပြီးခဲ့တဲ့ အခု လက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်ကိုလည်း ကျွန်တော်တို့ စနစ်တကျ ပြန်ပြီးတော့မှ စစ်တမ်းထုတ်ရပါလိမ့်မယ်။ အခု အသစ်ပြောင်းမယ့် PR စနစ်ကိုလည်းပဲ စနစ်တကျ သုတေသနစာတမ်းတွေနဲ့အတူ ပြည်သူကို ပွင့်ပွင့်လင်းလင်းချပြပြီး နောက်ဆုံး အနေနဲ့ကတော့ ပြည်သူလက်ခံတဲ့အဆင့်ဖြစ်ဖို့ဆိုရင် Referendum လို့ခေါ်တဲ့ ပြည်သူ့ဆန္ဒမဲနဲ့သာ ပြောင်းဖို့ကြိုးစားသင့်ကြောင်း ကျွန်တော်တင်ပြရင်းနဲ့ ဦးအောင်ဇင်ရဲ့အဆိုကို ကန့်ကွက်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဖေကြိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဖေကြိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ရိုသေလေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းကိုလည်းပဲ ခင်မင်လေးစားရင်းနှီးစွာနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဖေကြိုင် ဖြစ်ပါတယ်။ အဆိုရှင် ဦးအောင်ဇင်ရဲ့အဆိုအပေါ်မှာ အနည်းငယ်ဆွေးနွေးတင်ပြပါမယ်။ မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်မှာ လွတ်လပ်ရေးရပြီးခဲ့တဲ့နောက် ကျင်းပဖြစ်ခဲ့တဲ့ရွေးကောက်ပွဲများအားလုံးမှာ FPTP စနစ်ကို တစ်စိုက်မတ်မတ် ကျင့်သုံးလာတာ ကျွန်တော် အခု Slide မှာတင်ပြတဲ့အတိုင်း ရှိခဲ့ပါတယ်။ FPTP စနစ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အလေ့အကျင့်ရနေပြီဖြစ်တဲ့ ရွေးကောက်ပွဲစနစ်လို့လည်း ဆိုနိုင်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့လည်း ရင်းနှီးကျွမ်းဝင်ပြီးဖြစ်တဲ့ စနစ်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒီစနစ်ဟာ ရိုးရှင်းလွယ်ကူပြီးတော့မှ မဲအသာရတဲ့လူက အကုန်ယူတဲ့စနစ်ဖြစ်တဲ့အတွက် ရှင်းလင်းမြင်သာမှု အပြည့်အဝရှိတာတော့ အထင်အရှားဖြစ်ပါတယ်။ ဒီစနစ်အရ ပါတီတစ်ခုနှင့်တစ်ခု၊ ကိုယ်စားလှယ်

တစ်ဦးနှင့်တစ်ဦးဟာ နှာတစ်ဖျားလေးအသာရရုံနဲ့ပဲ အစိုးရအဖွဲ့မှာ ဦးဆောင်ခွင့်ရရှိနိုင်သလို လွှတ်တော်အတွင်းမှာလည်းပဲ ကိုယ်စားလှယ်အရေအတွက် အများအပြားကိုသာ ရရှိနိုင်တာဖြစ်ပါတယ်။ မဲအရေအတွက် ဒုတိယနေရာသာရရှိတဲ့ ပါတီနဲ့ကိုယ်စားလှယ်အတွက်ကတော့ ကိုယ်စားပြုမှု လက်လွတ်ဆုံးရှုံးရတဲ့သဘောကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ မကြာခင်ကာလ အတွေ့အကြုံ တွေကို ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင်တော့ ၂၀၁၀ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ FPTP စနစ်နှင့် PR စနစ်တို့ရဲ့ နှိုင်းယှဉ်ချက်အရ ရလဒ်တွေကိုတင်ပြရမယ် ဆိုလို့ရှိရင်တော့ Slide မှာ ကျွန်တော်တင်ပြတဲ့အတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူပဲ ၂၀၁၂ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ရရှိခဲ့တဲ့ရလဒ်များကိုလည်းပဲ ကျွန်တော် Slide မှာ တင်ပြတဲ့အတိုင်းပဲ တင်ပြထားတဲ့အနေအထားတွေကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုတင်ပြရ တာကတော့ ကျွန်တော်တို့ FPTP စနစ်နဲ့ PR စနစ်နှစ်ခုရဲ့ ရွေးကောက်ပုံစနစ်နှစ်ခု ကွဲပြားသွား တာနဲ့အမျှ ရရှိတဲ့ခိုင်လုံမဲအရေအတွက်နဲ့ ရရှိတဲ့ကိုယ်စားလှယ်များရဲ့ အချိုးအစားနှင့်အရေအတွက် များကလည်းပဲ သိသိသာသာ အပြောင်းအလဲဖြစ်သွားနိုင်တယ်ဆိုတဲ့သဘောကို သိသာထင်ရှားအောင် ထုတ်နုတ်တင်ပြလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့နိုင်ငံရေးအခက်အခဲ တချို့ကို PR စနစ်နဲ့ဖြေရှင်းဆောင်ရွက်ကြမယ်ဆိုရင် မုချပြေလည်နိုင်လိမ့်မယ်လို့ တထစ်ချတော့ ပြောလို့မရနိုင်ပါဘူး။ PR စနစ်ကြောင့် ပါတီငယ်တွေ များစွာထပ်မံပေါ်ပေါက်လာနိုင်ပြီးတော့မှ လွှတ်တော်အတွင်းမှာလည်းပဲ လူထုထောက်ခံမှုအတိုင်းအတာတစ်ခုလောက် ရလိုက်တာနဲ့ပဲ အစွန်း ရောက်နဲ့အကြမ်းဖက်သမားအုပ်စုတွေရဲ့ ကိုယ်စားလှယ်တွေပါ ရောက်ရှိလာနိုင်တယ်ဆိုတာကိုလည်း ပဲ ကျွန်တော်တို့ နိုင်ငံ့လုံခြုံရေးနှင့်အမျိုးသားလုံခြုံရေးအမြင်တို့နဲ့ ကြိုတင်မျှော်မှန်းထားရှိဖို့လည်း လို အပ်ကောင်းလိုအပ်ပါလိမ့်မယ်။ ဒီလိုအခြေအနေမျိုးရောက်ရှိသွားမယ်ဆိုရင် အမျိုးသားလုံခြုံရေးနှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးတို့ကို အနည်းနဲ့အများ ထိခိုက်လာနိုင်တယ်ဆိုတာကိုလည်း စိုးရိမ်ဖွယ် အန္တရာယ်ရှိတဲ့အကြောင်းကို စဉ်းစားသုံးသပ်ရပါလိမ့်မယ်။ တဖန် PR စနစ်ဟာ ဆန္ဒမဲများကို အလေအလွင့်နည်းအောင်လုပ်တဲ့နည်းဖြစ်တဲ့အတွက် လူနည်းစုတို့ရဲ့ကိုယ်စားလှယ်တွေကို လွှတ်တော် ထဲကိုရောက်အောင် လွယ်လင့်တကူပို့ဆောင်ပေးနိုင်တဲ့စနစ်လို့လည်း ဆိုလို့ရပါတယ်။ FPTP စနစ်က တော့ အင်အားကြီးပါတီရဲ့ကိုယ်စားလှယ်တွေ လွှတ်တော်မှာ ပါဝင်ခွင့်များစွာရတတ်ကြပါတယ်။ မိမိတို့နိုင်ငံလိုတိုင်းရင်းသားလူမျိုးများ များစွာရှိတဲ့နိုင်ငံအဖို့ PR စနစ်ဟာ ကျင့်သုံးသင့်တဲ့စနစ်

ဖြစ်တယ်လို့လည်း အချို့ကယူဆကြပါတယ်။ မိမိနိုင်ငံအတွင်း နိုင်ငံရေးပါတီများပြားစွာရှိခြင်းနှင့် တိုင်းရင်းသား လူမျိုးစုများပြားခြင်းတို့ဟာ PR စနစ်ကျင့်သုံးဖို့ သင့်တော်တဲ့အခြေအနေများ ဖြစ်တယ်လို့လည်း သုံးသပ်ကြတဲ့ပုဂ္ဂိုလ်များရှိကြပါတယ်။ ပါတီတိုင်း၊ လူမျိုးတိုင်းရဲ့ကိုယ်စားလှယ်တွေကို တိုင်းပြည်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များမှာ အချိုးကျပါဝင်ကြိုးပမ်း ခွင့်ပြုပေးနိုင်စေတဲ့ စနစ်လို့လည်း သုံးသပ်မိတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်လို့ PR စနစ်ကို မိမိနိုင်ငံ၌ ကိုက်ညီအောင် ဘယ်လိုသတ်မှတ်ပိုင်းခြားကျင့်သုံးမယ်ဆိုတာကိုတော့ အသေးစိတ်ပြန်လည်လေ့လာကြဖို့ လိုအပ်ပါလိမ့်မယ်။ ဒီကိစ္စဟာ ပြည်ထောင်စုကြီးရဲ့ဖွဲ့စည်းတည်ဆောက်ပုံ၊ တိုင်းရင်းသားလူမျိုးများရဲ့ပျံ့နှံ့တည်ရှိမှု၊ ဒေသအလိုက်တည်ငြိမ်အေးချမ်းမှု၊ မဲဆန္ဒနယ်များရဲ့အပိုင်းအခြားနဲ့ လူဦးရေအခြေအနေများကို ထည့်သွင်းစဉ်းစားပြီးတော့ အဖြေရှာဆောင်ရွက်ရလိမ့်မယ်လို့လည်း နားလည်ရပါတယ်။ ဥပမာအားဖြင့် အဆိုရှင်ကတင်သွင်းတဲ့အတိုင်း တိုင်းဒေသကြီးများမှာ PR စနစ်ကျင့်သုံးပြီး ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှာ FPTP စနစ်ကို ကျင့်သုံးမလားဆိုတာကိုတော့ ဒါအသေးစိတ်စဉ်းစားကြရပါလိမ့်မယ်။ စနစ်တိုင်းမှာတော့ အားသာချက်များရှိသလို အားနည်းချက်များလည်း ဒွန်တွဲပါရှိမှာ ဓမ္မတာပဲဖြစ်ပါတယ်။ FPTP စနစ်ရဲ့ အားသာ၊ အားနည်းချက်များ၊ PR စနစ်ရဲ့အားသာ၊ အားနည်းချက် များကိုလည်း ကိုယ်စားလှယ်အပေါင်းက လေ့လာသုံးသပ်ပြီးတော့မှ မိမိတို့နိုင်ငံနှင့်သင့်တော်မယ့်၊ ကိုက်ညီမယ့်၊ ရွေးကောက်ပုံစနစ်ကို ညှိနှိုင်းရွေးချယ်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုရွေးချယ်ကြရာမှာ အထက်က ကျွန်တော်ဆွေးနွေးတင်ပြခဲ့သလို နိုင်ငံရဲ့ပကတိအခြေအနေ၊ တိုင်းရင်းသားလူမျိုးများနှင့် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံသားတို့ရဲ့ နိုင်ငံရေးအသိအမြင်၊ နိုင်ငံရေးရေချိန်တို့ကိုသာမက နိုင်ငံ့လုံခြုံရေးနှင့် အမျိုးသားလုံခြုံရေးတို့ကိုပါ ထည့်သွင်းစဉ်းစားပြီး သင့်လျော်မယ့် ရွေးကောက်မှုစနစ်ကို သတ်မှတ်ကျင့်သုံးနိုင်ကြစေဖို့အတွက် ဘက်လိုက်မှုကင်းကင်းနဲ့ ဆွေးနွေးတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောင်ထဲမှာ ၂၇ နှစ်နေခဲ့ပြီးတော့ ၇၁ နှစ်အရွယ်မှာ ပြန်လွတ်ခဲ့တဲ့ တောင်အာဖရိကခေါင်းဆောင်ကြီး Nelson Mendela ဟာ ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာလွတ်ပြီးတော့ လေးနှစ်အကြာမှာ တောင်အာဖရိကမှာ ရွေးကောက်ပွဲ

ကျင်းပခဲ့ပါတယ်။ အဲ့ဒီရွေးကောက်ပွဲကြောင့် တစ်ချိန်တုန်းက သူ့မျက်လုံးကိုယ်ဖောက်၊ ကိုယ့်မျက်လုံး သူဖောက်တဲ့ အသားရောင်ခွဲခြားတဲ့စနစ် အကြမ်းဖက်ဝါဒတွေ လွှမ်းမိုးနေတဲ့တောင်အာဖရိကဟာ အဲ့ဒီ ပြဿနာကို ဘယ်လိုဖြေရှင်းခဲ့သလဲဆိုရင် အခုလေ့လာကြည့်တဲ့အခါမှာ အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးကောက်ပွဲနဲ့ ဖြေရှင်းခဲ့ပါတယ်။ အဲ့ဒီမှာ သူ့ရဲ့ ANC ပါတီက ၅၂ ရာခိုင်နှုန်း၊ အရင်အစိုးရ ဟောင်းက ၃၂ ရာခိုင်နှုန်း၊ နောက်တစ်ခါ အသားရောင်ရှိတဲ့လူတွေက ၈ ရာခိုင်နှုန်း၊ အဲ့ဒီလိုအချိုးကျ ရတဲ့စနစ်နဲ့ တောင်အာဖရိကဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးမှတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်း ကိုသွားခဲ့ပါတယ်။ ဘယ်လောက်ထိအောင်မြင်ခဲ့တယ်ဆိုတာကတော့ အခု သမ္မတသုံးဆက်၊ သမ္မတ နှစ်ဆက်ပေါ့လေ။ သမ္မတရွေးပွဲသုံးကြိမ် Jacob Zuma အထိ ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းပေးနိုင် ခဲ့ပါတယ်။ အဲ့ဒီမှာလည်း တိုင်းရင်းသားတွေအတွက် ထိုက်သင့်တဲ့နေရာရခဲ့ပါတယ်။ သူနဲ့မသင့်မြတ်တဲ့ Zulu တွေတောင် ၁၁ ရာခိုင်နှုန်း ပါလီမန်ထဲမှာ အချိုးကျရခဲ့ပါတယ်။ နောက် ဒုတိယစံနမူနာတစ်ခု ကတော့ ကျွန်းပေါင်း ၁၂၀၀၀ ရှိပြီးတော့ လူဦးရေသန်း ၂၅၀ ရှိတဲ့ လူမျိုးစု ၃၀၀ ကျော်ရှိတဲ့ အင်ဒိုနီးရှားနိုင်ငံအတွေ့အကြုံပါ။ အချိုးကျကိုယ်စားပြုတဲ့စနစ်ကို အခြေခံပြီးတော့ ပါလီမန် ရွေးကောက်ပွဲလုပ်ခဲ့တယ်။ အဲ့ဒီရဲ့ရလဒ်တွေ အပေါ်မှာမူတည်ပြီး သမ္မတရွေးပွဲလုပ်တယ်။ ကနေ့ဆိုရင် ဗိုလ်ချုပ်ဟောင်းကြီး Yudhoyono ကို နှစ်ကြိမ်နောက်ပိုင်းမှာ အတိတ်စစ်အာဏာရှင်တွေနဲ့ မပတ်သက်တဲ့ Widodo ပုဂ္ဂိုလ်မျိုးကို အင်ဒိုနီးရှားမှ သမ္မတအဖြစ်တင်မြှောက်လိုက်နိုင်တာကလည်း ဒါကအချိုးကျကိုယ်စားပြုစနစ်ပါပဲ။ နောက်တစ်ချက်ကတော့ ကနေ့အထိ အချုပ်အခြာအာဏာကို အသက်ပေးပြီးတော့ အခုအချိန်ထိ သက်စွန့်ဆံဖျားကာကွယ်နေတဲ့ အစ္စရေးနိုင်ငံပါ။ အစ္စရေး နိုင်ငံဟာ ဟစ်တလာကြောင့် ခြောက်သန်းကျော်သေခဲ့ပြီးမှ ပေါ်ပေါက်လာရတဲ့ ဂျူးတွေရဲ့နိုင်ငံပါ။ သူတို့က ဘာကိုကျင့်သုံးခဲ့လဲ။ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးပြီးတော့ သူတို့နိုင်ငံရဲ့အချုပ် အခြာအာဏာတည်မြဲရေးကို စိုက်လိုက်မတ်တတ် ဆောင်ရွက်နေပါတယ်။ ဒီနမူနာသုံးခုကြောင့် အချိုးကျကိုယ်စားပြုစနစ်က ကျွန်တော်တို့လို အမျိုးသားပြန်လည်သင့်မြတ်ရေး လိုအပ်တဲ့အချိန်၊ တိုင်းရင်းသားတွေ ပြဿနာဖြေရှင်းတဲ့ နိုင်ငံတွေမှာ ဆောင်ရွက်လို့ရတယ်၊ လက်တွေ့အလုပ်ဖြစ်တယ် ဆိုတာဖော်ပြနေပါတယ်။ အဲ့ဒီနိုင်ငံသုံးခုလုံးမှာ ဒီနေ့ ဒီမှာထောက်ပြနေတဲ့ အကြမ်းဖက်သမားတွေ လွှတ်တော်ထဲရောက်လာတာ မတွေ့ရပါဘူး။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီတော့ အချိုးကျစနစ်ကို ဘယ်အချိန်လုပ်မလဲ။ ဘယ်အချိန်လုပ်မလဲဆိုတဲ့အခါမှာ ကနေဒါအတွေ့အကြုံအရပြောရရင် နှစ်ပါတီလွှမ်းမိုးမှု အနည်းမ

**မူကြမ်း**

ထိုင်သေးတဲ့အချိန် အခုလို ရွေးကောက်ပွဲသက်တမ်း တစ်ကြိမ်ကာလအတွင်းမှာ လုပ်ဖို့လိုပါတယ်။ ကနေဒါမှာ ယနေ့ Green Party ဆိုတာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြောင့် နှစ်ပေါင်း ၂၀ ရှိပါပြီ။ ၉ ရာခိုင်နှုန်းထောက်ခံမဲတွေရခဲ့ပါတယ်။ သို့သော် ပါတီကြီးနှစ်ခုလွှမ်းမိုးထားတဲ့ Liberal နဲ့ Conservative Party တွေက အချိုးကျစနစ်တင်လာတိုင်း ပယ်ဖျက်ခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပါတီငယ်တွေဝင်လာလို့ရှိရင် နေရာဖယ်ပေးရမှာကြောက်လို့ အခြေအနေမျိုးရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ကျွန်တော်တို့နိုင်ငံရဲ့ကောင်းကျိုးအတွက် နှစ်ပါတီလွှမ်းမိုးတဲ့စနစ်ကိုသွားမလား၊ အတိတ်က အတွေ့အကြုံတွေ ကျွန်တော်တို့ရခဲ့ပါတယ်။ ဒုတိယပါတီစုံပါပြီးတော့ အသံစုံနဲ့ တိုင်းပြည်ရဲ့ အကျိုးကို ကျွန်တော်တို့လုပ်မလား။ ၂၀၁၅ အလွန် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ဖို့ ဖွံ့ဖြိုးမှုကို မြှင့်တင်ဖို့ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးအစိုးရ၊ ညီညွတ်ရေးအစိုးရလိုပါတယ်။ ဒီညီညွတ်ရေး အစိုးရကို အချိုးကျစနစ်ကသာလျှင် ရွေးချယ်ပေးနိုင်လိမ့်မယ်။ စေ့စပ်ညှိနှိုင်းမှုပညာကို ကျွန်တော်တို့ အချိုးကျစနစ်မှ ရယူပြီးတော့ဆောင်ရွက်မယ်ဆိုရင် အခုစိုးရိမ်ပူပန်တဲ့ ပြဿနာတွေအားလုံး ဖြေရှင်းနိုင်ပါလိမ့်မယ်။ နိဂုံးချုပ်ပြောရရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ ဟာ စစ်မှန်တဲ့၊ စည်းကမ်းပြည့်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြဋ္ဌာန်းထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ၃၉၇ မှာ ရွေးကောက်ပွဲစနစ်ကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းနိုင်ပါတယ်။ ဒီလိုပြဋ္ဌာန်းတဲ့ ၃၉၇ သည် ၄၃၆ အရ ဆန္ဒခံယူပွဲလုပ်ရန်မလိုတဲ့ အခန်း(၉)ပါ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ အချိုးကျစနစ်ကို ရွေးမလား သို့မဟုတ် နိုင်သူအကုန်ယူစနစ်ကို ရွေးမလားဆိုတာ မူပြဿနာဖြစ်တဲ့အတွက် ကျွန်တော်တို့က တိုင်းပြည်မျက်နှာတစ်ခုတည်းကိုကြည့်ပြီးတော့ ကျွန်တော်တို့ ဒီအချိုးကျစနစ်ကို ဦးအောင်ဇင်ရဲ့ အဆိုကို ကျွန်တော်တို့ ထောက်ခံအားပေးဖို့လိုပါတယ်။ ကျွန်တော် နောက်ဆုံး ပြောချင်တာကတော့ ဒီတောင်အာဖရိကခေါင်းဆောင်ကြီး။ အဲ့ဒါကတော့ ဘာလဲဆိုတော့ အရှည်ကို မျှော်ကြည့်ကြပါ။ ရေရှည်ကိုကြည့်ကြပါဆိုတာကို သတိပေးရင်းနဲ့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ကျွန်တော် ဒေါက်တာသန်းဝင်းက

အဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ကို တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများတွင် ကျင့်သုံးမည့် အဆိုပြုချက်သည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို ခွဲခြားကျင့်သုံးခြင်းဖြစ်၍ (က) တိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခုတို့ကို အဆင့်အတန်း ခွဲခြားရာရောက်ခြင်း၊ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေခြင်း၊ (ဂ) တရားမျှတခြင်း၊ ညီမျှခြင်းစတဲ့ လောကပါလတရားများနှင့် ဆန့်ကျင်ခြင်းများ ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူပုဒ်မ ၆ ပုဒ်မခွဲ(ခ)နှင့်(င)၊ ပုဒ်မ ၉ ပုဒ်မခွဲ(က)တို့ကို ဆန့်ကျင်ရာရောက်သဖြင့် ပြည်နယ်များတွင် PR စနစ်ကျင့်သုံးရန် အခြေအနေမရှိလျှင် တိုင်းဒေသကြီးများမှာလည်း PR ကျင့်သုံးရန်မဖြစ်နိုင်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယမန်နေ့က တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးက PR စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုရှိ/မရှိ သုံးသပ်ရမှာဖြစ်ကြောင်း။ ဆန့်ကျင်နေပါက အခြေခံဥပဒေပုဒ်မ ၄၃၆ အရ ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်ပြီးမှသာ ရွေးကောက်ပွဲဆိုင်ရာဥပဒေကို ရေးဆွဲရမှာဖြစ်ကြောင်း ဆွေးနွေးသွားတာကိုလည်း ကျွန်တော်တို့အနေနဲ့ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ရှုပ်ထွေးတဲ့ PR စနစ်အကြောင်းကို အချိန်ယူ ကျယ်ပြန့်စွာ ရှင်းပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက် ကျွန်တော်ဆွေးနွေးလိုတာကတော့ လွှတ်တော်ထဲမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အရေအတွက်ဟာ PR စနစ်နဲ့ လုံးဝသက်ဆိုင်ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားခဲ့တဲ့ ပြဋ္ဌာန်းသော အမျိုးသမီးအခွင့်အရေးကာကွယ်မြှင့်တင်မှုဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ လွှတ်တော်တွင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ခွဲတမ်းသတ်မှတ်ချက်ရှိ/မရှိအရလည်းကောင်း၊ နောက်တစ်ချက်က သက်ဆိုင်ရာနိုင်ငံရေးပါတီများရဲ့ အမျိုးသမီးဆိုင်ရာ အခွင့်အရေးမြှင့်တင်မှု မူဝါဒသဘောထားတို့နှင့်သာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များခြင်း၊ နည်းခြင်းတို့နှင့်သက်ဆိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တစ်ခုထပ်ပြီးတော့ တင်ပြလိုတာကတော့ အခုပြောနေကြတာ FPTP စနစ်အနေနဲ့ မြန်မာနိုင်ငံမှာ အစဉ်အလာကျင့်သုံးခဲ့တယ်။ ဒီစနစ်အရဆိုရင် ပါတီကြီးတွေဟာ ပါတီငယ်များအပေါ်မှာ လွှတ်တော်ထဲမှာ လွှမ်းမိုးတာကို သူတို့ထောက်ပြစရာရှိပါတယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သမိုင်းသက်သေအထောက်အထားတစ်ခုကို ကျွန်တော်တင်ပြခွင့်ပြုပါ။

**မူကြမ်း**

၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့က မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ ပါလီမန်ရွေးကောက်ပွဲမှာ သန့်ရှင်းဖဆပလက Landslide Victory နဲ့အပြတ်အသတ်အနိုင်ရရှိခဲ့ပါတယ်။ ထိုအခါမှာ ၁၉၆၀ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ စတင်ဖွဲ့စည်းတဲ့ လွှတ်တော်ထဲမှာ ပြည်ထောင်စုပါတီ သန့်ရှင်းဖဆပလ ပါတီဖြစ်လဲ ပြည်ထောင်စုပါတီအမတ်များက အမတ်အများစုအပြတ်အသတ်အားကောင်းနေပါတယ်။ ထိုအချိန်မှာ ပြည်ထောင်စုပါတီအစိုးရအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဟာ ပါတီတွင်း ပါလီမန်အတိုက်အခံခေါင်းဆောင် မိုးကုတ်အမတ် သခင်သာခင်နဲ့တကွ ဖဆပလအတိုက်အခံ၊ ပမညတအတိုက်အခံအမတ်များအပေါ်မှာ တစ်ပါတီတည်းကြီးစိုးလွှမ်းမိုးတဲ့စနစ်ကို လုံးဝပစ်ပယ် ဆန့်ကျင်ပြီးတော့ ဒီအတိုက်အခံပါတီငယ်များနဲ့ တိုင်းပြည်အကျိုးရှိရာရှိကြောင်းကိစ္စများကို ညီညွတ်မျှတစွာ ဆောင်ရွက်သွားတာဟာ သမိုင်းသက်သေအထောက်အထားရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ် မတ်လမှာ ပါလီမန်ဒီမိုကရေစီဆိတ်သုဉ်းသွားပြီးတဲ့နောက် နှစ် ၅၀ အတွင်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေ စိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှု၊ စိတ်ဓာတ်၊ စည်းကမ်းစသည်များ အဖက်ဖက်က ယိုယွင်းပျက်စီးသွားပြီး နိုင်ငံတကာအလယ်မှာ တစ်မျိုးသားလုံးအနေနဲ့ သိက္ခာကျခဲ့ရတာက ဘယ်သူမှမငြင်းနိုင်တဲ့ အချက်ဖြစ်ပါတယ်။ ဤအခြေအနေဆိုးများမှလွတ်မြောက်ရန် ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူများအနေနဲ့ မိမိတို့ရဲ့ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အသက်၊ သွေး၊ စည်းစိမ် မိသားစုဘဝများကိုစွန့်လွှတ်၍ နှစ်ပေါင်းများစွာ အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုအချိန်မှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအခွင့်အရေးတချို့ရရှိလာခဲ့ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နှစ်ပေါင်းကြာပြီဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလူမမာကြီးကို ဘက်စုံကြိုးပမ်းကုသခဲ့ကြ၍ သက်သာလာစပြုလာတဲ့ အခုလိုအချိန်မျိုးတွင်မှ PR တည်းဟူသော ဆေးနည်းတစ်မျိုးကို စမ်းသပ်ပြောင်းလျှင် ဒီတစ်ကြိမ်ဆေးချက်များပါက ကျွန်တော်တို့ ပြည်ထောင်စုလူမမာကြီးသည် လုံးဝနလန်ထူနိုင်တော့မည်မဟုတ်ပါ။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအခြေအနေမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့်ပြဿနာများ ရှုပ်ထွေးနေဆဲဖြစ်၍ မဲဆန္ဒရှင်ပြည်သူများအတွက် ရှုပ်ထွေးသော PR စနစ်ကို လောလောဆယ် ပြောင်းလဲကျင့်သုံးလျှင် နောက်ထပ်ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံတော်အတွက် ဆိုးကျိုးသံသရာပြန်လည်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ တက်ရောက်ဆွေးနွေးနေကြတဲ့ ဤလွှတ်တော်ကြီးသည် FPTP ရွေးကောက်ပွဲစနစ်နှင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး မည်သူကိုမှလည်း ထိခိုက်မှုမရှိခဲ့ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံရေးသမိုင်းအစဉ်အလာနှင့် တိုင်းပြည်၏ လက်ရှိအခြေအနေများအရ မူလ FPTP စနစ်ကို အလေသုံးဆယ်ပြောင်းလဲပစ်ရန် FPTP စနစ်ကြောင့် နိုင်ငံတော်ကို ထိခိုက်ခဲ့သည့် အကြောင်းပြချက်များ လုံးဝမရှိသဖြင့်လည်းကောင်း၊ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ကိုက်ညီခြင်းမရှိသဖြင့်လည်းကောင်း PR စနစ်ကို အခြေခံသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးအဆိုကို လေးနက်စွာ ကန့်ကွက်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်က ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်က ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမယ့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြု စနစ်ကို အခြေခံသည့်ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်သောဆိုတဲ့ စာသားကို ခုနက ကျွန်တော်တို့ သဃ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကျယ်တဝင့် ရှင်းလင်းတင်ပြသွားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထပ်မံပြီး မရှင်းလင်းတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီမိုကရေစီစနစ် ပီပြင်စွာပုံဖော်နိုင်ပြီးတော့ လွှတ်တော်တွေ ရှိနေဖို့၊ ပါတီစုံက အရည်အချင်းရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်ခွင့်ရဖို့ ပါတီစုံစနစ်ကျင့်သုံး တာနှင့်အညီ ပါတီကြီးငယ်မဟူ အချိုးကျရွေးကောက်ပွဲစနစ်နဲ့ ရွေးကောက်ပွဲပြုလုပ်သင့်ပါကြောင်း တင်ပြထားပါတယ်။ လွှတ်တော်ကြီးတည်ရှိနေဖို့ကတော့ ကျွန်တော်တို့အားလုံး အမျိုးသားညီလာခံကြီး ကျင်းပတာကအစပြုပြီးတော့ လမ်းပြမြေပုံနဲ့အညီ ချီတက်လာကြတာ ယနေ့လွှတ်တော်သက်တမ်း သုံးနှစ်ကျော်လာခဲ့ပြီဖြစ်ပါတယ်။ လွှတ်တော်ကြီးဆက်လက်တည်တံ့နေဖို့ကတော့ ကျွန်တော်တို့ အားလုံး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ကျွန်တော်တို့အားလုံးပူးပေါင်းဆောင်ရွက်ဖို့ပဲလိုအပ်မှာ

ဖြစ်ပါတယ်။ အရည်အချင်းရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပေါ်ဖို့ PR စနစ်က အဟန့်အတား မပြုဘဲနဲ့ ပို၍ ကျွန်တော်တို့ ရွေးချယ်နိုင်မယ့်အခွင့်အလမ်းများရှိပါသည်။ FPTP စနစ်နဲ့ ရွေးကောက်ပွဲဝင်တဲ့အခါမှာ ကျွန်တော်တို့လူတွေ မဲပေးကြတဲ့အခါမှာ ကိုယ်စားလှယ်ရဲ့အရည်အချင်း၊ အရည်အသွေး၊ အတွေ့အကြုံကိုကြည့်ခဲ့တာလား။ ပါတီတွေကိုပဲ ဖောင်းပေးပြီးတော့ ရွေးချယ်ခဲ့ကြတာလားဆိုတာကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ကြည့်ရင် တွေ့ရမှာဖြစ်ပါတယ်။ ပါတီခေါင်းဆောင်တွေကိုယုံကြည်လို့ ပါတီရဲ့မူဝါဒကိုကောင်းလို့ဆိုရင်လည်း ပါတီကိုသာကြည့်ပြီး မဲပေးနိုင်မှာဖြစ်ပါတယ်။ ဒီအခါမှာ ကိုယ်စားလှယ်သာမကဘဲနဲ့ ကျွန်တော်တို့ပါတီတွေလည်း ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်ဖို့ ကိုယ်စားလှယ်လောင်းရွေးတဲ့နေရာမှာလည်းပဲ PR စနစ်ကသာ ချုပ်ကိုင်ထားတာမဟုတ်ဘဲနဲ့ FPTP စနစ်မှာလည်းပဲ ချုပ်ကိုင်ထားတာတွေ ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ ဒေသခံပါတီဝင်တွေကို ကိုယ်စားလှယ်တွေရွေးချယ်တဲ့နေရာမှာ ကျွန်တော်တို့ ဒေသပါတီတွေက၊ အောက်ခြေပါတီဝင်တွေက ရွေးချယ်ခဲ့တာလား၊ အပေါ်ပိုင်းကော်မတီတွေက ရွေးချယ်ခဲ့တာလားဆိုတာ သိရမှာဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်မြေနဲ့ ကိုယ်စားလှယ်ကိုရွေးချယ်ခဲ့တာလည်းပဲ အပေါ်ဗဟိုကော်မတီကပဲရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်အသီးသီးဆွေးနွေးခဲ့တဲ့ အချက်တွေကို ကျွန်တော့်အနေနဲ့ ပြန်လည်ထုတ်ပြီးကြည့်လို့ရှိရင် စနစ်တစ်ခုဟာ ပြောင်းလဲကျင့်သုံးဖို့ စောလွန်းသေးတယ်။ အရင်တုန်းကတော့ ဘာဖြစ်လို့ ဒါတွေကိုမပြင်ဆင်ဘဲ... ဒါတွေကိုမပြဋ္ဌာန်းခဲ့တာလဲဆိုတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီနေ့စနစ်တစ်ခုပြောင်းလဲကျင့်သုံးဖို့ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးဟာ ပြုပြင်ပြောင်းလဲသင့်သော ဥပဒေများကို အခြေအနေအချိန်အခါအရ ပြောင်းလဲနေသော၊ ပြဋ္ဌာန်းပေးနေသော လွှတ်တော်ကြီးဖြစ်ပါတယ်။ ဒီပြုပြင်ပြောင်းလဲဖို့ လုပ်ငန်းဆောင်တာအားလုံးဟာလည်း ကျွန်တော်တို့ လွှတ်တော်မှာသာတာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ အခြေအနေ အချိန်အခါအရ ပြင်သင့်ပြင်ထိုက်တဲ့ကိစ္စတွေကို ရဲရဲဝံ့ဝံ့ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ FPTP စနစ်ကို ကျွန်တော်တို့ ဆက်လက်ကျင့်သုံးမယ်ဆိုရင် အင်အားကြီးပါတီတွေရဲ့ လွှမ်းမိုးမှုအောက်ကိုရောက်သွားနိုင်တယ်လို့လည်းပြောပါတယ်။ ပြီးတော့ ရွေးကောက်ခံအာဏာရှင်စနစ် ဖြစ်ထွန်းသွားနိုင်တယ်လို့လည်းပြောပါတယ်။ ဒီလိုသာအမှန်ဖြစ်ထွန်းခဲ့မယ်ဆိုရင် ပါတီငယ်တွေရဲ့ ရှင်သန်ရပ်တည်ခွင့်၊ ကိုယ်စားပြုခွင့်တွေဟာ အမှန်တကယ်ပဲ ဆုံးရှုံးသွားနိုင်ပါတယ်။ အစိုးရအဖွဲ့အဖို့ အင်အားနည်းတဲ့အချိန်မှာသာ ဒီပါတီငယ်တွေကို ခေါ်ယူပြီးတော့ အသုံးချသွားရမှာဖြစ်ပါတယ်။ ပါတီကြီးနှစ်ခုကြီးစိုးခဲ့တဲ့ နိုင်ငံ

တွေမှာ ရွေးကောက်ပွဲအပေါ်မှာ စိတ်ဝင်စားမှုလျော့ကျခဲ့တဲ့ကိစ္စကိုလည်း ကျွန်တော်တို့ဟာ ဘယ်လို ကုစားရမလဲဆိုတာ စဉ်းစားဖို့လိုအပ်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့အဆိုရှင်က ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲအခြေခံဥပဒေပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)သည် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ကိုသာ ကန့်သတ်သည်ဖြစ်၍ မဲဆန္ဒနယ်မြေကျယ်ကျယ်သတ်မှတ်ပြီးတော့ ဒီပုဒ်မကို ဆန့်ကျင်ရာ မရောက်ဟုယူဆပါသဖြင့် ပြည်သူ့လွှတ်တော်တွင်သာ ပြုလုပ်သင့်ပါတယ်လို့ တင်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် အဆိုရှင်က အခြေခံဥပဒေရဲ့ဘောင်အတွင်းကသာ ဆောင်ရွက်သွားဖို့ တိုက်တွန်း ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခြေခံဥပဒေနဲ့မကိုက်ညီဘူး၊ ပြင်ရမယ်လို့ ပြောကြတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ပုဒ်မ ၁၀၉ ကနေ ၁၄၀ အထိ လွှတ်တော်ကိုယ်စားလှယ် အရေအတွက် သတ်မှတ်တာကလွဲရင် ဘယ်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် တွေမပါရှိသလို ဘယ်စနစ်ကိုမသုံးရဘူးဆိုတဲ့ ပိတ်ပင်မှုတွေလည်း မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ကိုင်။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)။** ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ကိုင်ထား၊ သစ္စာထားပြီးချစ်ကြတဲ့ကိုယ်စားလှယ်ကြီးတွေက ကျွန်တော်တို့ကိုကျမ်းစူးမှာစိုးလို့ဆိုပြီးတော့ စေတနာ ပါးတာကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဦးအောင်ဇင်ရဲ့ အဆိုကို အပြုသဘောနဲ့ ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ PR ရွေးကောက်ပွဲစနစ်မှာ လွှတ်တော်ထဲမှာ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတွေဟာ ပါတီတွေရဲ့အကျိုးစီးပွားနဲ့ ပိုပြီးတော့ ဆက်စပ်နေတယ်လို့မြင်ပါတယ်။ PR စနစ်ဆိုတာ အဆိုရှင်တင်ပြသလို ရှုံးသင့်တာထက် ပိုမရှုံးရအောင် တစ်နည်းအားဖြင့် အရှုံးကာ မိအောင် ခွဲတမ်းတောင်းတဲ့စနစ်လို့ ယူဆပါတယ်။ ဘောလုံးပွဲတစ်ပွဲနဲ့ ဥပမာပေးရရင် A အသင်းက B အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့နိုင်တဲ့အခါမှာ ရှုံးတဲ့ B အသင်းက သူရတဲ့ ဂိုးတွေအလဟဿမဖြစ်ရအောင် ဆုကြေးငွေ ငါးသိန်းက နှစ်သိန်းကို ဂိုးအချိုးအလိုက် တောင်းသလိုမျိုးဖြစ်ပါတယ်။ အမျိုးသား

လွှတ်တော်မှာ ဒေါ်ခင်ဝိုင်းကြည်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွေမှာ PR စနစ်ကို ကျင့်သုံးဖို့အဆိုတင်ပြပါတယ်။ ပြည်သူ့လွှတ်တော်မှာ ဦးအောင်ဇင် အဆိုတင်သွင်းတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ ပုဒ်မခွဲ(က)ကိုညွှန်းပြီးတော့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွေမှာ PR စနစ်ကို မသုံးသင့်ဘဲ FPTP စနစ်ကိုသာ ကျင့်သုံးသင့်ကြောင်း PR စနစ်ကို ကျင့်သုံးတဲ့အခါမှာ တိုင်းဒေသကြီးတွေမှာပဲ ကျင့်သုံးဖို့ ပြည်နယ်တွေမှာ မကျင့်သုံးဖို့ ဆွေးနွေးတင်ပြတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် အမျိုးသားလွှတ်တော်မှာ PR စနစ်နဲ့ပတ်သက်လို့ ကော်မတီဖွဲ့ပြီးတော့ ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာလည်း ဒီလိုဆောင်ရွက်ဖို့မြင်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ အဆိုရှင်မှတင်ပြထားသလို ပြည်နယ်များမှာ PR စနစ်ကို မကျင့်သုံးပါဘူးလို့ ဒီကော်မတီက တာဝန်ခံဆောင်ရွက်နိုင်ပါ့မလား။ ဒီကော်မတီတွေဟာ ဆောင်ရွက်လို့အတည်ပြုခဲ့တယ်ထားဦး နောင်လာမယ့် လွှတ်တော်က လိုရင်လိုသလို မဖျက်ဘူး၊ မပြောင်းလဲဘူးလို့ ဘယ်သူက အာမခံနိုင်မလဲ။ တစ်ကိုယ်လုံးကို တိုးဝင်ချင်လို့ ခေါင်းလေးတစ်လုံးလောက်ဝင်ပါရစေလို့ ခွင့်တောင်းတဲ့ အာရပ်ကုလားပုံပြင်မျိုးလို အဖြစ်မျိုးဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ အရိပ်ပင်ကို မစိုက်ဘဲ အဆိပ်ပင်ကိုစိုက်ဖို့ ကြိုးစားနေကြပြီလား။ ဘာကြောင့်လဲဆိုတော့ လူမျိုးစုံ၊ ပြဿနာမျိုးစုံ ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ အရှိန်ယူလေ့လာဆွေးနွေးချပြမှုမပြုလုပ်ဘဲနဲ့ ကြီးကျယ်တဲ့ ပြဿနာ အမှားအယွင်းတွေလည်းမရှိပါဘဲနဲ့ ရွေးကောက်ပွဲစနစ်ကို အလျင်အမြန်ပြောင်းလဲ ကျင့်သုံးလိုက်မယ်ဆိုလို့ရှိရင် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးဖိုးနဲ့လေးဆိုသလိုမျိုးဖြစ်နိုင်မှာဖြစ်ပါတယ်။ တစ်ဖက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ကိုက်ညီဖို့ အထူးအလေးထားရန်လိုအပ်ပါတယ်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)မှာ မြို့နယ်တွေကို အခြေပြုပြီးတော့ မဲဆန္ဒနယ် ၃၃၀၊ ကိုယ်စားလှယ် ၃၃၀ ဦးကို မြို့နယ်အလိုက်တိုက်ရိုက်ရွေးချယ်ပါတယ်။ အကယ်၍ မြို့နယ်အသစ်တစ်ခုဖြစ်ပေါ်လာသည့်တိုင်အောင် မဲဆန္ဒနယ်တစ်ခုထပ်မတိုးစေရန် ကန့်သတ်ထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် PR စနစ်ကိုကျင့်သုံးဖို့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ စိစစ်နိုင်ဖို့ ဦးစွာဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ တင်ပြပြီးအဆုံးအဖြတ်ခံယူသင့်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဦးအောင်ဇင်က PR စနစ်ဟာ ဖက်ဒရယ်စနစ်သို့သွားရာလမ်းကြောင်းလို့ဆိုပါတယ်။ တစ်ချိန်ကမြန်မာနိုင်ငံမှာ FPTP စနစ်ကြောင့် ရွေးကောက်ခံ

အာဏာရှင်စနစ်ကို ပေါ်ပေါက်စေခဲ့တယ်။ ပြည်တွင်းစစ်ဖြစ်ခဲ့ရတယ်လို့ လက်ဝယ်ထားရှိတဲ့ ဒီမိုကရေစီစနစ်တောင် ဆုံးရှုံးသွားရတယ်လို့ဆိုပါတယ်။ အဆိုကိုထောက်ခံသူ ဒေါ်တင်နွယ်ဦးက PR စနစ်ကိုမကျင့်သုံးခဲ့လို့ ဟစ်တလာလိုအာဏာရှင်ပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ မြန်မာ့သမိုင်းမှာရော၊ ကမ္ဘာ့သမိုင်းမှာပါ PR စနစ်ကို မကျင့်သုံးခဲ့လို့ တပ်မတော်က အာဏာသိမ်းရတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ရတယ်ဆိုတဲ့ အရေးအသားမျိုး သမိုင်းမှတ်တမ်းတွေမှာ မရှိပါဘူး။ အဲ့ဒီ့ယူဆချက်သာမှန်မယ်ဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ခက်ခက်ခဲခဲဆွေးနွေး နေစရာတောင် မလိုတော့ပါဘူး။ တိုင်းရင်းသားတွေလိုချင်တဲ့ ဖက်ဒရယ်စနစ် မကြာခင်ရပါတော့မယ်။ လွှတ်တော်မှာ PR စနစ်ကို ကျင့်သုံးဖို့ ဆွေးနွေးနေပါတယ်။ သက်ဆိုင်ရာခေါင်းဆောင်တွေကို အသိပေးသင့်ပါပြီ။ ဒီလိုပါပဲ တတိယကမ္ဘာစစ်ကြီးကို တားဆီးနိုင်ဖို့အတွက် ကမ္ဘာ့နိုင်ငံအားလုံးကို PR စနစ်ကိုကျင့်သုံးဖို့ ညွှန်ကြားသင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အကြံပေးတင်ပြသင့်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသလို FPTP စနစ်ဟာ ရွေးကောက်ခံအာဏာရှင်စနစ်ကို ဖြစ် ပေါ်စေတယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲမှာ FPTP စနစ်နဲ့ အပြတ်အသတ်အနိုင်ရလာတဲ့ ပြည်ခိုင်ဖြိုး ပါတီ၊ ပြည်ခိုင်ဖြိုးအစိုးရက အမှန်တကယ်ပဲ အာဏာရှင်အစိုးရလား။ ပြည်ခိုင်ဖြိုးပါတီအများစု ပါဝင်တဲ့ လွှတ်တော်ကရော အဆိုရှင်တင်ပြသလို ပြည်သူတွေရဲ့အမြင်တွေကို မထင်ဟပ်နိုင်တဲ့၊ မဖော်ဆောင်နိုင်တဲ့ တစ်ဖက်စောင်းနင်းလွှတ်တော်လား။ တွေးတောဆင်ခြင်သင့်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ပါတီစွဲမထားရှိဖို့၊ နိုင်ငံတော်၊ နိုင်ငံသားများအကျိုးကို ဆောင်ရွက်ကြဖို့ ကောင်းမြတ်တဲ့လမ်းညွှန်ချက်နှင့်အညီ လူနည်းစုအရေးကိုပါ ထည့်သွင်းစဉ်းစားပြီး ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြလို့ အောင်မြင်မှုရလဒ်ကောင်းတွေရနေတာလည်း ဖြစ်ပါတယ်။ PR စနစ်မဟုတ်လို့များ လွှတ်တော်ရဲ့လုပ်ဆောင်ချက်တွေဟာ လွဲချော်ခဲ့သလား၊ အားနည်းခဲ့သလား၊ တစ်ဖက်စောင်းနင်းဖြစ်ခဲ့သလား။ ဒီနေ့အစိုးရနဲ့ လွှတ်တော်ဟာ First Past the Post အနိုင်ယူ၊ နိုင်သူ အကုန်ယူတဲ့ အစိုးရနှင့်လွှတ်တော်များဖြစ်နေသလား။ ကျွန်တော်တို့ဟာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း သလိုများဖြစ်နေကြသလားလို့ စဉ်းစားစရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက PR စနစ်ကိုသုံးမယ်ဆိုရင် လွှတ်တော်မှာ ၂၀၁၃ ခုနှစ် နောက်မကျဘဲ အတည်ပြုပေးနိုင်မှ အချိန်မီမယ်လို့ တစ်ချိန်က ပြောဘူးခဲ့

ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲအတွေ့အကြုံအားဖြင့် အားနည်းခြင်း၊ စမ်းသပ်မှုနိမ့်ပါးခြင်း တို့ကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ အမှတ်လေးတစ်မှတ်တောင် အမှန်မခြစ်နိုင်ဘဲ ပယ်မဲအလွန်များ ခဲ့ရတယ်ဆိုတာ တစ်တိုင်းပြည်လုံးအသိဖြစ်ပါတယ်။ ဒါဟာအဖြစ်မှန်လည်းဖြစ်ပါတယ်။ ဒီလိုရှုပ်ထွေး လှတဲ့ PR စနစ်ကိုကျင့်သုံးမယ်ဆိုရင် ပြည်သူတွေကို Voating Education မဲပေးတဲ့စနစ်ကို ကျေကျေ လည်လည် လက်တွေ့ရှင်းပြဖို့ အချိန်လုံလောက်ဖို့လိုပါတယ်။ အဆိုရှင်တင်ပြသလို FPTP စနစ်ဟာ ရှုံးမဲတွေ အဟောသိကံဖြစ်ရတယ်ဆိုတာထက် PR စနစ်မှာ မဲမပေးတတ်လို့ ပယ်မဲတွေဖြစ်ပြီး ရလဒ် တွေပြောင်းလဲသွားမယ်ဆိုရင် ပိုပြီးနစ်နာကြမှာဖြစ်ပါတယ်။ နောက်တစ်ချက်က အဆိုရှင်နှင့် အဆိုကို ထောက်ခံသူများက PR စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်ခံအာဏာရှင်စနစ် နှစ်ပါတီကြီးစိုး တဲ့စနစ်ကို အားမပေးဘဲ ပါတီငယ်နှင့် တစ်သီးပုဂ္ဂလတွေပါဝင်နိုင်ဖို့ အခွင့်အလမ်းပိုများတယ်လို့ ပြော ပါတယ်။ ဒါဟာဖြစ်နိုင်ချေမရှိတဲ့ အယူအဆဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)** ။ ။ ဥပမာ ရန်ကုန်တိုင်းကို -----။ PR စနစ်နဲ့ ရွေးကောက်ပွဲကို ကျင်းပမယ်ဆိုပါတော့ ပါတီကြီးနှစ်ခုဟာ မြို့နယ်တိုင်းမှာ ဖွဲ့စည်းပြီး ပါတီဝင်တွေလည်း အင်နဲ့အားနဲ့ ရှိပါတယ်။ ပါတီငယ်များကတော့ မြို့နယ်တိုင်း မဖွဲ့နိုင်ပါဘူး။ ဖွဲ့နိုင်တယ်ထားဦး ပါတီဝင်အင်အားဟာ တစ်ဖက်ပါတီနဲ့ယှဉ်ရင် အလွန်အင်အားနည်းပါတယ်။ နောက်တစ်ချက်က ပါတီဝင်မဟုတ်တဲ့ သာမန် ပြည်သူမဲဆန္ဒရှင်တွေဟာ ရွေးကောက်ပွဲနီးလာတဲ့အခါမှာ ပါတီကြီးတွေကိုပဲ မဲပေးဖို့ရွေးချယ်တတ်ပါ တယ်။ အစိုးရလည်းမဖွဲ့နိုင်၊ သမ္မတလည်းမဖြစ်နိုင်၊ ဝန်ကြီးလည်းမျှော်လင့်ချက်မရှိတဲ့ ပါတီတွေ အပေါ်မှာ စိတ်ဝင်စားမှုအားနည်းသွားတတ်ပြီး ကြိုက်ရာပါတီတစ်ခုခုကို ပုံအောတတ်ကြပါတယ်။

ဒါကြောင့် မဲဆန္ဒနယ်ကျယ်လာလေလေ ပါတီငယ်များအတွက် ရာခိုင်နှုန်းအားဖြင့် လျော့နည်း လာလေသတ်မှတ်ပြီး သတ်မှတ်ချက်ရာခိုင်နှုန်းတစ်ခုအောက်ကို ရောက်သွားတဲ့အခါမှာ ကောက်ရိုး မကျန်အောင်ဖြစ်သွားနိုင်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ဒီနေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တစ်ခုဖြစ်တဲ့ မဲဆန္ဒနယ်သတ်မှတ်ခြင်းဟာ အလွန်အရေးပါပြီး အခရာလည်းကျပါတယ်။ ပြဿနာကိုလည်း ဖြစ်စေနိုင်ပါတယ်။ ပထမမဲဆန္ဒနယ် A က ပါတီက အင်အားကောင်းတယ်။ ဒုတိယမဲဆန္ဒနယ်မှာ B ပါတီက အင်အားကောင်းတယ်ဆိုရင် တကယ်လို့ မဲဆန္ဒနယ်နှစ်ခုပေါင်းပြီး မဲဆန္ဒနယ်တစ်ခုအဖြစ် PR စနစ်ကျင့်သုံးတဲ့အခါမှာ A ပါတီက ရမှတ်ဟာ B

ပါတီရဲ့ရမှတ်ထက် နှစ်ဆပိုလာမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ A ပါတီရဲ့နယ်မြေဟာ လူဦးရေနှစ်ဆပိုများလို့ဖြစ်ပါတယ်။ ရမှတ်ဟာ နှစ်အချိုးတစ် ဖြစ်လာမယ်။ ကိုယ်စားလှယ်လောင်းနှစ်ယောက်အရွေးခံရမှာဖြစ်လို့ B ပါတီဟာ လုံးဝရှုံးနိမ့်သွားမှာ ဖြစ်ပါတယ်။ ဒီသဘောတရားဟာ မဲဆန္ဒနယ်သတ်မှတ်မှု၊ သတ်မှတ်နည်းနဲ့အပေါ်မှာ တိုက်ရိုက်အချိုးကျပါတယ်။ ဥပမာ- ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးကို သုံးခုပေါင်းပြီးတော့ မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်မယ်ဆိုရင် ရခိုင်ပါတီဘယ်အဆင့်ကိုရောက်သွားမလဲ။ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးကို ပေါင်းပြီးတော့ မဲဆန္ဒနယ်တစ်ခုသတ်မှတ်မယ်ဆိုရင် ရှမ်းပါတီတွေ ဘယ်အဆင့်ရောက်သွားမှာလဲ။ ထို့အတူတစ်နိုင်ငံလုံးကိုပေါင်းပြီး မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ရင်တော့ တိုင်းရင်းသားပါတီတွေပါတီဝင်တွေရဲ့ ကံကြမ္မာဟာ ရွေးကောက်ပွဲကော်မရှင်ရဲ့ PR စနစ်အောက်မှာ ကျားသနားမှ နွားချမ်းသာမယ့်ဘဝကို ရောက်သွားတော့မှာဖြစ်ပါတယ်။ ဒါကြောင့် လာခြင်းမကောင်းတဲ့ PR စနစ်ကိုလွှတ်တော်ထဲမှာ မူအရ ကန့်ကွက်နေရခြင်းဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် နောက်တစ်ချက် အရေးကြီးတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကိုသာ ပြိုင်ဆိုင်ခွင့်ရတဲ့လွှတ်တော်ထဲမှာ PR စနစ်ကိုသာ ကျင့်သုံးမယ်ဆိုရင် ဘယ်ပါတီကမှ ၅၀ ရာခိုင်နှုန်းကျော်နိုင်မှာမဟုတ်ပါဘူး။ ဖြစ်လာမယ့် အစိုးရကလည်း အတိုက်အခံပြုလုပ်မှုတွေနဲ့ နပန်းလုံးရင်း မည်သည့်ဆုံးဖြတ်ချက်ကိုမှ ပြတ်ပြတ်သားသားမချနိုင်တဲ့ အားနည်းတဲ့ ညွန့်ပေါင်းအစိုးရသာ ဖြစ်လာဖို့များပါတယ်။ ဒီလိုအခြေအနေမှာ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို မပျက်မစီးယူထားတဲ့တပ်မတော်ရဲ့အခန်းကဏ္ဍဟာ ပိုပြီးအရေးကြီးလာပါတယ်။ အရေးပါလာပါတယ်။ တပ်မတော်ရဲ့သဘောတူညီချက်မပါရင် ဘယ်လိုဆုံးဖြတ်ချက်မျိုးကိုမှ ချလို့မရနိုင်တာ အသေအချာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံမှာ PR စနစ်ကိုသာကျင့်သုံးမယ်ဆိုပါက နိုင်ငံရေးပါတီများ၏ကံကြမ္မာကို ရွေးကောက်ပွဲကော်မရှင်ရဲ့ လက်ထဲကို ဝကွက်ပြီးအပ် လွှတ်တော်ရဲ့ကံကြမ္မာကိုတပ်မတော်ရဲ့လက်ထဲမှာ ဝကွက်ပြီးအပ်ပြီး လာရာလမ်းအတိုင်းပဲပြန်ကြဖို့ မြင်မိပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်

အနေနဲ့ ဦးအောင်ဇင်ရဲ့အဆိုကို စတင်မဆွေးနွေးခင် စာရင်းပေးစဉ်က ကြားနေအဖြစ်ဆွေးနွေးဖို့ စာရင်းပေးခဲ့တာဖြစ်ပါတယ်။ ယခုအချိန်မှာ ဆွေးနွေးမှုတွေများလာတဲ့အခြေအနေကို နှစ်ဖက်ကြည့်ရင်းနဲ့ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ဒီမိုကရေစီ အပြောင်းအလဲအတွက် အရေးကြီးတဲ့ အဆင့်တစ်ဆင့်ကို ကျော်ဖြတ်ဖို့အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ အမြင်မတူမှုတွေရှိနေကြပေမယ့်လည်း နိုင်ငံနှင့်လူမျိုးအပေါ်ထားတဲ့စေတနာကိုတော့ အားလုံးတူညီကြပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ဒီရွေးကောက်ပွဲစနစ်တွေနဲ့ ပတ်သက်ပြီးတော့မှ ရှေ့ကရှင်းပြသွားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါတွေ ရှင်းပြဖို့မလိုတော့ပါဘူး။ အဲ့ဒီတော့ ကျွန်တော့်ရဲ့အမြင်လေးကိုပဲ ဆက်လက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မျက်ကွယ်ပြုလို့မရနိုင်တဲ့အကြောင်းအရင်းတွေရှိခဲ့ပါတယ်။ အချက်အချို့ကို ထုတ်လို့ရရင်တော့ ကျွန်တော်တို့နိုင်ငံမှာ ၁၉၆၂ ခုနှစ်မှာ တပ်မတော်က အာဏာသိမ်းခဲ့ပါတယ်။ ၁၀ နှစ်လောက်ကြာမှ တစ်ပါတီစနစ်ကို ပြောင်းသွားပါတယ်။ ၂၆ နှစ်ကြာသွားပါတယ်။ ၁၉၈၈(၈၈၈၈) ဒီမိုကရေစီအရေးအခင်းကြောင့် ဒါဟာတစ်ခန်းရပ်သွားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှာ တပ်မတော်က အာဏာသိမ်းလိုက်ပါတယ်။ ကြားထဲက အကြောင်းအရာတွေ ကျော်ပြီးပြောသွားရရင် ၂၀၁၀ ခုနှစ် ၂၂ နှစ်ကြာတော့မှပဲ ယခုတက်နေတဲ့ ရွေးကောက်ပွဲ လွှတ်တော်ရွေးကောက်ပွဲက ဖြစ်လာတာပါ။ တိုင်းပြည်ချွတ်ခြုံကျ အောက်ကျနောက်ကျ ကမ္ဘာ့အလယ်မှာ လူရာမဝင်ဖြစ်ခဲ့ရတာတွေ၊ မျိုးဆက်သစ်တွေ အဖက်ဖက်ကချို့ယွင်း၊ ယိုယွင်းပျက်စီးမှုတွေဖြစ်ခဲ့ရတာ၊ စိတ်ဓာတ်ရေးရာတွေ၊ စွမ်းဆောင်ရည်တွေပါ ကျဆင်းတာကို အားလုံးဝန်ခံကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ ကြွေးနွံထဲက အခုခေတ်မှာမှ ရုန်းထွက်နိုင်ကာစ အခြေအနေရောက်ရတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် အားလုံးကိုသိစေချင်တာက တိုင်းပြည်က တော်တော်ကြီးနာခဲ့တာပါ။ တော်တော်ကြီးလည်းကြာခဲ့ပါပြီ။ ဆိုးကျိုးတွေကို ရှေ့ကိုသယ်မသွားဖို့ စဉ်းစားကြရပါမယ်။ ညှိနှိုင်းမှုနဲ့ အဖြေရှာကြပါမယ်။ ဒီ FPTP အနိုင်ရအကုန်ယူစနစ်ဟာ နှစ် ၆၀ ကျင့်သုံးလာတာမဟုတ်ပါဘူး။ ပါတီစုံ၊ ပါလီမန်ဒီမိုကရေစီစနစ် စောစောကပြောသွားပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းလိုက်ကတည်းက ခါးပြတ်ခဲ့တာကြာခဲ့ပါပြီ။ အနှစ် ၃၀ လောက်ကြာမှ ၁၉၉၀ ပြည့်နှစ်မှာ ပြန်ပေါ်လာခဲ့ပါတယ်။ အဲ့ဒီမှာ အနိုင်ရအကုန်ယူစနစ်ကျင့်သုံးခဲ့ပါတယ်။ အနိုင်ရသော်လည်း အကုန်မယူခဲ့ရပါဘူး။ အနိုင်ရသူများ သောင်းသောင်းဖျဖျနိုင်ခဲ့ကြပါတယ်။ ပါတီသေးသေးလေးတွေ၊ နိုင်ငံရေးအုပ်စုပါတီတွေ ရှုံးနိမ့်ခဲ့ကြပါတယ်။ ဆန့်ကျင်

ဘက်ပါတီကြီးတွေ ရှုံးနိမ့်ခဲ့ကြပါတယ်။ ဒါပေမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပေါင်းစည်းရေးအင်မတန်မှအားနည်းခဲ့ပါတယ်။ အင်မတန်မှ အမျိုးသားသင့်မြတ်ရေးလုပ်ဆောင်ချက်ညံ့ခဲ့တာကိုတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ အင်းစိန်ထောင်အထူးတိုက်မှာရှိတဲ့အချိန်မှာ ဒီ ၉၀ ရွေးကောက်ပွဲရလဒ်ကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ အင်မတန်မှ ပျော်ခဲ့ကြတာပါ။ ဒါပေမယ့် တဖြည်းဖြည်းမှုန်ဝါးသွားခဲ့တာ အနှစ် ၂၀ ကြာသွားခဲ့ပါပြီ။ ဒီလိုပဲ အနှစ် ၂၀ ကြာသွားခဲ့ပြီးတော့မှ ဒီလိုမျိုး ၂၀၁၀ ရွေးကောက်ပွဲပေါ်လာပါတယ်။ တချို့ကစိတ်မဝင်စားကြပါဘူး။ အရင်လို အနှစ် ၂၀၊ အနှစ် ၃၀ ကြာဦးမှာလား။ တိုင်းရင်းသားအများစုက စိတ်ဝင်တစားနဲ့ ပါဝင်လာကြပါတယ်။ ထင်မထားလောက်အောင်ပါပဲ။ အစိုးရတစ်ရပ်ပြောင်းလဲသွားပါတယ်။ လူဟောင်းတွေအများကြီးပါလာပါတယ်။ ဒါပေမယ့် ခေတ်သစ်ကို ရှေးရှုနေတာတွေ့ပါတယ်။ ကျွန်တော်တို့က လူသစ်တွေအများကြီးထည့်ဖို့လိုအပ်ပါတယ်။ ဒီလိုလိုအပ်တဲ့အချိန်မှာ တိုင်းပြည်ကို ခပ်နာနာနဲ့ ပါတီတိုက်ပွဲတွေလုပ်ကြမှာလား။ ပြည်သူ့မျက်နှာကိုကြည့်ပြီး ရှေ့ဆက်သွားဖို့ ညှိနှိုင်းမှုတွေနဲ့ ပြေလည်မှုတွေရရှိရေးအတွက် ဆောင်ရွက်ကြမှာလား။ အဖြေတစ်ခုထုတ်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှေ့ဆက်သွားတဲ့အခါမှာ ပြေပြေလည်လည်နဲ့ သွားဖို့လိုအပ်ပါတယ်။ နီးစပ်ရာနိုင်ငံတွေကိုလည်း မပြေလည်မှုတွေကြားထဲကနေ ဘယ်လိုဖောက်ထွက်ရမလဲဆိုတဲ့ အကြပ်အတည်းတွေကိုလည်း ကြည့်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အကြပ်အတည်းပေါင်းများစွာကို ကျော်ဖြတ်ခဲ့ပြီးပါပြီ။ အခုလိုသာယာတဲ့ကာလရောက်ပါမှ အကြပ်အတည်းတောထဲကို ပြန်မဆင်းစေချင်တော့ပါဘူး။ အဲ့ဒီအတွက် ကျွန်တော်တို့ဟာ သင့်တင့်မျှတတဲ့စနစ်တစ်ခု ဖော်ဆောင်ရမှာ အမှန်ဖြစ်ပါတယ်။ အကယ်၍များ ၁၉၉၀ ရွေးကောက်ပွဲတုန်းက PR စနစ်သာကျင့်သုံးခဲ့မယ်ဆိုရင်ဆိုပြီး ကျွန်တော်စိတ်ကူးယဉ်ကြည့်ပါတယ်။ အကယ်၍များ မျှမျှတတနဲ့များ အုပ်ချုပ်ကြမယ်ဆိုရင် ကျွန်တော်တို့ ဒီလောက်ထိ ဒုက္ခမရောက်ခဲ့ဘူးလို့ ကျွန်တော်အဲ့လိုလည်း ရိုးရိုးသားသားတွေးမိပါတယ်။ အဲ့ဒီအတွက် အခုပြောင်းလဲရမယ့် ရွေးကောက်ပွဲစနစ်ကို ကျွန်တော့်အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ လိုက်ဖက်ညီတဲ့ စနစ်တစ်ခု၊ အခုဆွေးနွေးတာ PR ဖြစ်ပါတယ်။ လိုက်ဖက်ညီမယ့်စနစ်တစ်ခုဆိုတာ အခုလောလောဆယ်စဉ်းစားလို့ရတာ PR တစ်ခုပဲတွေ့ပါတယ်။ ဒီ့ထက်ကောင်းမယ်ဆိုရင် ဒီ့ထက်ကောင်းတဲ့စနစ်ကိုလည်း ကျွန်တော်တို့ ရှာကြံရမှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ ဒီစနစ်ကိုပဲ ကျွန်တော်တို့ ထောက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်က ဒီလောက်ပါပဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ကျောက်ဖြူမြို့နယ်က ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆွေးနွေးနေကြတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲမှာ PR ခေါ် ပါတီအလိုက် အချိုးကျကိုယ်စားပြုပြီး လွှတ်တော်ကိုယ်စားလှယ်ရွေးကြတော့မယ်။ ဘာကြောင့် PR စနစ်ကို ကျင့်သုံးဖို့ လိုအပ်သလဲဆိုတာ အဆိုတင်တဲ့သူနဲ့ ထောက်ခံဆွေးနွေးသူတွေတင်ပြချက်အရ ပါတီစုံက ကိုယ်စားလှယ်တွေ လွှတ်တော်ထဲကို ရောက်လာစေချင်လို့ဆိုတဲ့ ရည်ရွယ်ချက်တွေဖြစ်တယ်ဆိုတာ တွေ့မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ ဘယ်စနစ်ကပိုကောင်းတယ်ဆိုတာကို မပြောလိုပါဘူး။ သို့သော် တိုင်းပြည်ရဲ့ ပကတိအခြေအနေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ချက်အချို့ကို ဆွေးနွေးလိုပါတယ်။ ရှေ့ကကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားကြသလို တိုင်းရင်းသားလူမျိုးတွေနဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတွေက PR စနစ်ကို ကန့်ကွက်နေကြတဲ့အတွက် ဒီ့တာဝန်အရေးသုံးပါးမှာပါရှိတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃ ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်ရာရောက်နိုင်ပါတယ်။ ဒီအဆိုက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမှာဖြစ်တယ်လို့ သုံးသပ်ရတဲ့အတွက်ကြောင့် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(က) အရ ကန့်သတ်ထိုက်တဲ့အဆိုဖြစ်တဲ့ အကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရာစုနှစ်တစ်ဝက်လောက် လွတ်လပ်တဲ့ ရွေးကောက်ပွဲမကြုံဖူးပါဘူး။ ပြည်သူတွေဟာ မဲပေးရာမှာ အရိုးရှင်းဆုံးဖြစ်တဲ့ FPTP စနစ်နဲ့တောင် ကောင်းကောင်းအကျုံးမဝင်ကြသေးပါဘူး။ ဒီလိုကာလမှာ FPTP စနစ်ထက် မဲပေးရခက်တဲ့ PR စနစ်ကို ရိုက်သွင်းလိုက်ကြမလား။ စဉ်းစားဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တတွေဟာ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံကို ထူထောင်နေကြပါတယ်လို့ ပြောပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် လွှတ်တော်ကြီးပေါ်လာလို့ ကျွန်တော်တို့တွေ လွှတ်တော်ထဲ ရောက်လာနေပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေလည်း လွှတ်တော်ထဲရောက်နေကြပါတယ်။ ဒါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ထူးခြားချက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက်ဆိုရင် (၁) ဒီလိုရွေးတဲ့အခါ ဒီမိုကရေစီစနစ်ရဲ့စံဖြစ်တဲ့ ပြည်သူတွေရဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်က အရေးကြီးသလား။ (၂) ဒါမှမဟုတ် ပါတီစုံကကိုယ်စားလှယ်တွေ လွှတ်တော်ထဲကိုရောက်အောင်ဆိုပြီး ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်သန္တာ

ဆွေးနွေးခဲ့သလို  ရှုံးမဲတွေကို ကောက်သင်းကောက်တဲ့နည်းကိုသုံးပြီး ခွဲတမ်းချတဲ့အလုပ်ကို လုပ်ကြမလား။ နောက်တစ်နည်းက ခွဲတမ်းချလို့ ခွဲတမ်းရတဲ့လူတွေဟာ မဲပေးကြတဲ့မဲဆန္ဒရှင်တွေကို တိုက်ရိုက်ရွေးချယ်တာမဟုတ်ကြပါဘူး။ တိုက်ရိုက်မဲဆန္ဒရှင်တွေက ရွေးချယ်တာမဟုတ်ကြပါဘူး။ ပြည်သူတွေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(က)မှာ ပြဋ္ဌာန်းထားတာကတော့ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ချက်၊ ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ဆိုတဲ့ အခွင့်အရေးတွေ ပါရှိပါတယ်။ ဒီအခွင့်အရေးတွေကို ဒီလွှတ်တော်ကြီးက ပိတ်ပင်လိုက်ကြမှာလား။ ဒါတွေကို အလေးထားဖို့လိုအပ်ပါတယ်။ ပြည်သူတွေကို အလေးထားမလား။ ပါတီထူထောင်ချင်တဲ့လူတွေကို အလေးထားမလားဆိုတာ ဆုံးဖြတ်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်တော်တို့ ကြိုက်တာတွေရှိသလို၊ မကြိုက်တာတွေလည်းရှိပါတယ်။ မကြိုက်လို့မလိုက်နာတာမျိုး လုပ်လို့မရပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)မှာ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၃၃၀ သတ်မှတ်ပြီး ရွေးကောက်တင်မြှောက်ဖို့ ပြဋ္ဌာန်းထားပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်းဟာ ပြည်သူ့လွှတ်တော်မှာပဲဖြစ်ဖြစ်၊ အမျိုးသားလွှတ်တော်မှာပဲဖြစ်ဖြစ်၊ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်လွှတ်တော်မှာပဲဖြစ်ဖြစ် ကိုယ်တိုင်အရွေးခံခွင့်ရှိသလို အခြားသူကိုလည်း ရွေးကောက်တင်မြှောက်ပိုင်ခွင့် ရှိပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်းဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ ကြိုက်တဲ့မဲဆန္ဒနယ်က ဝင်ပြိုင်ခွင့်ရှိပါတယ်။ ကြိုက်တဲ့ပုဂ္ဂိုလ်ကို ရွေးကောက်တင်မြှောက် ပိုင်ခွင့်ရှိပါတယ်။ PR စနစ်ကိုကျင့်သုံးမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေဟာ မဲဆန္ဒနယ်ရွေးချယ်ခွင့်ဆုံးရှုံးသွားရမှာဖြစ်သလို မဲဆန္ဒရှင်တွေဟာလည်း မိမိရွေးကောက်တင်မြှောက်လိုသူကို တင်မြှောက်ခွင့်ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

ဒါကြောင့် PR စနစ်ကိုကျင့်သုံးမယ်ဆိုရင် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ဆိုတဲ့ ဒီမိုကရေစီစနစ်ရဲ့ စံနှုန်းကို အရွေးခံသူရော၊ ရွေးကောက်မယ့် မဲဆန္ဒရှင်တွေပါ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ကောက်သင်းကောက်ပြီး ရေတွက်တဲ့မဲနဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် အခုမကြာခင်က ကျင်းပပြီးစီးသွားတဲ့ အင်ဒိုနီးရှားနိုင်ငံသမ္မတရွေးချယ်ပွဲ လုပ်ပါတယ်။ ရှုံးတဲ့လူနဲ့ နိုင်တဲ့လူ မဲ ၁၀ ရာခိုင်နှုန်းတောင် မကွာပါဘူး။ မဲခွဲတမ်းချမယ်ဆိုရင် ရှုံးတဲ့သူက ဒုတိယသမ္မတ ဖြစ်သင့်တာပေါ့။ ဒီလိုပြောလို့ရပါတယ်။ ဒါပေမယ့်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဒါပေမယ့် မဲဒုတိယရတဲ့လူဟာ ဒုတိယသမ္မတ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ၄၀ ရာခိုင်နှုန်းဟာ အရေအတွက်ကိုသာ ဖော်ပြပြီး ၁၀ ရာခိုင်နှုန်း မပြည့်တဲ့ပါတီ အရည်အချင်းကိုဖော်ပြတယ်။ အရည်အချင်းနဲ့ အရေအတွက် မတူဘူးဆိုတာကို ဖော်ညွှန်းတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ FPTP စနစ်ဟာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ကျင့်သုံးနေတဲ့စနစ်ဖြစ်ပါတယ်။ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် အထက်မှာ ကျွန်တော်တင်ပြခဲ့သလို ဒီမိုကရေစီစံဖြစ်တဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အရွေးချယ်ခံမယ့်သူရော၊ မဲပေးမယ့် ပြည်သူ တွေပါဆုံးရှုံးသွားကြမယ့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပုဒ်မခွဲ(က) ပါပြဋ္ဌာန်းချက်တွေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်တွေ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က) ပါပြဋ္ဌာန်းချက်တွေကိုလည်း ဆန့်ကျင် ချိုးဖောက်ရာရောက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ စဉ်းစားစရာတစ်ချက် ကျွန်တော်တင်ပြပါရစေ။ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်တုန်းက ၁၉၆၇ ခုနှစ်လောက်ကလို့ ခန့်မှန်းပါတယ်။ သူပြောတာ ဥပဒေ ပြဋ္ဌာန်းတယ်ဆိုတာ အုပ်ချုပ်တဲ့အဖွဲ့အစည်းတွေအတွက် သာသာထိုးထိုးပြဋ္ဌာန်းတယ်ဆိုတဲ့ သဘော ကို ကြားဖူးပါတယ်။ အခု PR စနစ်ကိုပဲ ကျင့်သုံးကျင့်သုံး၊ FPTP စနစ်ကိုပဲ ကျင့်သုံးကျင့်သုံး အုပ်ချုပ် သူတွေအတွက် သာသာထိုးထိုးပြဋ္ဌာန်းမှာလား။ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် အလေးထားပြီး ပြဋ္ဌာန်းမှာလား။ ဒါသိပ်အရေးကြီးပါတယ်။ PR စနစ်ကိုကျင့်သုံးမယ်ဆိုရင် အဆိုရှင်က ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ညီညွတ်တယ်လို့ ပြောပေမယ့် ကျွန်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်တယ် လို့မြင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတဲ့အတွက်ကြောင့် အဆိုရှင်တင်ပြထားတဲ့ PR စနစ်ကျင့်သုံးဖို့ဆိုတာ ဒီမိုကရေစီစနစ်ရဲ့စံနှုန်းဖြစ်တဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ဆိုတဲ့ အခွင့်အရေး ကိုဆုံးရှုံးသွားမှာဖြစ်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)နဲ့ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပါသဖြင့် ကန့်ကွက်ပါကြောင်း ဆွေးနွေး တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျ။ အားလုံးမင်္ဂလာပါခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျာ။ ကျွန်တော်က အဆိုရှင်ရဲ့ သဘောထားကို အတိုချုပ်ပြီးတော့ ဆန်းစစ်တင်ပြသွားမှာ ဖြစ်ပါတယ်။ သူများထောက်ခံလို့ လိုက်ထောက်ခံမှာလည်းမဟုတ်ပါဘူး။

ကျွန်တော်တို့က အဆိုကို သေသေချာချာတော့ လေ့လာဖို့လိုအပ်ပါတယ်။ အဆိုက လိုက်လျောညီထွေ ရှိမည့် လိုပြောတဲ့အတွက် သူက ဘာကိုလုပ်မယ်လို့ပြောသေးတာမဟုတ်ပါဘူး။ အဲ့ဒီတော့ ခုန အလုံက ဆရာ ဦးခိုင်မောင်ရည် ပြောသလိုပဲ တစ်ကမ္ဘာလုံးသုံးတဲ့စနစ် ၁၄ မျိုးတည်းကလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့က လိုက်လျောညီထွေရှိမယ့်ဟာကို ဖော်ထုတ်လိုက်နိုင်ပြီး သဘောတူပေးလိုက်တယ်ဆို ရင်တော့ ၁၅ မျိုးစုမြောက်လည်း ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ ပုဒ်မခွဲ(စ)မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ထံကို အဓိပ္ပာယ်ဆုံးဖြတ်ချက်သဘောထား တိုက်ရိုက်တင်သွင်းခွင့်ရှိတဲ့အတွက်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ကျော်ပြီးတော့ ဘယ်နည်းလမ်းမှ ထွက်လာနိုင်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ခုံရုံးတင်ခွင့်ရှိတဲ့ လုပ်ပိုင်ခွင့်နဲ့ပတ်သက်လို့ ဥက္ကဋ္ဌကလည်း တမြန်နေ့က လွှတ်တော်ကိုချပြပြီးဖြစ်ပါ တယ်။ အဲ့ဒီတော့ ကျွန်တော်တို့က အဆိုကို အောက်ပါပေတံလေးခုနဲ့ ကျွန်တော်ကတော့ တိုင်းချင်ပါ တယ်။ ပထမတစ်ခုကတော့ ကျွန်တော်တို့ ပြည်ထောင်စုတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေ နိုင်လောက်တဲ့ လွှတ်တော်အရပ်ရပ်၊ နယ်မြေအားလုံးမှာ စနစ်အားလုံး လုံးလုံးလျားလျားပြောင်းလဲ ပစ်မှာလား။ ဒီပေတံကတော့ အခုနက ကျွန်တော်တင်ပြသွားပြီးဖြစ်တဲ့အတွက် ဒီလိုပြောင်းလဲပြစ်မှာ မဟုတ်ဘူးဆိုတာကတော့ တွေ့နေရပါတယ်။ ဒုတိယကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ တတိယကတော့ ဒီမိုကရေစီအရေးမှာ ပြည်သူတို့က ရွေးချယ်နိုင်ခွင့် အခွင့်အလမ်း ပိုမိုရ/မရ။ နောက်ဆုံးတစ်ခုကတော့ ဒီစနစ်တစ်ခုကို ပြောင်းလဲဖို့အတွက် အချိန်တန်/ မတန်ဖြစ်ပါတယ်။ ဒုတိယ ကော်မရှင်ရဲ့အခန်းကဏ္ဍကိုကြည့်တော့ သူက ဒီလွှတ်တော်က အတည်ပြု ပေးသမျှအထိသာ အကောင်အထည်ဖော်ပေးဖို့ရှိပါတယ်။ ဒါတောင်မှ သူက ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီသာလျှင်ဖြစ်ပြီးတော့ အကန့်အသတ်ကရှိပြီးသားဖြစ်ပါတယ်။ မည်သည့်ရွေးကောက်ပွဲစနစ် အတွက်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်ကနေ သွေဖည်ဆောင်ရွက်နိုင် ခြင်းမရှိဘူးဆိုတာ သေချာနေပါတယ်။ ဒါကြောင့်မို့လို့ မည်သည့်ရွေးကောက်ပွဲစနစ်အတွင်းမှာမဆို အရေးကြီးတာကတော့ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ဆိုရင် ဆန္ဒမဲပေးပုံ ပေးနည်းကို လွတ်လပ်စေရပါမယ်။ ဆန္ဒမဲရေတွက်ပုံ ရေတွက်နည်းအရ ပွင့်လင်းမြင်သာမှု၊ တိကျမှု ကောင်းရပါမယ်။ မဲရုံဝန်ထမ်းများနှင့် မဲဆန္ဒရှင်များကို အသိပညာကျယ်ပြန့်စွာ မျှဝေပေးခြင်းဟာ အရေးပါတဲ့ လုပ်ငန်းရပ်တွေပဲဖြစ်ပါတယ်။ ဒီအဓိကတာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဖို့ အတွက်လည်း အထောက်အကူပစ္စည်း၊ အထူးသဖြင့် ဘဏ္ဍာရန်ပုံငွေသုံးစွဲနိုင်ဖို့က ဒါတော်တော်အရေး

**မူကြမ်း**

ကြီးပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ဇူလိုင်လ ၂၀ ရက် ရန်ကုန်မြို့မှာ ပါတီစုံက ကိုယ်စားလှယ်အားလုံး၊ CSO အားလုံး၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာရေးအဖွဲ့အားလုံး စုံညီကျင်းပတဲ့ ရွေးကောက်ပွဲဆိုင်ရာ သမာသမတ်ကျခြင်းတွင် နယ်ပယ်စုံမှပါဝင်နေကြသော အဖွဲ့အစည်းများ၏ ညီလာခံ Multi Stakeholder Conference on Electoral Integrity ဆိုတဲ့ ညီလာခံမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကိုယ်တိုင် ပါတီအဖွဲ့အစည်းအသီးသီးကို တရားဝင်ကြေညာပြီးဖြစ်ပါတယ်။ ဘယ်စနစ်ကိုပဲပြောင်းပြောင်း သူကတော့ ဒီ Voter Education ကို အဓိက လုပ်ရမှာဖြစ်ပါတယ်။ အရင်တုန်းက သူ့အနေနဲ့ သူ့ဘတ်ဂျက်နဲ့ဆိုရင် သုံးလ၊ လေးလတစ်ခါတောင်မှပဲ ပါတီစုံကိုတွေ့နိုင်ဖို့ ခဲယဉ်းပေမယ်လို့ အခုတော့ နိုင်ငံတကာအကူအညီတွေလည်း အပြည့်အစုံရရှိနေတဲ့အတွက် ခင်ဗျားတို့ကို တစ်လတစ်ကြိမ် ကျွန်တော် တွေ့နိုင်မှာပါလို့ သူ တရားဝင်ပြောပြီးဖြစ်ပါတယ်။ နောက် Pilot Project လည်း လုပ်နေပါပြီ။ ဒါကြောင့်မို့လို့ ဘယ်စနစ်ကိုပြောင်းမယ်ဆိုတာထက် ရွေးကောက်ပွဲကော်မရှင်ရဲ့အခန်းကဏ္ဍကတော့ ပြောင်းသမျှစနစ်ရဲ့ Voter Education ကို သူ ပြည့်ပြည့်စုံစုံလိုက်လုပ်မှာဖြစ်ပါတယ်။ ဥပဒေနှင့်ညီအောင်လုပ်မှာဖြစ်ပါတယ်ဆိုတာ ကျွန်တော်တို့ ပစ်ပယ်ထားလို့မရပါဘူး။ ဒုတိယတစ်ခု ဒီပေတံမှာပဲ ဒုတိယတစ်ခုရှိပါတယ်။ အဲ့ဒီတော့ ဒီအဆိုကိုများ အတည်ပြုပေးလိုက်မယ်ဆိုရင် ဖြစ်လာနိုင်တာတွေကတော့ ကော်မရှင်က ဒီလိုမျိုးလုပ်ပေးနိုင်ပါတယ်။ လူပုဂ္ဂိုလ်တခြား၊ အမှတ်တံဆိပ်တခြား ပြည်သူက ခွဲခြားရွေးချယ်နိုင်မယ့် လုပ်ထုံးလုပ်နည်းလည်း ဖော်ဆောင်ပေးနိုင်ဖို့ဖြစ်လာနိုင်ပါတယ်။ နောက်တစ်ခုက လူပုဂ္ဂိုလ်နဲ့ အမှတ်တံဆိပ်ကို တစ်ပြိုင်တည်း ရွေးချယ်လိုပါကလည်း ရွေးချယ်နိုင်စွမ်းရှိစေမယ့် လုပ်ထုံးလုပ်နည်းလည်း ဖော်ဆောင်ပေးဖို့ဖြစ်လာနိုင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ယုံကြည်နှစ်သက်ရာတစ်ခုကို ရွေးချယ်ပြီးတော့ မနှစ်သက်တာတွေကို ချန်လှပ်ထားခဲ့သော်လည်းပဲ ထိုမဲဟာပယ်မဲမဖြစ်နိုင်တဲ့ ပြည်သူ့အခွင့်အရေးကိုရရှိစေဖို့ လုပ်ထုံးလုပ်နည်းမျိုးလည်း ဖော်ဆောင်ပေးဖို့ ဒါဖြစ်လာနိုင်ပါတယ်။ ဒီလိုအဆိုတင်ရုံပဲရှိသေးတဲ့ အဆင့်မှာ ပါတီတံဆိပ်ကိုပဲ ရွေးသွားတော့မယ်လို့၊ လူပုဂ္ဂိုလ်ကိုပဲ ရွေးသွားတော့မယ်လို့ အခုလိုမျိုး ကြိုတင်ပြီး ဆုံးဖြတ်ထားတာတွေကတော့ သိပ်ပြီးတော့ သဘာဝမကျပါဘူး။ နောက်အချိုးကျတန်းစီဇယားမှာ သက်ဆိုင်ရာပါတီရဲ့ခေါင်းဆောင်ပိုင်း သို့မဟုတ် CEC တွေ နဲ့နီးစပ်မှုရှိရုံနဲ့ နေရာရမယ်ဆိုတဲ့ ဆွေးနွေးချက်မျိုးတွေလည်းရှိပါတယ်။ ဒါက မပြဋ္ဌာန်းရသေးတဲ့လုပ်ထုံးလုပ်နည်းတစ်ခုကို ကျော်တွေးသလို ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ နာယက ဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ခေါင်းဆောင် သို့မဟုတ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ပေါ်ပေါက်ခြင်း

သို့မဟုတ် ပျက်သုဉ်းသွားခြင်းဆိုတာဟာ နိုင်သူအကုန်ယူစနစ်တည်းမှာလည်းဖြစ်နိုင်သလို အချိုးကျ စနစ်တည်းမှာလည်း ဖြစ်နိုင်ပါတယ်။ ဒီစနစ်တွေနဲ့ တိုက်ရိုက်ပုံသေအချိုးကျခြင်းမရှိပါဘူး။ မိမိပါတီ အတွင်း စည်းလုံးမှုမပြိုကွဲရေးက သက်ဆိုင်ရာပါတီများအပေါ်မှာ မူတည်ပါတယ်။ PR စနစ်ပေါ်လည်း မူမတည်ပါဘူး။ FPTP အပေါ်လည်း မူတည်ခြင်းမရှိပါဘူး။ နောက်ပေတံတစ်ခုနဲ့တင်ပြလိုပါတယ်။ ပြည်သူတို့ရွေးချယ်နိုင်ခွင့် အခွင့်အလမ်းပိုမိုရရှိခြင်းရှိ/မရှိ။ အဲ့ဒီတော့ ဒီမိုကရေစီအရေးမှာ အရေးကြီး ဆုံးက ပြည်သူ့ကိုယ်စားပြုတဲ့ လွှတ်တော်ပေါ်ဖို့ဖြစ်ပါတယ်။ ဒီလွှတ်တော်မျိုးပေါ်ဖို့ ရွေးကောက်ပွဲ မဖြစ်မနေလိုပါတယ်။ အဲ့ဒီရွေးကောက်ပွဲထဲမှာ မဲဆန္ဒရှင်တွေရဲ့ ရွေးချယ်နိုင်တဲ့အခွင့်အရေး အမြင့်မား ဆုံးရဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အတိတ်ကို ကျွန်တော်တို့ကြည့်ရင် အမှတ်တံဆိပ်တစ်ခုပေါ် မူတည်ပြီးတော့ ရွေးရတဲ့အခါ အဲ့ဒီတံဆိပ်အောက်မှာရှိတဲ့ ကိုယ်စားလှယ်ဆိုတာ လူပုဂ္ဂိုလ်ရဲ့ အကြောင်းကို အဆိုးဘက်ကနေ သိနေတဲ့ ပြည်သူများအတွက်က စိတ်မသက်မသာဖြစ်ရပါတယ်။ နောက်တစ်ခုကတော့ လူပုဂ္ဂိုလ်ချည်းကိုမူတည်ပြီး ရွေးရတဲ့အခါမှာလည်း ရွေးတော့ရွေးလိုက်တယ်။ ပြည်သူက မိမိမကြိုက်တဲ့မူဝါဒကို အဲ့ဒီပုဂ္ဂိုလ်က သူ့တံဆိပ်နောက်လိုက်ပြီး အကောင်အထည်ဖော်တဲ့ အခါမှာ လွှတ်တော်သက်တမ်းကုန်တဲ့အထိ စိတ်ဆင်းရဲကြရပါတယ်။ ဒါကြောင့်မို့လို့ ဘယ်စနစ်ကို ပြောင်းပြောင်း တိုင်းဒေသကြီးများမှာသာ စတင်ကျင့်သုံးမယ်ဆိုရင်တောင်မှ အောက်ဆုံးက ပြည်သူ တွေ စိတ်မသက်မသာ -----။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ အစွန်းနှစ်ဖက်ကို ကျွန်တော်တို့ ရှောင်ကျဉ်သွား နိုင်ဖို့လိုပါတယ်။ နိဂုံးချုပ်အားဖြင့်တော့ အချိန်တန်/မတန်ဆိုတာလေးနဲ့ နိဂုံးချုပ်ချင်ပါတယ်။ ပထမ သာဓကကတော့ မြန်မာနိုင်ငံ မဲဆန္ဒနယ် ၃၃၀ မှာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့တဲ့ မြို့နယ်ငါးမြို့နယ်ကို ချန်မထားဘဲ အားလုံးအသင့်ဖြစ်မှ ရွေးကောက်ပွဲလုပ်မယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲလည်း ရှိလာမှာ မဟုတ်ဘူး။ ဒီနေ့ လွှတ်တော်လည်းရှိမှာမဟုတ်ဘူး။ ကျွန်တော်တို့ အခုလို လွတ်လွတ်လပ်လပ်ရဲရဲဝံ့ဝံ့နဲ့ ပြောဆို ငြင်းခုံခွင့်ရမှာမဟုတ်ပါဘူး။ ဒုတိယနောက်ဆုံးသာဓကကတော့ ၂၀၁၀ ရွေးကောက်ပွဲ အကြို ပြင်ဆင်တဲ့ကာလမှာ နိုင်ငံရေးပတ်သက်သူအားလုံး ပါတီစုံညီဖွဲ့စည်းပြီးမှကျင်းပမယ်ဆိုရင် ဒီနေ့ လွှတ်တော်ပေါ်ဦးမှာမဟုတ်ပါဘူး။ အာဏာလည်း လွှဲပေးနိုင်မှာမဟုတ်ပါဘူး။ ဘယ်သူတွေတုံ့ဆိုင်း နေသည်ဖြစ်စေ အဲ့ဒီတုန်းကမှတ်ပုံတင်ဖြစ်ခဲ့တဲ့ နိုင်ငံရေးပါတီရှိသမျှနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့သာ

ဖြစ်တဲ့အတွက် ယနေ့အချိန်ရောက်ရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ PR စနစ်ပြောင်းသည်ဖြစ်စေ၊ မပြောင်းသည်ဖြစ်စေ၊ နိုင်မယ့်ပါတီက နိုင်မြဲဖြစ်ပြီးတော့ ရှုံးမယ့်ပါတီက ရှုံးမြဲဖြစ်ပါတယ်။ ပြည်သူနှစ်သက်မှုကတော့ ပြောင်းလဲသွားမှာမဟုတ်ပါဘူး။ ပြည်သူကို ကျွန်တော်တို့ ယုံကြည်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်ဇင်ရဲ့အဆိုဟာ ဒီလွှတ်တော်ကနေပြီးတော့ အတည်ပြုပေးသင့်တဲ့အဆိုဖြစ်ကြောင်း ထောက်ခံဆန်းစစ်တင်ပြရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းစေအွာက စာဖြင့်ရေးသားတင်ပြထားတာရှိပါတယ်။ အကြောင်းကတော့ ပြီးခဲ့တဲ့ရက်ပိုင်းက ဆွေးနွေးပွဲမှာ ဝင်ရောက်ဆွေးနွေးမယ်ဆိုပြီး စာရင်းပေးထားသော်လည်း အဲ့ဒီရက်တွေကပျက်ခဲ့တဲ့အတွက် အခုလို စာဖြင့်ရေးသားဆွေးနွေးခြင်းကို လက်ခံပေးပါရန်ဆိုပြီးတော့ ကျွန်တော့်ဆီကို တင်ပြလာပါတယ်။ ဖတ်ပြပါမယ်။

သို့

ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>နေပြည်တော်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်

အကြောင်းအရာ ။ **စာဖြင့်တင်ပြဆွေးနွေးခြင်းကို လက်ခံဆွေးနွေးပေးနိုင်ပါရန်။**

ရည် ညွှန်း စာ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်စွဲဖြင့် ဥက္ကဋ္ဌထံ တင်ပြစာ

PR စနစ်နဲ့ပတ်သက်၍ စာဖြင့်အောက်ပါ အတိုင်း (၃)ချက် တင်ပြအကြံပြုပါသည်။

၁။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့၏နိုင်ငံသည် တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်ဖြစ်နေပါသည်။ ဒီမိုကရေစီလမ်းကြောင်းသည် အကွေ့အကောက်များနေပါသေးသဖြင့် မြန်နှုန်းထိန်းသင့်ပါသည်။

၂။ FPTP မှ PR စနစ်ပြောင်းလဲဖို့အတွက် ပြည်သူလူထု၏အသံ၊ ဆန္ဒများကို နားထောင်သင့်သည်ဟု ယူဆပါသည်။

၃။ FPTP စနစ်နှင့် PR စနစ်တို့၏ ကောင်းကျိုး၊ ဆိုးကျိုးများကို နှိုင်းယှဉ်လေ့လာပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်၏ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ ဥပဒေပညာ

ရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံပြုချက်၊ သုံးသပ်ချက်များကိုရယူပြီး ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဒေါ်နန်းစေအွာ
ဘားအံမဲဆန္ဒနယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

**ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကိုအခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆွေးနွေးရန်ရှိက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို လေးစားဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေး အဆိုနှင့်စပ်လျဉ်းပြီးတော့မှ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခြင်း၊ ဒီအဆိုအပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက တင်ပြဆွေးနွေးကြခြင်းများအပေါ်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ တစ်စုံတစ်ရာတင်ပြရန်မရှိပါခင်ဗျာ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ်မှာ လိုအပ်လာမယ့်ဥပဒေကြောင်းကိစ္စရပ်များနှင့် စပ်လျဉ်းပြီးတော့မှ ပြည်ထောင်စုလွှတ်တော်

က ဆုံးဖြတ်မယ့်၊ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်အတိုင်း လေးစားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အတွင်းမှာ ဒီနေ့အထိ သုံးရက်တိုင် ဆွေးနွေး၊ ငြင်းခုံ၊ အခြေအတင်ပြောဆိုမှုများ ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးသူ ၃၉ ယောက်ရှိတဲ့အနက် ထောက်ခံဆွေးနွေးတာ ၁၈ ယောက်၊ ကန့်ကွက်ဆွေးနွေးတာ ၁၈ ယောက်နဲ့ ကြားနေဆွေးနွေးတာ ၃ ယောက်လို့ မှတ်ယူလို့ရပါတယ်။ ဆွေးနွေးချက်များရဲ့ ဦးတည်ချက်ကတော့ နိုင်ငံနှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားသာဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်အောင်မြင်ထွန်းကားတည်တံ့ရေးအတွက်သာ အဓိကဆွေးနွေးသွားတယ်လို့ မှတ်ယူလို့ရပါတယ်။ သို့ရာတွင် ငြင်းခုံခြင်း၊ ဆွေးနွေးခြင်း Debate ဆိုတဲ့သဘောကတော့ ကိုယ့်အမြင်၊ သူ့အမြင်ရှိတဲ့နေရာမှာ ကိုယ့်အမြင်က အနိုင်ရအောင် တက်တက်ကြွကြွဆွေးနွေးမှုများဟာလည်း ဒီမိုကရေစီရဲ့ ရုပ်လုံးသဏ္ဌာန်ပေါ်လွင်တဲ့အတွက် ကျွန်တော်တို့အားလုံး လက်ခံကြိုဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဒီကာလအတွင်းမှာ တခြားတခြားနိုင်ငံရဲ့လွှတ်တော်များကို ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီလိုရောက်ရှိတဲ့အခါမှာ လွှတ်တော်ထဲမှာ အကြောက်အကန်၊ အပြင်းအထန်ဆွေးနွေးကြပေမယ့် သဘောကတော့ ပြိုင်ဆိုင်မှုပြင်းထန်ပေမယ့် အပြင်ရောက်တဲ့အခါမှာ ပါတီအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းဟာ တကယ့်လုပ်ဖော်ကိုင်ဖက်လို သဘောထားနေတာကိုလည်း ဝမ်းမြောက်စွာတွေ့မြင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့ လွှတ်တော်အတွင်းမှာ ဆွေးနွေးသွားကြတဲ့ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ဒီနေ့ ဒီမိုကရေစီနိုင်ငံတွေမှာ ခေတ်စားနေတဲ့ Debate ဆိုတဲ့ကိစ္စမျိုးကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အတွင်းမှာတော့ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားဖြစ်အောင် ဆွေးနွေးနိုင်ခြင်းဟာ ကျွန်တော်တို့သွားရမယ့် ဒီမိုကရေစီလမ်းကြောင်းကို ပိုပြီးတော့ ကောင်းမွန်စေမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကြိုဆိုမှာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးမှုတွေဟာ ပုဇွန်တောင်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်သွင်းတဲ့အဆိုပေါ် မူတည်ပြီးတော့ ထောက်ခံသူ၊ ကန့်ကွက်သူ၊ ကြားနေသူများ လွှတ်တော်အတွင်းမှာ ဆွေးနွေးသလို လွှတ်တော်ပြင်ပမှာလည်း ပြောဆိုနေတာတွေလည်းရှိပါတယ်။ အဲ့ဒီတော့ ဒီအဆိုကို ပြည်သူ့လွှတ်တော်ကို တင်ပြလာတဲ့အချိန်မှာ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အများစုက လက်မှတ်ရေးထိုးပြီးတော့ ကျွန်တော်ဆီ ကန့်ကွက်တဲ့သဘော တင်ပြလာတာရှိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်တွေထဲကမှ ပါတီအသီးသီးရဲ့ခေါင်းဆောင်များ ခေါ်ပြီးတော့ ရှင်းလင်းတင်ပြ

ပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ ပြင်ပမှာလည်း အမျိုးမျိုးပြောဆိုဝေဖန်မှုတွေရှိပါတယ်။ အဲ့ဒီနည်းတူပဲ ဒီနေ့ လွှတ်တော်ကျင်းပတဲ့အချိန်ကာလမှာလည်း အရပ်သတင်း၊ အရပ်ဘက်ကနေပြောနေတဲ့သတင်းတွေဟာ ဒီဟာကို ဆွေးနွေးမှုကို ကန့်ကွက်တဲ့အနေနဲ့ လွှတ်တော်ထဲကိုလာရောက်ပြီးတော့ မတက်ဘဲနဲ့ ကန့်ကွက်ပြီးဆောင်ရွက်နေတယ်ဆိုတဲ့ အပြောမျိုးတွေလည်း ကြားနေရပါတယ်။ ဒါတွေကတော့ ဒီမိုကရေစီနိုင်ငံတစ်ခုမှာရှိတဲ့ အလေ့အထတွေပဲဖြစ်ပါတယ်။ မိမိရဲ့ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်ဆွေးနွေးခွင့်ရှိသလို၊ ဆန္ဒပြမှုများကလည်း သူတို့ရဲ့အခွင့်အရေးများဖြစ်ပါတယ်။ ဒီအခွင့်အရေးနဲ့အညီပဲ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးတွေကိုလည်း ကျွန်တော်တို့လေးစားပေးရမှာဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီဆိုတဲ့အဓိပ္ပာယ် ပေါ်ပေါက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုကိုတင်သွင်းခဲ့တဲ့ ဦးအောင်ဇင်အနေနဲ့ မိမိတို့လွှတ်တော်အတွင်းမှာ ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရဲ့ တင်ပြမှု၊ ထိုနည်းတူစွာပဲ လွှတ်တော်ဥက္ကဋ္ဌရဲ့ ပြောကြားမှုအပေါ်မှာ အဆိုရှင်အနေနဲ့ ပြန်လည်ဆွေးနွေးမှု မိမိရဲ့သဘောထားကို ဒီမှာတင်ပြဖို့အခွင့်အရေးရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်ဇင် ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့အဆိုအပေါ်မှာ စိတ်ဝင်စားစွာနဲ့ဆွေးနွေးသွားကြတဲ့ ကန့်ကွက်သူရော၊ ထောက်ခံသူရော လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပထမပြောကြားလိုပါတယ်။ ကျွန်တော့်ရဲ့အဆိုဟာ မည်သည့်ပါတီ၊ မည်သူတစ်ဦးတစ်ယောက်ကိုမှ ရည်ရွယ်ပြီး တင်တာမဟုတ်ပါဘူး။ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွား၊ ဒီမိုကရေစီကို ပုံဖော်ရာမှာ ပိုမိုအားကောင်းမောင်းသန်ဖြစ်စေဖို့အတွက်ရည်ရွယ်ပြီး တင်ခြင်းဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ခံသူကိုယ်စားလှယ်များက ကျွန်တော့်ရဲ့အဆိုကို သေချာစွာလေ့လာပြီး ဒီမိုကရေစီနှလုံးသားဓာတ်ခံနှင့် ဆွေးနွေးထောက်ခံကြတာကို ကြားသိရတော့ အနာဂတ်နိုင်ငံအတွက် ရင်အေးခဲ့ရသလို ကန့်ကွက်သူများက အဓိကပြောသွားကြတာကတော့ အခြေခံဥပဒေနှင့်မညီဘူး။ ဥပဒေပြင်ဆင်သင့်ကြောင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေကြောင်းတွေကိုပဲ ပြောသွားတာကိုတွေ့ရတဲ့အတွက် ကျွန်တော်က အနည်းငယ်ရှင်းပြလိုပါတယ်။ အဆိုတစ်ခုကို ဆွေးနွေးတဲ့အခါမှာ အဆိုကိုသေသေချာချာလေ့လာပြီးမှ ဆွေးနွေးသင့်ပါတယ်ခင်ဗျာ။ အဆိုကိုမလေ့လာဘဲ မိမိလိုရာကိုဆွဲပြီး ဆွေးနွေးမှုများဟာ အကျိုးဆက်ကောင်းထွက်ပေါ်လာရန်အတွက် ခဲယဉ်းပါလိမ့်မယ်။ ကျွန်တော့်အဆို

မှာ တိုင်းရင်းသားရေးကို သေချာတွေးပြီး၊ တင်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေပြင်ဆင်ဖို့ ဆန္ဒစောနေပုံရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီသောအဆိုဟု မစွပ်စွဲသင့်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရေးကို ဖော်ပြထားပြီးလည်းဖြစ်ပါတယ်။ ဒီ့အပြင် PR နှင့် FPTP စနစ်နှစ်ခုမှာ ဒီမိုကရေစီကိုဖော်ဆောင်ရာမှာ မည်သည့်စနစ်က အလေးသာသည်ကို အားလုံးသိပြီးဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် ဒီမိုကရေစီကိုဖော်ဆောင်ရာမှာ ရနိုင်သမျှခရီးရောက်အောင် သွားသင့်ပါတယ်။ ဒီခရီးကို ဘယ်နည်းနဲ့သွားနိုင်တယ်ဆိုတာကိုပဲ စဉ်းစားဆုံးဖြတ်သင့်ပါတယ်။ အချိန်စောသေးတယ်။ အချိန်မတန်သေးဘူးဆိုတာမျိုး ဆွေးနွေးသင့်/မသင့်ကို ဒီမိုကရေစီအရေး ဦးထိပ်ထား ပြောဆိုနေသူများ ဆင်ခြင်သင့်ပါတယ်။ မိုင် ၁၀၀၀ ခရီးရဲ့အစဟာ ပထမခြေတစ်လှမ်းဖြစ်တယ်ဆိုတာကိုတော့ သတိပြုသင့်ဖို့လိုပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ရဲ့အဆိုက ပြည်သူ့လွှတ်တော်အတွက်သာ အားလုံးအဆင်ပြေသင့်တော်မယ့် ရွေးကောက်ပွဲကျင်းပပုံစနစ်တစ်ခု သို့မဟုတ် မူတစ်ခုပေါ်လာရေးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေးဖော်ဆောင်နိုင်ရေးကိုသာ တင်ပြခြင်းအဆိုဖြစ်ပါသည်ကို မမေ့စေလိုပါဘူး။ ဆက်လက်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှိနေပါသေးတယ်။ ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အဆို ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အတည်ပြုရေးအဆိုမဟုတ်ဘူးဆိုတာကိုလည်း သတိပြုစေလိုပါတယ်။ ဆန္ဒမစောကြစေလိုကြောင်း မေတ္တာရပ် ခံလိုပါတယ်။

ဆက်လက်၍ ကျွန်တော့်ရဲ့အဆို ဖြစ်ပေါ်လာပုံလေးနဲ့ စီစဉ်တာကို တင်ပြပါရစေ။ အချိုးကျကိုယ်စားပြုစနစ်ကို ဘာဖြစ်လို့တင်ရသလဲလို့ ကျွန်တော့်ကို မေးကြပါတယ်။ အားလုံးကလည်း ၂၀၁၂ နောက်ပိုင်းမှ တင်လာတာကိုလည်း သံသယဖြစ်လာပါတယ်။ အဲ့ဒီအတွက် ကျွန်တော် အနည်းငယ် ရှင်းပြပါမယ်။ ၂၀၁၀ ကာလကနေပြီးတော့ ဖြတ်သန်းလာခဲ့တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့နိုင်ငံရေးဟာ ဒီမိုကရေစီခေတ်ကိုသွားတဲ့ နိုင်ငံရေးဖြစ်ပါတယ်။ ဒီမိုကရေစီခေတ်ပြောင်းနိုင်ငံရေးလို့လည်း ပြောနိုင်ပါတယ်။ အဲ့ဒီခေတ်ပြောင်းနိုင်ငံရေးဆိုတော့ ကျွန်တော်တို့က ဒီမိုကရေစီအပေါ်မှာ သေချာသုံးသပ်ဖို့ လိုလာပါပြီ။ အရင် စစ်အစိုးရခေတ်တုန်းကတော့ ဒီမိုကရေစီလို့တစ်လုံးတည်းပြောလိုက်ရင်ပြီးပြည့်စုံ စေလိုပါသည်။ ကျုပ်တို့ ဒီအာဏာရှင်ကိုလက်မခံဘူး။ ဒီမိုကရေစီအတွက်လုပ်နေတယ်။ ဒီမိုကရေစီကို တောင်းဆိုမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီဆိုတာ အခြေခံအားဖြင့် စစ်အာဏာရှင်ကို ဆန့်ကျင်တာ။ အခုတော့ ဒီလိုမဟုတ်တော့ပါဘူး။ ဒီမိုကရေစီကို ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီးတော့ တကယ်လုပ်ကြရတော့မှာပါ။ လုပ်လည်းလုပ်နေကြပါပြီ။ ဒီတော့ ဒီမိုကရေစီရဲ့အသွင်သဏ္ဌာန်လက္ခဏာတွေက ဘာတွေလဲ။ ဒီမိုကရေစီရဲ့အရေးကြီးတဲ့အချက်တွေက ဘာတွေလဲ။ ဒီမိုကရေစီမှာ

ဘာတွေဖြည့်ဆည်းကြရမလဲ စသဖြင့် ဒီမိုကရေစီရဲ့ အနှစ်သာရတွေကို စဉ်းစားလာကြရပါပြီ။ အဲ့ဒါကြောင့် ကျွန်တော်တို့ လေ့လာကြည့်လိုက်တဲ့အခါ ဒီမိုကရေစီလမ်းကြောင်းမှာ ရွေးကောက်ပွဲစနစ်နှစ်ခုဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖော်ဆောင်ရာမှာ အင်မတန်မှ အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိနေတာကို တွေ့ရပါတယ်။ ဒါကို လေ့လာလိုက်တဲ့အခါ ကျွန်တော်တို့လည်း ပါရဂူတွေမဟုတ်ပါဘူး။ အခြားသောဒီမိုကရေစီနိုင်ငံမှာ ဘာတွေလုပ်နေကြသလဲ။ အရင်က ကိုယ်ဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံတွေက ဘာတွေရှိသလဲ။ အဲ့ဒါတွေကိုကြည့်ပြီးတော့မှ စဉ်းစားတဲ့အခါ အဓိကကျတဲ့ရွေးကောက်ပွဲစနစ်နှစ်ခုကို တွေ့ရတယ်။ အဲ့ဒါက FPTP နဲ့ PR ဆိုတဲ့စနစ်တစ်ခုရဲ့ အားပြိုင်တာကို တွေ့ရတယ်။ အဲ့ဒါကိုတွေ့တဲ့အခါကျတော့ ဘယ်ဟာဟာ တို့နိုင်ငံနဲ့ကိုက်ညီသလဲ။ ဒီမိုကရေစီရဲ့စံနှုန်းတွေနဲ့ ဘယ်ဟာက ပိုပြည့်စုံသလဲ။ တစ်နည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမယ့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံစနစ်တစ်ခုကို စဉ်းစားမိရာက ဒီအဆိုကို တင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ့်နိုင်ငံ ဒီမိုကရေစီ စတဲ့အခါမှာ ရွေးကောက်ပွဲစနစ်ပြင်လိုက်ရင် ပိုကောင်းမယ်။ အစကောင်းမှ အနှောင်းသေချာမယ်ဆိုပြီးတော့ တင်လိုက်ရတာဖြစ်ပါတယ်။ အများဆန္ဒကို အများဆုံးဖော်ဆောင်နိုင်တာဟာ PR ပဲဖြစ်ပါတယ်။ သုံးမယ်ဆိုရင်လည်း မြန်မာနိုင်ငံနဲ့လိုက်လျော ညီထွေဖြစ်အောင်ညှိယူပြီး သုံးလို့ရပါတယ်။ ဒီမိုကရေစီပိုကျတာကတော့ ဒီ PR စနစ်ပဲဖြစ်ပါတယ်။ အင်တာနက်စွယ်စုံကျမ်းကနေ ဘာသာပြန်ထားတဲ့ PR အကြောင်းတွေကိုဖတ်ပြီး မြန်မာပြည်နဲ့ မသင့်တော်ဘူး။ မကောင်းဘူးချည်း ပြောမနေကြဖို့တော့လိုပါတယ်။ ကျွန်တော်တို့ စိုးရိမ်ကြတဲ့အချက်တွေ တစ်ချက်ချင်းစီရဲ့ ဆိုးကျိုးတွေကိုမဖြစ်အောင် လုပ်လို့ရတဲ့နည်းတွေ အများကြီးရှိပါတယ်။ အဲ့ဒါတွေကို စဉ်းစားတွေးခေါ်ဆုံးဖြတ်ရမှာဖြစ်ပြီး အစအဆုံးလေ့လာသုံးသပ်ရမှာဖြစ်ပါတယ်။ ဒီအတွက် သဘောထားကတော့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုပြီးတော့ ကျွန်တော့်အနေနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါ့မယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တကယ့်ဆွေးနွေးချက်အနှစ်သာရကိုကြည့်မယ်ဆိုရင် အဓိကဦးတည်ချက်ကတော့ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက်သာဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်အောင်မြင်ထွန်းကားတည်တံ့ရေးအတွက်ပဲ ဖြစ်တယ်လို့ပဲ သုံးသပ်လို့ရပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့

**မူကြမ်း**

နေရာမှာ ကျွန်တော်တင်ပြခဲ့သလို မိမိရဲ့ဘက်ကအနိုင်ရရှိအောင် မိမိတို့အမြင်ကို ပွင့်ပွင့်လင်းလင်း အငြင်းအခုံသဘောနဲ့ဆွေးနွေးခဲ့တာဟာလည်း ဒီမိုကရေစီစနစ်ရဲ့ ပြယုဂ်တစ်ခုလို လွှတ်တော်ထဲမှာ ဖော်ပြနေခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့အဆိုပြုချက်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်လိုက်လျောညီထွေရှိမည့်ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ် PR ကိုအခြေခံတဲ့ ရွေးကောက်ပွဲနည်းလမ်း ဒါက အဆိုရှင်ကနေစပြီး အဆိုပြုပါတယ်။ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒါမှမဟုတ်ဘူးဆိုရင် နိုင်သူအကုန်ယူစနစ် FPTP စနစ်တို့ကို အခြေခံတဲ့ရွေးကောက်ပွဲစနစ် ဒီနှစ်ခုကို အခြေခံပြီးဆောင်ရွက်မယ်ဆိုရင် ကောင်းမွန်သော ရွေးကောက်ပွဲစနစ်၊ မြန်မာနိုင်ငံအတွက် ပိုမိုသင့်လျော်တဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်တဲ့စနစ်တစ်ခု ဖြစ်နိုင်ကြောင်းလည်း ဝိုင်းဝန်းဆွေးနွေးသွားကြတာရှိပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တင်ပြထားတဲ့အတိုင်း ကော်မရှင် သို့မဟုတ် ကော်မတီဖွဲ့စည်းမယ်ဆိုလို့ရှိရင် လုံလောက်တဲ့အတိုင်းအတာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီကော်မရှင်ကနေပြီးတဲ့အခါမှာ မြန်မာနိုင်ငံနှင့်သင့်တော်မယ့် ရွေးကောက်ပွဲစနစ်ကို ဖော်ထုတ်ပြီး လွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူပြီးတဲ့အခါမှာ ဆုံးဖြတ်ဆောင်ရွက်သွားမှသာလျှင် PR ကိုအခြေခံသော သို့မဟုတ်ရင် FPTP ကို အခြေခံသော သို့မဟုတ် ဒီနှစ်ခုလုံးကိုနှိုင်းယှဉ်အခြေခံသော ကိစ္စများပေါ်ပေါက်လာပြီး ကျွန်တော်တို့ နိုင်ငံအတွက် သင့်တော်မယ့်ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီနေ့အဆိုဟာ မြန်မာနိုင်ငံအတွက် သင့်လျော်သောရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာဖို့အတွက် ကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုတင်ပြတဲ့ တင်ပြချက်ပဲဖြစ်ပါတယ်။ လွှတ်တော်ကိုတင်ပြတယ်ဆိုတဲ့နေရာမှာ လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒီတင်ပြချက်ကို လွှတ်တော်ကပဲ အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်တင်ပြတဲ့၊ အဆိုပြုထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်ပေးနိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံတဲ့ရွေးကောက်ပွဲစနစ် သို့မဟုတ် နိုင်သူအကုန်ယူစနစ်ကို အခြေခံတဲ့စနစ် သို့မဟုတ် ဒီနှစ်ခုလုံးကိုပေါင်းစပ်ပြီးဆောင်ရွက်မယ့်စနစ်ကို ကျင့်သုံးနိုင်ဖို့အတွက်ဆိုရင်တော့ ကျွန်တော်တို့ လွှတ်တော်ထဲက လွှတ်တော်အတွင်းမှာပဲ ဆွေးနွေးဆုံးဖြတ်လို့မရနိုင်တဲ့အတွက် ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်ဇင် တင်သွင်းတဲ့အဆိုနှင့် ပတ်သက်ပြီး ကော်မရှင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအတွက် သင့်တော်တဲ့ရွေးကောက်ပွဲစနစ်ကို ဆောင်ရွက်

ဖို့နဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒါကြောင့် ဦးအောင်ဇင်ရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ အတိုချုပ်တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံအတွက် သင့်တော်တဲ့ရွေးကောက်ပွဲစနစ် ဆောင်ရွက်ဖို့အတွက် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်မှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ဇင်ရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ⊞ဌ**။ ။ သဘောမတူဘူး။ မတ်တတ်တစ်ယောက်ရပ်ပါတယ်။ ဒီဘက်က ရေပါ။ တပ်မတော်သားကိုယ်စားလှယ် ပါဝင်ပြီးရေပါ။ မိုက်ပေးလိုက်ပါ။

**ဒေါ်အောင်ဆန်းစုကြည်(ကော့မှူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကနေပြီးတော့ အဆိုကို ကန့်ကွက်တာ၊ ထောက်ခံတာထက် ဘယ်အဆိုကို ကျွန်မတို့ကန့်ကွက်နေတာ၊ ထောက်ခံနေ တာလည်းဆိုတာ ကျွန်မ မရှင်းလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဦးအောင်ဇင်ရဲ့ ဒီမှာ ကျွန်မတို့ Agenda ထဲမှာရေးထားတဲ့အဆိုမှာဆိုလို့ရှိရင် ကော်မရှင်ဖွဲ့ရေးဆိုတာ လုံးဝမပါပါဘူး။ ဒီအထဲမှာပါတာကတော့ ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲ နည်းလမ်းကို ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးဆိုတော့ အဲ့ဒီ ဟာနဲ့ အခုဥက္ကဋ္ဌကြီးပြောလိုက်တာနဲ့ ကော်မရှင်ဖွဲ့ရေးကိစ္စကို သဘောတူလားဆိုတာဟာ နည်းနည်း ကွဲလွဲမှုရှိနေလို့ပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ ဘာအတွက် ကျွန်မတို့ကနေပြီးတော့ ဆန္ဒပြုနေတာ လည်းဆိုတာ ကျွန်မတို့သိချင်ပါတယ်။ ကျွန်မတို့ထောက်ခံနေတာ၊ ကန့်ကွက်နေတယ်ဆိုတာ အခု ဒီ ၁၂။ Agenda item ၁၂ မှာ ပြထားတဲ့ ဦးအောင်ဇင်ရဲ့အဆိုကိုလား။ အခု ဥက္ကဋ္ဌကြီးပြောပြသွားတဲ့ သင့်တော်မယ့်ရွေးကောက်ပွဲစနစ်တစ်ခုကို ဆွေးနွေးရမယ့် ကော်မရှင်ဖွဲ့စည်းရေးအဆိုလားဆိုတာ ကျွန်မတို့မရှင်းလို့ပါ။ ဒီဟာမရှင်းပဲနဲ့တော့ ကျွန်မတို့အနေနဲ့ ကန့်ကွက်ဖို့ရော၊ ထောက်ခံဖို့ရော ခက်ပါ လိမ့်မယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ အားလုံးထိုင်ကြပါ။ အဲ့ဒီတော့ မူလအဆိုမှာ ဦးအောင်ဇင် အဆိုတင် သွင်းတုန်းက အဆိုရဲ့နိဂုံးအပိုဒ်မှာ ပါပါတယ်။ ဒါကြောင့်မို့လို့ ရွေးကောက်ပွဲစနစ်ဖော်ထုတ်နိုင်ဖို့ အတွက် ကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုကဒီလိုနိဂုံးချုပ်ထား ပါတယ်။ ဒီနေ့ ဒီမှာရေးထားတာကတော့ ရှေ့ပိုင်းကဟာပဲဖြစ်ပြီးတော့ ရေးထားခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဦးအောင်ဇင်စပြီးတော့ဆွေးနွေးတုန်းက ဒီလိုရွေးကောက်ပွဲစနစ်တစ်ခု ဖြစ်ပေါ်လာဖို့အတွက် ကော်မတီ၊ ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်ဖို့ဆိုတဲ့ဟာ ပါ/မပါ ဒါလေးပြန်ပြီးတော့ တင်ပြပေးပါ။ အကယ်လို့ လိုမယ်ဆိုလို့ရှိရင်လည်း ခုနက အသံဖိုင်ပါ ပြန်ပြီးတဲ့အခါမှာ ဖွင့်ပြီးတင်ပြပေးပါ။ ဒီထဲမှာဖြတ်ပြီးတော့ပဲ အဆိုကို အတည်ဖြစ်ဖို့/အတည်မဖြစ်ဖို့ဆိုတာ ဒီလိုပဲဖြစ်နေပါတယ်။ ဦးအောင်ဇင် ပြန်လည်ပြီးတော့ နိဂုံးအပိုင်းမှာ အဆိုနှင့်ပတ်သက်ပြီးတော့ နိဂုံးအပိုင်းနှင့်ပတ်သက်လို့ ပါတယ်ဆိုရင် ပြန်တင်ပြပေးပါ။ ပြီးတဲ့အခါမှာ အသံဖိုင်လည်း အသင့်လုပ်ထားပါ။ အသံဖိုင်လည်း ပြန်ဖွင့်ပြပေးပါ။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ပါပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပါရင်ဖော်ပြပေးပါ။ ပါလား။ အဆိုပါလား။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အသံဖိုင်ဖွင့်ပေးလို့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အသံဖိုင်ဖွင့်ပါ။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ ဖတ်ပြလို့လည်းရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပြီ။ ပြီးတော့လည်း အသံဖိုင်ဖွင့်ပါမယ်။ ဖတ်ပါ။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ နောက်ဆုံးအပိုဒ်ကို ဖတ်ပြပါမယ်။ သို့ဖြစ်ပါ၍ အချိုးကျကိုယ်စားပြုစနစ်ကို ပြည်သူ့လွှတ်တော်အတွက်သာ ဖော်ဆောင်ကျင့်သုံးပြီး ပြည်ထောင်စုဖွဲ့စည်းတည်ရှိပုံပထဝီအနေအထားအရ တိုင်းဒေသကြီးများမှာသာကျင့်သုံးပြီး ပြည်နယ်များကို ယခင်စနစ်ဖြစ်သည့် FPTP သုံး၍ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကိုအခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဥပဒေတစ်ရပ်ပေါ်ပေါက်လာရန် လွှတ်တော်မှ ကျွန်တော့်၏အဆိုကို အတည်ပြုပေးရန် လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ ပြန်လည်သတိရနိုင်အောင် ကျွန်တော်တင်ပြပါ့မယ်။ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အများစု လက်မှတ်ရေးထိုးပြီး ဒီအဆိုနဲ့ပတ်သက်ပြီးတော့ PR

စနစ်ကျင့်သုံးမယ်ဆိုရင် ကန့်ကွက်တယ်ဆိုပြီးတော့ ကျွန်တော့်ဆီစာရေးတင်ပါတယ်။ စာရေးတင်တဲ့အခါမှာ ပါတီခေါင်းဆောင်များကို ဖိတ်ပြီးတဲ့အခါမှာ ကျွန်တော်ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော့်ရဲ့ဆွေးနွေးမှုကို ပြန်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ဒီနေ့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဟာ အရေးကြီးတယ်။ ကျွန်တော်တို့လွှတ်တော်အနေနဲ့လည်း ဒီဟာကို အဓိကထားဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားတွေပူပန်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးအတွက်ဆိုရင် ကျွန်တော်တို့ အလေးထားစဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်လာလို့ လွှတ်တော်မှာ ဆွေးနွေးမယ်ဆိုလို့ရှိရင် မျှမျှတတဖြစ်အောင် ကျွန်တော်ဆောင်ရွက်ပေးပါမယ်လို့ ကျွန်တော် ကတိပေး ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တင်လာတဲ့အဆိုကို ကျွန်တော် သေသေချာချာလေ့လာပြီးတဲ့အခါမှာ PR စနစ်ကို လွှတ်တော်ကနေပြီးတော့ ကျင့်သုံးဖို့ဆုံးဖြတ်မယ်ဆိုတာ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်လက်မခံပါဘူး။ ဘာကြောင့်လည်း ခုနကပြောသလိုပဲ PR စနစ်အပြင် PR စနစ်နဲ့ Parallel ဖြစ်တဲ့ FPTP စနစ်ကို ယှဉ်တွဲပြီးလုပ်ရင်လည်း လုပ်နိုင်တယ်ဆိုတဲ့အသိလည်းရှိပါတယ်။ အဲ့ဒီနည်းတူပဲ ရွေးကောက်ပွဲစနစ်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ထဲမှာပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဒီစနစ်ကို ကျင့်သုံးမယ်လို့ ဆုံးဖြတ်လိုက်တယ်ဆိုလို့ရှိရင်လည်း ဒါတရားမျှတမှုမရှိဘူးလို့ ကျွန်တော် ဒီလိုယူဆပါတယ်။ ရွေးကောက်ပွဲစနစ်ကို တကယ့်ပညာရှင်များ၊ ကျွမ်းကျင်သူများ အားလုံးပါဝင်ဆွေးနွေးမယ်။ ပြီးတဲ့အခါမှာ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ ခုနကပြောကြပါတယ်။ တိုင်းရင်းသားများက ဒါနဲ့ပတ်သက်လို့ စိုးရိမ်ပါတယ်။ တိုင်းရင်းသားဆိုတာ အခုပြောတဲ့တိုင်းရင်းသားတွေပဲ ဒီနေ့ဆွေးနွေးသွားတဲ့ တိုင်းရင်းသားတွေမှာ တိုင်းရင်းသားတွေပဲ ထဆွေးနွေးတာ ဒီစနစ်ကကောင်းပါတယ်လို့ ဒီလိုပြောတယ်။ ဒါကြောင့်မို့လို့ အားလုံးပါဝင်ဆွေးနွေးဆုံးဖြတ်ပြီးတော့မှ ဒီစနစ်ကို ကျွန်တော်တို့နိုင်ငံမှာ၊ ကျွန်တော်တို့နိုင်ငံမှတစ်ခါ၊ ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာ သို့မဟုတ် ဘယ်မှာကျင့်သုံးသင့်တယ်ဆိုတဲ့ဟာကို ကော်မရှင်ဖွဲ့စည်းပြီးတဲ့အခါမှာ ကော်မရှင်ရဲ့ အဆုံးအဖြတ်၊ အကြံပြုချက်ကို လွှတ်တော်ကိုတင်ပြမယ်။ လွှတ်တော်က အဲဒီအခါကျမှ အကျေအလည်နားထောင်ပြီးတဲ့အခါမှာ ဒီတင်ပြချက်တွေဟာ မှန်တယ်၊ သင့်မြတ်တယ်ဆိုတာကို လွှတ်တော်ကလက်ခံပြီး ဆွေးနွေးဆုံးဖြတ်လိုက်တဲ့အခါမှာ ဒီစနစ်ကိုကျင့်သုံးဖို့ဆိုရင် ကျွန်တော်တို့လွှတ်တော်မှာတော့ ပြီးသွားပြီ။ ဒါပေမယ့်လို့ ဒီစနစ်ကို ကျင့်သုံးတဲ့နေရာမှာ ဥပဒေတစ်ခုရှိဖို့လိုတယ်။ ဒီဥပဒေကျတဲ့အခါကျတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က

ပြဋ္ဌာန်းလို့မရဘူး။ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမယ်။ ပြည်ထောင်စုလွှတ်တော်ကို တင်ပြတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်က ဒီစနစ်အပေါ်ကို ကျင့်သုံးဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကသာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကစပြီးတော့က တိုင်းရင်းသားများကို ကတိပေးပြောခဲ့တာရှိပါတယ်။ ဒီတိုင်းပဲ အမြဲတမ်း ကျွန်တော် စဉ်းစားနေတာရှိပါတယ်။ ဒါဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မဖြစ်မနေလိုအပ်တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမဖြစ်မနေလိုအပ်တယ်။ အဲဒီအတိုင်းပဲ ခုနက တရားဥပဒေစိုးမိုးရေးနဲ့ပြည်တွင်းငြိမ်းချမ်းရေး မဖြစ်မနေလိုအပ်တယ်။ အဲ့ဒီအတွက် အထိခိုက်မခံနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလိုစနစ်ကို PR စနစ်ကို အခြေခံပြီးတော့ ရွေးကောက်ပွဲစနစ်ကို ပြည်သူ့လွှတ်တော်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှာ ဆောင်ရွက်ပါဆိုတဲ့အဆိုဆိုရင် ကျွန်တော်လက်မခံနိုင် ပါဘူး။ လက်ခံတာကဘာလဲဆိုတော့ ခုနက ဒီလိုဆောင်ရွက်တဲ့နေရာမှာ မျှမျှတတဖြစ်အောင် ကော်မတီ၊ ကော်မရှင်ဖွဲ့စည်းပြီးတဲ့အခါမှာ ကော်မတီ၊ ကော်မရှင်ရဲ့ သုံးသပ်အကြံပြုချက်ကို လွှတ်တော်က အဆုံးအဖြတ်ယူပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားလို့ မေးတဲ့နေရာမှာ အဆိုရဲ့နောက်ဆုံးပိုင်းဖြစ်တဲ့အတွက် ကော်မတီ၊ ကော်မရှင်ဖွဲ့စည်းပြီးဆောင်ရွက်ဖို့ဆိုတဲ့ဟာကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ထပ်ပြီးမေးပါမယ်။ အဆုံးပိုင်းကိုပဲပြောပါမယ်။ မြန်မာနိုင်ငံနှင့်သင့်တော်သော ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်နိုင်စေဖို့အတွက် ပြည်သူ့လွှတ်တော်အနေနဲ့ ကော်မတီ၊ ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်မယ့်အဆိုကို လွှတ်တော်အနေနဲ့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ဇင်ရဲ့အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ အထူးသဖြင့် ကျွန်တော် ဥက္ကဋ္ဌနှင့် ကျွန်တော်တို့လွှတ်တော်မှာ ဒီအရည်အချင်းပြည့်ဝတဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဒီမိုကရေစီထွန်းကားရေးနဲ့ တည်တံ့နိုင်ရေးအတွက် တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားဖြစ်ထွန်းဖို့အတွက် ဒီကော်မရှင်တစ်ခု ဖွဲ့စည်းဆောင်ရွက်သွားပါမယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေကို ပြည်သူ့လွှတ်တော်မှာ အဆုံးအဖြတ်ပေးရုံတင်မကဘဲနဲ့

ပြည်ထောင်စုလွှတ်တော်ကို တင်ပြဆောင်ရွက်သွားမယ်ဖြစ်တယ်ဆိုတဲ့အကြောင်းလည်း ထပ်ဆင့်ကြွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**